# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ခုနှစ် ၊ နယုန်လပြည့်ကျော် (၁၀) ရက် ၊ တနင်္လာနေ့ ၊ (1-7-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၆၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန် တရုတ်နိုင်ငံ၌ ကျင်းပသည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ် ချမှတ်ခဲ့သည့် နှစ်(၇၀)ပြည့်အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ



နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးသိန်းစိန်နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင် နိုင်ငံခြားရေးရာ ဗဟိုကော်မရှင်ရုံးညွှန်ကြားရေးမှူးနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဇွန် ၃၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ခေတ္တရောက်ရှိနေသော နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးသိန်းစိန်သည် ယမန်နေ့နံနက်ပိုင်းက ပေကျင်း မြို့ရှိ လင်ကွန်းကျောင်းတိုက်သို့ သွားရောက်၍ မြတ်ဗုဒ္ဓစွယ်တော်ကို ဖူးမြော်ကြည်ညိုပြီး လင်ကွန်း ကျောင်းတိုက်ကျောင်းထိုင်ဆရာတော် ချမ်းကျန့် အား ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးသိန်းစိန်သည် နေပြည်တော်မှ ပင့်ဆောင်လာ သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရုပ်ပွားတော်ငယ်ကို လှူဒါန်းခဲ့သည်။

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့**

| | | | | |
|---|---|---|---|---|
| ပညာသည်သာ အခရာ ဘဝတစ်သက်တာ ဆောင်းပါး စာမျက်နှာ - ၂၁ | မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီအသစ် ဖွဲ့စည်းရေးအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများ ဖိတ်ခေါ်ခြင်း စာမျက်နှာ - ၁၈ | ပြည်တွင်းဆန်ဈေးကွက်တွင် သင့်တင့် မျှတသည့် ဈေးကွက်ဈေးနှုန်းထက် ပိုမို၍ ဈေးနှုန်းမြှင့်တင် ရောင်းဝယ်နေသူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ စာမျက်နှာ - ၂၃ | ဧရာဝတီမြစ် ဒုတိယမြစ်ကျဉ်းတွင် ရေဝဲများ ဖြစ်ပေါ်နေခြင်းကြောင့် ရေယာဉ်များ အထူးဂရုပြုသွားလာရန် လိုဟုဆို စာမျက်နှာ - ၂ | စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ လျှင် ၅၃၈၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ စာမျက်နှာ - ၁၉ |




ရတနာပုံ
၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်
အယ်ဒီတာ့အာဘော်

# တိုင်းပြည်ကအားထားရမည့် နိုင်ငံ့သားကောင်းများ

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကိုထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)၊ (၂)၊ (၃)တို့ကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီဖြစ်သည်။

ယခုအခါ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ကိုယ်တိုင်ပါဝင်ထမ်းဆောင်နိုင်ရေးအတွက် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းပြီး သင်တန်းတက်ရောက်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲများကို ဇွန်လ ၂၈ ရက်တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပခဲ့ပါသည်။

ယခုကဲ့သို့ လေ့ကျင့်သင်ကြားခဲ့ကြရပြီး သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)မှ နိုင်ငံ့သားကောင်းစစ်သည်များအနေဖြင့် အဖွဲ့အစည်းစိတ်ဓာတ်များ၊ အဖွဲ့အစည်းဖြင့် စည်းစနစ်ကျနစွာလုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ၊ ရဲဘော်ရဲဘက်စိတ်နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ်များရရှိခဲ့ကြပြီး တာဝန်ကျရာတပ်ရင်းတပ်ဖွဲ့အသီးသီးသို့သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို လေးစားဂုဏ်ယူစွာထမ်းဆောင်ကြတော့မည်ဖြစ်ရာ တိုင်းပြည်ကအားထားရမည့် နိုင်ငံ့သားကောင်းများပေါ်ထွက်လာတော့မည်ဖြစ်ပေသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ်(၂၇/၂၀၁၀)ဖြင့်ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ယင်းဥပဒေကိုသက်ဝင်အာဏာတည်စေခဲ့သည်။ ထို့နောက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ ပြည်သူ့စစ်မှုထမ်းသင်တန်းတက်ရောက်ရန်အတွက် ဆင့်ခေါ်ခဲ့ရာ လူငယ်များစွာသည် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းဝင်ရောက်လာကြရာ အလွန်ပင်ဂုဏ်ယူစရာကောင်းလှပေသည်။

ထိုကဲ့သို့ မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းလာကြသူများအနက် သင်တန်းတက်ရောက်ရန် အရည်အချင်းကိုက်ညီသူများကိုစုဖွဲ့၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)၊ (၂)၊ (၃)တို့ကို တက်ရောက်ရခြင်းဖြစ်သည်။ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းခဲ့ပြီဖြစ်၍ နိုင်ငံ့သားကောင်းစစ်သည်များအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ကြတော့မည်ဖြစ်ပေသည်။

သို့ဖြစ်ရာ လူငယ်များအနေဖြင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးတွင် စစ်ပညာရပ်များကိုသင်ယူနေကြသကဲ့သို့ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁) သင်တန်းတက်ရောက်ခဲ့ကြသည့် နိုင်ငံ့သားကောင်းစစ်သည်များအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးအတွက် တာဝန်ထမ်းဆောင်ကြတော့မည်ဖြစ်သောကြောင့် တိုင်းပြည်အတွက် အားထားရမည့် နိုင်ငံ့သားကောင်းများဖြစ်လာမည်ဟု ယုံကြည်ပါကြောင်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဇွန် ၃၀**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၁၇၉၃၉ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နယ်စုံက ဘုရားဖူးတွေလာရောက် ဖူးမြော်ကြပါတယ်။ ရာသီဥတု ပူပြင်းတဲ့အခါမှာလဲ ဘုရားဖူးတွေက နားနေဆောင်မှာ အပန်းဖြေကြပြီးတော့မှ ဘုရားဖူးကြတာကိုတွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးတွေမှာလဲ ဝင်ရောက်လိမ်းခြယ်သူတွေနဲ့စည်ကားနေပါတယ်။ ဘုရားဖူးတွေက လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြပါတယ်။ အမှတ်တရ ပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု ဝေဠုဝန်ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၀၀၇ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၁၅၃၄၈ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၅၈၄ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# ဧရာဝတီမြစ် ဒုတိယမြစ်ကျဉ်းတွင် ရေဝဲများဖြစ်ပေါ်နေခြင်းကြောင့် ရေယာဉ်များ အထူးဂရုပြုသွားလာရန်လိုဟုဆို

**မန္တလေး ဇွန် ၃၀**

ဧရာဝတီမြစ်အတွင်း ဒုတိယမြစ်ကျဉ်းတွင် ဇွန်လ နောက်ဆုံးပတ်မှစ၍ ရေဝဲများဖြစ်ပေါ်နေခြင်းကြောင့် ရေယာဉ်များအထူးဂရုပြုသွားလာရန် လိုအပ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ- ၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ဧရာဝတီမြစ်အတွင်း ရေများချိန်ကာလသို့ရောက်ရှိနေသည့်အတွက် မန္တလေးဆိပ်ကမ်းမှသွားလာမည့် ခရီးသည်တင်ရေယာဉ်များအပါအဝင် ကုန်တင်ရေယာဉ်များအနေဖြင့် မန္တလေးမှ ဗန်းမော်ဘက်သို့ သွားလာရာတွင် ဒုတိယမြစ်ကျဉ်းဖြစ်သည့် ရွှေကူမြို့နယ်အတွင်း ရေဝဲများဖြစ်ပေါ်နေခြင်းကြောင့် ရေယာဉ်များ အန္တရာယ်ရှိနိုင်သဖြင့် အထူးသတိပြုသွားလာရန်လိုအပ်ကြောင်း သိရသည်။

"ဇွန်လ နောက်ဆုံးပတ်ကစပြီး ဧရာဝတီမြစ်အတွင်း မြစ်ရေတော်တော်လေး များလာပါတယ်။ မန္တလေးဘက်ကတော့ ရေတက်တာမသိသာပေမဲ့ အထက်ဘက်မှာ ဒုတိယမြစ်ကျဉ်းဖြစ်တဲ့ ရွှေကူမြို့နယ်မှာ ရေတော်တော်လေးများနေပါတယ်။ ရေများချိန်ကာလဖြစ်တာကြောင့် ဒုတိယမြစ်ကျဉ်းမှာ ရေဝဲတွေဖြစ်ပေါ်နေပါတယ်။ ဒီရေဝဲနေရာထဲ ရေယာဉ်တွေဖြတ်သန်းသွားလာမိရင် တော်တော်လေး အန္တရာယ်များနိုင်တယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ဧရာဝတီမြစ်အတွင်း မြစ်ရေပြန်လည်မြင့်တက်လာခြင်းကြောင့် ဒုတိယမြစ်ကျဉ်းအပြင် အချို့နေရာများတွင်လည်း ရေဝဲများဖြစ်ပေါ်နိုင်သဖြင့် မြစ်အတွင်းဖြတ်သန်းသွားလာနေသည့် ကုန်တင်ရေယာဉ်များနှင့် ခရီးသည်တင်ရေယာဉ်များ အထူးသတိပြုသွားလာကြရန်လိုအပ်ကြောင်း၊ အလားတူ မန္တလေးဆိပ်ကမ်းမှ ဗန်းမော်ဘက်သို့ သွားလာကြမည့်ရေယာဉ်များအနေဖြင့် အန္တရာယ်တစ်စုံတစ်ရာမဖြစ်စေရေး လမ်းညွှန်ပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကိုလည်း ဂရုပြုသွားလာကြရန်လိုအပ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးဈေးကွက်အတွင်း ဆိပ်ဖြူဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်နေ

**မန္တလေး ဇွန် ၃၀**

မန္တလေး ဈေးကွက်အတွင်း ဆိပ်ဖြူဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့်အာလူးပွဲရုံ ပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း ဇွန်လ နောက်ဆုံးပတ်မှစ၍ ဆိပ်ဖြူဘက်မှ ကြက်သွန်နီများကို ဆက်တိုက်အဝယ်လိုက်လျက်ရှိကြောင်း၊ ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ကြက်သွန်နီများကို ဝယ်ယူမှု များပြားလျက်ရှိကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ အခုလက်ရှိ ဆိပ်ဖြူဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို ကုန်သည်တွေ တော်တော်များများ ဝယ်ယူနေကြတယ်။ ဒါကြောင့် ပြည်တွင်းဈေးကွက်ထဲမှာ ဆိပ်ဖြူဘက်ကထွက်တဲ့ ကြက်သွန်နီတွေ အရောင်းအဝယ် ပြန်ကောင်းနေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ဆိပ်ဖြူဘက်မှထွက်ရှိသည့်ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၁၀၀ ခန့်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"မန္တလေးဈေးကွက်ကို အဝင်များတဲ့အထဲမှာ ဆိပ်ဖြူဘက်က ကြက်သွန်နီအပြင် တောင်သာနဲ့ ပခုက္ကူဘက်ကထွက်ရှိတဲ့ ကြက်သွန်နီတွေလဲပါပါတယ်။ ဆိပ်ဖြူဘက်က ကြက်သွန်နီကတော့ မန္တလေးဈေးကွက်ထဲမှာ အခုအရောင်းအဝယ်အကောင်းဆုံးအနေအထားမှာရှိတယ်။ မြင်းခြံနဲ့တောင်သာဘက်ကထွက်ရှိတဲ့ ကြက်သွန်နီတွေလဲ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ကျောက်တန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မလှိုင် ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျောက်တန်းကျေးရွာအုပ်စု ကျောက်တန်းကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ အကျုံးဝင်သော လုပ်ငန်းခွဲများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်က စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ကျောက်တန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**




မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ လမ်း ၉၀၊ ၃၃ လမ်း-၃၄ လမ်းကြားနေ ဦးမျိုးထွန်း-ဒေါ်ချိုဇင်ထွန်း မိသားစုက ဦးလှထွန်းအားရည်စူး၍ ကျောက်ကပ်ဆေးနေသော ဂိလာနသံဃာ၊ သီလရှင် ၁၀ ပါးအတွက် အလှူငွေကျပ် ၃၅၀၀၀၀ လှူဒါန်းရာ လက်ထောက်ဆရာဝန် ဒေါက်တာဦးညွန့်သန်းက လက်ခံရယူစဉ်။

# ပြည်ကြီးတံခွန်မြို့နယ် အမှတ် (၂၁) အခြေခံပညာအလယ်တန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး



**မန္တလေး ဇွန် ၃၀**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများဖွင့်လှစ်သင်ကြားလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရာတွင် အေးချမ်းပျော်ရွှင်စွာ၊ စိတ်ချမ်းမြေ့စွာသင်ယူနိုင်ရေး၊ ကျောင်းအင်္ဂါရပ်နှင့်အညီဖြစ်စေရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာစေရေးအတွက် ပြည်ကြီးတံခွန်မြို့နယ် အမှတ် (၂၁) အခြေခံပညာအလယ်တန်းကျောင်း၌ ဇွန် ၂၉ ရက် နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ကြရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါကျောင်းသို့ ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းဝင်းအတွင်း ချုံနွယ်၊ ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းနေမှု၊ ရေစီးရေလာကောင်းမွန်စေရေး အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းနေမှုများကို တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက စက်ယန္တရားတို့ဖြင့် တက်ညီလက်ညီ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးအတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မျိုးကျော်**

# ပေါက်တောမြို့နယ် တမန်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပေါက်တော ဇွန် ၃၀**

ရခိုင်ပြည်နယ် ... 

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တမန်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဇွန် ၂၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီလာစိုး၊ ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာဇော်မျိုးနှင့် တာဝန်ရှိသူများက တမန်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်ခြင်း ရှိ/မရှိ ကြည့်ရှုစစ်ဆေးပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အသင်းသား၊ အသင်းသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းပြသရာ ဒုတိယညွှန်ကြားရေးမှူးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

တမန်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားလုပ်ငန်းများလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၁၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၁ ဒသမ ၃၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၄၃၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၄၃၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် ဟင်းသီးဟင်းရွက် ဧက ၉၃၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မုံရွာမြို့နယ်အတွင်း ဟင်းသီးဟင်းရွက် ဧက ၉၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်၊ ခရမ်း စတဲ့သီးနှံတွေ စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ဟင်းသီးဟင်းရွက် စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်နှင့် စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း၊ ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)



# သတင်းစကားနဲ့ပြန်ကြားရေး

ချစ်နိုင်(စိတ်ပညာ)

**ယခင်တစ်ပတ်မှအဆက်**

**ပြန်ကြားရေးအတတ်**

ပြန်ကြားရေးဆိုတာက စည်းရုံးရေးဆိုလည်းဟုတ်၊ ရည်းစားစကားပြောတာလည်း တကယ်တော့ပြန်ကြားရေး။ မိန်းမတောင်းဖို့ မင်္ဂလာစကားပြောတာလည်း ပြန်ကြားရေး။

လူတစ်ယောက်က အခြားလူတစ်ယောက်ကို မိမိအလိုအတိုင်းလက်ခံလိုက်နာအောင် လုပ်တာဟာ ပြန်ကြားရေးသဘော အသိပေးဆွဲဆောင်တာပဲလေ။

အောင်မြင်ဖို့သာလိုရင်းပါ။ ပရိယာယ်များလေ မသိမသာနဲ့အောင်မြင်လေလေ။ ပါးနပ်လိမ္မာရမယ်။ ကျွမ်းကျင်လျှင်မြန်ရတယ်။

အဆင့်မြင့်နည်းပညာခေတ်ပဲ။ နည်းပညာအမြင့်ဆုံးတွေအသုံးပြုရပေမှာပဲ။ ဦးစားပေး။ တန်ပြန်ရေး။ နည်းပညာနဲ့ လိုက်လျောညီထွေ လျင်လျင်မြန်မြန်ပြောင်းလဲနိုင်ပါစေ။

ရသအနုပညာနဲ့ ခံစားမှုအာရုံနောက်သို့သာ အသိမဲ့စွာလိုက်ပါတတ်တဲ့လူသားရဲ့ သဘောသဘာဝအရ ချဉ်းကပ်မှုနည်းလမ်းအမျိုးမျိုးကို အသုံးပြုနေကြတာပဲ။

ယုံအောင်ပြောရင် ယုံတာပဲ။ ယုံအောင်ပြရင် ယုံတာပဲ။ မျက်လှည့်မှန်းမသိခင် သဘောကျနေတယ်။

နောက်မှသာ နောင်တရနေတာမျိုးရှိချင်ရှိပေလိမ့်မယ်။ အလိမ်ခံ၊ အညာခံ၊ အလှည့်စားခံနေကြရတာတော့ မီဒီယာအင်အားလွှမ်းမိုးအမျိုးမျိုးရဲ့ မိုးသီးမိုးပေါက်မှုသာဝါဒ ထိုးနှက်မှုများ။

ပြန်ကြားရေး၊ စည်းရုံးရေး၊ နိုင်ငံရေး၊ စစ်ရေးဆိုတာ မှန်မှန်မှားမှား၊ တရားတာဖြစ်ဖြစ်၊ မတရားတာဖြစ်ဖြစ်၊ ကျိုးကြောင်းဆီလျော်တာဖြစ်ဖြစ်၊ မဆီလျော်တာဖြစ်ဖြစ် သဘာဝကျကျ၊ မကျကျ၊ ထင်ယောင်ထင်မှား တွေဝေအောင်ဆွဲဆောင်ပြီး မှိုင်းတိုက်ရာကို လိုက်ပါမိကြတယ်။

၁၈ ရာစုနယ်ချဲ့တို့ရဲ့ လှည့်စားလိမ်ညာမှုအမျိုးမျိုးကို နိုင်ငံတကာသတင်းမီဒီယာ သမိုင်းစာမျက်နှာတွေမှာ မရေမတွက်နိုင်၊ သင်ခန်းစာယူစရာများစွာတွေ့ခဲ့ရပြီးပါပြီ။ အနီးကပ်လေ့လာဖို့ လိုအပ်ပါသေးတယ်။

အခုတင်ပြချက်က အင်မတန်တိမ်တဲ့ **"အပေါ်ယံ ဖော်ပြချက်"** မျှသာဖြစ်ပါတယ်။ သတင်းစကား၊ ပြန်ကြားရေး၊ မီဒီယာအကြောင်းက ကျယ်ဝန်းနက်နဲပါတယ်။

ဘယ်အရာမှ ထာဝရမတည်မြဲ၊ မခိုင်မာတဲ့သင်္ခါရလောကဓမ္မတာမှာ အတက်အကျ၊ အဆိုးအကောင်း၊ အကျိုးအပြစ်တွေကို မြင်အောင်ကြည့်ပြီး သိအောင်ဆက်လက်လေ့လာသင့်ပါတယ်။ ကြီးမားတဲ့အလင်းရောင်နဲ့ သက်ဆိုင်ရာလူ့အဖွဲ့အစည်းကို အကျိုးပြုတဲ့ ရှေ့က သူတို့ရဲ့လမ်းပြရှေ့ဆောင်မှုတွေ အမှန်အမှားတွေကို သင်ခန်းစာတွေ ယူနိုင်ရပါမယ်။ ဥပမာ-

(က) ဂျာမနီ နာဇီပါတီနဲ့ ဂိုဘဲလ်
(ခ) ဆိုဗီယက်ကွန်မြူနစ်ပါတီနဲ့ လီနင်
(ဂ) ဗီယက်နမ်ကွန်မြူနစ်ပါတီနဲ့ ဟိုချီမင်း
(ဃ) တရုတ်ကွန်မြူနစ်ပါတီနဲ့ မော်စီတုန်း
(င) စင်ကာပူနိုင်ငံနဲ့ ခေါင်းဆောင်လီကွမ်ယု
(စ) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနဲ့-
 (၁) ဦးစောဦး
 (၂) မောင်ချစ်လှိုင်၊ ကိုကိုမောင်(ခ) ကိုကိုမောင်ကြီး
 (၃) မောင်စူးစမ်း (ခ) ရဲဘော်ချမ်းအေး (ခ) ဗိုလ်တင်ရွှေ
(ဆ) ဖဆပလနဲ့ သခင်နု(သမိန်ဗရမ်း)
(ဇ) ဗကပနဲ့ သခင်သန်းထွန်း(သုပဏ္ဏက)

ဒါတွေကို ခြုံငုံနားလည်ထားရင် အလွဲအမှား နည်းပါးပါမယ်။

(ခေါင်းဆောင်မှုထဲမှာ ပြန်ကြားရေးစွမ်းရည်ဟာ အရေးပါတဲ့အောင်မြင်စေကြောင်း အချက်တစ်ရပ်ပါ။)

ကျွန်တော့်ကိုယ်တွေ့ (မှတအတွေ့အကြုံ)ကို သုတအနေနဲ့ တင်ပြရမယ်ဆိုရင် **"လူသာဝစေန"** မူဝါဒနဲ့ ဦးဆောင်ကွပ်ကဲခဲ့ရာ ထိရောက်အောင်မြင်ခဲ့ပါတယ်။ ဝန်ထမ်းတွေကို **စိတ်ဓာတ်၊ စည်းကမ်း၊ စေတနာနှင့်စွမ်းရည်**(ကျွမ်းကျင်မှု) ကောင်းကြစေဖို့ အလေးထားပြီး အဆက်မပြတ်လေ့ကျင့်ပျိုးထောင်ခဲ့ရာ တိုးတက်လာမှုသိသိသာသာရခဲ့ပါတယ်။ ရလဒ်တွေက တစ်ဦးချင်းကို "ရှင်သန်တက်ကြွနိုးထလှုပ်ရှား စွမ်းအားထက်မြက်၊ သွက်လက်ရှင်လန်း၊ အပင်ပန်းခံ၊ အားမာန်အပြည့်၊ သိမ်မွေ့သိသာ၊ ပျူငှာယဉ်ကျေး၊ ပြည်သူ့ဆက်ဆံရေး"ဆိုတဲ့ အချက် ၁၂ ချက်ကို ပြည့်စုံအောင်အားပေးခဲ့ရာ သူတို့ရဲ့စွမ်းဆောင်ရည် မြင့်မားလာမှုက ထူးခြားထင်ရှားခဲ့တော့ ကျွန်တော်လည်း ၂၀၀၀ ပြည့်နှစ်က စီမံထူးချွန်(ပထမအဆင့်) ဂုဏ်ပြုချီးမြှင့်ခံခဲ့ရဖူးပါတယ်။ (ကြွားဝါခြင်းမဟုတ်ပါ။ ဆရာစားမချန်ဘဲ အသုံးကျမှာမို့ စေတနာအရင်းခံနဲ့ မျှဝေတာပါ။)

"သင်ကိုယ်တိုင်ပင် သင့်ကိုယ်ထဲမှာ အဆက်မပြတ်တူးဖော်နေမယ်ဆိုရင် ကောင်းချီးသြဘာ ကျက်သရေဖြာတဲ့ ရေပန်းတစ်ခုဟာ အစဉ်သဖြင့် အဆင်သင့်ရှိနေပါတယ်။ သင်ကိုယ်တိုင်သာ နက်နက်တူးဖော်နေရပါမယ်"လို့ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၉၀၀ လောက်က ရောမဧကရာဇ်မားကပ်စ်အော်ရေးလီယပ်စ် အန်ထော်နီးနပ်စ်က ရေးသားခဲ့ဖူးပါတယ်။

အနှစ်ချုပ်ကတော့ ကိုယ်ကတော်ရင်ကိုယ့်ဘက် ပါမယ်။ သူကပိုတော်ရင် သူ့ဘက်ပါသွားမှာပဲ။ အွန်လိုင်းမီဒီယာတွေအပါအဝင် ကမ္ဘာတစ်ဝန်းလုံးမှာ အနောက်တိုင်းသတင်းဌာနတွေက လက်ဝါးကြီးအုပ် ကြီးစိုးလွှမ်းမိုးထားဆဲပါ။ သမိုင်းကိုသိ၊ ခေတ်ကိုကြည့်။

မိမိတို့တတ်နိုင်သမျှ စွမ်းရည်မြင့်မားပိုပိုကြိုးစားကြည့်ဖို့သာ။ ပြန်ကြားရေးကို မိမိတို့နိုင်ငံသားတိုင်းက ပြည်သူ့စစ်မဟာဗျူဟာအရ အမျိုးသမီးတွေ၊ ကလေးတွေကအစ နားလည်တတ်ကျွမ်းထားအောင် ကောင်းစွာပြုစုပျိုးထောင်လေ့ကျင့်သင်ကြားထားရမယ်။

"တောင်းလျှင် ပေးချင်အောင်တောင်း။
ရောင်းလျှင် ဝယ်ချင်အောင်ရောင်း။
ရေးလျှင် ဖတ်ချင်အောင်ရေးပါ"

အမေရိကန်စာရေးဆရာ ဒေးလ်ကာနက်ဂျီ (၁၈၈၈-၁၉၅၅) ရေးခဲ့ဖူးတာ၊ အသုံးချရမယ့်ပြန်ကြားရေးအတတ်ပညာပါပဲ။ လက်စွဲလမ်းညွှန်ဖြစ်ပါတယ်။

သဘောတရားလည်းမှန်ရမယ်။ လက်တွေ့ကျင့်သုံးမှုလည်းမှန်ရမယ်။ သုတအတွေ့အကြုံနဲ့ မှတအတွေ့အကြုံပေါင်းစပ်ပြီး အကောင်းဆုံးစွမ်းဆောင်နိုင်အောင် ဖန်တီးလုပ်ဆောင်နေရပါမယ်။ ပညာရပ်ဆိုတာ ရှာဖွေလေလေတွေ့ရှိလေလေပါပဲ။ သုတေသနရှိပါစေ။ အမြင်ကျယ်မှ လုပ်ဆောင်ချက်က ထိရောက်တယ်။

**ကိုယ်စွမ်းဉာဏ်စွမ်း**

ဘော့ဘ်မိုး(Bob Moore)ဆိုတဲ့ အမေရိကန်တစ်ယောက်က ပြောပြတဲ့အတွေ့အကြုံတစ်ခုကို မျှဝေချင်ပါတယ်။ သူ့အတွေ့အကြုံက အမေရိကန်ကာရိုလိုင်းနားပြည်နယ် တောင်ပိုင်းမှာရှိတဲ့ ကောလိပ်တစ်ခုက သူ့ကျောင်းသူ ကျောင်းသားတွေနားထောင်ဖို့ စီစဉ်တဲ့ဟောပြောပွဲတစ်ခုဖိတ်လို့ နားထောင်ခဲ့တဲ့အကြောင်းပါ။

ကျောင်းခန်းမကြီးဟာ ကျောင်းသူ၊ ကျောင်းသားတွေနဲ့ပြည့်နေပြီး သူတို့လည်း ဟောပြောပွဲနားထောင်ဖို့ စိတ်တက်ကြွနေကြတဲ့ပုံပဲ။

မကြာခင်မှာ ဟောပြောပွဲစတင်ပါတယ်။

မြို့တော်ဝန်က စင်မြင့်ပေါ်တက်ပြီး အမှာစကားနည်းနည်းပြောတယ်။ သူ့စကားပြောပြီးတော့ ဟောပြောမယ့်သူ စင်ပေါ်တက်လာတယ်။ သူဟာ အသက် ၄၀ အရွယ် အမျိုးသမီးတစ်ဦးပါ။ သူ့ကို တစ်ခါမှမမြင်ဖူးကြဘူး။

ကျောင်းသူ ကျောင်းသားတွေဟာ သူကဘယ်သူလဲလို့ တစ်ယောက်နဲ့တစ်ယောက်တီးတိုးမေးကြတယ်။ ပွစိပွစိအသံလေးတွေထွက်လာတယ်။ ဒါပေမဲ့ သူတို့အားလုံးဟာ သူဘယ်သူလဲဆိုတာ လုံးဝမသိကြဘူး။ မြို့တော်ဝန်ကလည်း ပြောမသွားဘူး။

အမျိုးသမီးကြီးက စင်မြင့်ပေါ်မှာနေရာယူပြီးတာနဲ့ စင်အောက်က ကျောင်းသူ၊ ကျောင်းသား ပရိသတ်ကို မျက်စိတစ်ချက်ဝေ့ကြည့်လိုက်ပါတယ်။ ပြီးတော့ သူ့နာမည်နဲ့ သူဟာ ဘယ်သူဘယ်ဝါပါဆိုတာ မိတ်ဆက်တဲ့စကားကို လုံးဝမပြောဘဲ အခုလိုစကားစလိုက်တယ်။

"ကျွန်မဟာ ဆွံ့အနားမကြားတဲ့အမေက မွေးဖွားခဲ့ပါတယ်။ ကျွန်မဖေဖေဟာ ဘယ်သူဘယ်ဝါမှန်း ကျွန်မမသိခဲ့ရပါဘူး။ ကျွန်မပထမဆုံးလုပ်ရတဲ့အလုပ်ကတော့ ပူပြင်းလှတဲ့နေရောင်ကြကြအောက်မှာ ဝါစိုက်ခင်းထဲမှာ တစ်နေကုန်ဝါဂွမ်းဆွတ်ပေးရတာပါ။ အလွန်ပင်ပန်းဆင်းရဲခဲ့တဲ့ဘဝပါ။"

စကားတီးတိုးပြောနေကြတဲ့ပရိသတ်ဟာ ငြိမ်သက်တိတ်ဆိတ်သွားပါတယ်။ ကျောင်းသူ၊ ကျောင်းသားအားလုံး သူပြောတာကိုအာရုံစိုက်နားထောင်နေကြတယ်။ အမျိုးသမီးကြီးဟာ အခုလိုဆက်ပြောတယ်။

"တစ်ဦးတစ်ယောက်ဟာ သူမလိုလားတဲ့အခြေအနေမှာ အမြဲတမ်းနေနေဖို့မလိုပါဘူး။ သူလိုလားတဲ့အခြေအနေကိုရအောင် ကံကောင်းဖို့မလိုပါဘူး။ အခြေအနေပေးဖို့၊ အခွင့်အရေးရဖို့လည်းမလိုဘူး။ ကြိုးစားလုပ်ယူလို့ရပါတယ်။"

သူဟာ စကားပြောနေတဲ့လေသံကို အနည်းငယ်မျှ ပိုတိုးပြီး စောစောကပြောခဲ့တဲ့ စကားလေးကိုထပ်ပြောပြန်တယ်။ "တစ်ဦးတစ်ယောက်ဟာ သူမလိုလားတဲ့အခြေအနေမှာ အမြဲတမ်းနေနေဖို့မလိုပါဘူး။"

ပြီးတော့ သူဟာလေသံကိုမြှင့်ပြီး "လူတစ်ယောက်ဟာ သူကြုံတွေ့နေရတဲ့အခြေအနေမှာ မပျော်ဘူး၊ အဲဒီအခြေအနေကိုမကြိုက်ဘူးဆိုရင် "ငါဘယ်လိုအခြေအနေမျိုးမှာ ရောက်ချင်သလဲ" ဆိုတဲ့မေးခွန်းရဲ့ အဖြေကိုရှာရပါမယ်။ ပြီးရင်အဲဒီအခြေအနေရောက်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးစားပါ။ တကယ်ဖြစ်လာပါလိမ့်မယ်။"

ခန်းမတစ်ခုလုံးဟာ ငြိမ်သက်တိတ်ဆိတ်။

ဟောပြောသူကို အာရုံစိုက်ကြည့်နေ။

ကျောင်းသူ၊ ကျောင်းသားတွေကစိုက်ကြည့်နေရင်း သူကပြုံးလိုက်တယ်။ "မင်းတို့က ငါပြောတာမှန်ရဲ့လားလို့ သံသယဝင်နေကြမှာပဲ။ ဒီတော့ငါကသံသယရှင်းသွားပြီး ယုံကြည်အောင်အထောက်အထားပြပါမယ်။ ငါပြောတာမှန်၊ မမှန်စဉ်းစားလို့ရအောင် ငါ့ကိုယ်ငါမိတ်ဆက်ပေးပါ့မယ်။ ငါကအဇီတေလာ မော်တန် Azie Taylor Morton.

"ငါဟာလက်ရှိမှာ အမေရိကန်ပြည်ထောင်စုရဲ့ ဘဏ္ဍာရေးမှူး(Treasurer)တာဝန်ကို ထမ်းဆောင်နေပါတယ်" ပြည်ထောင်စုအစိုးရဘဏ္ဍာရေးမှူးဆိုတဲ့ ရာထူးဟာ ဝန်ကြီးရာထူးအဆင့်ထက်တောင်ပိုမြင့်ပါသေးတယ်။

**အရည်အသွေးကသာအဆုံးအဖြတ်**

ဒါကိုပြန်လည်ဖောက်သည်ချခဲ့တဲ့ ဘော့ဘ်မိုး အံ့ဩလွန်းလို့၊ ဒီလောကအတိဒုက္ခရောက်တဲ့ အောက်ဆုံးဆင်းရဲသားအဆင့်မှ ပြည်ထောင်စုဝန်ကြီးထက်မြင့်တဲ့ ထိပ်တန်းအဓိကရာထူးမျိုးကို အသက် ၄၀ ကျော်နဲ့ရောက်ခဲ့တဲ့ အမေရိကန်လူမည်းဘဏ္ဍာရေးမှူး ကိုယ်တိုင်ပြောတဲ့ကိုယ်တွေ့ဘဝဟာ ခိုင်မာထင်ရှားတဲ့ သက်သေ သာဓကပဲ။ အားတက်စရာ။

ဘာပဲလိုသလဲ။ မိမိရဲ့ရွေးချယ်မှုက-

"ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန် ကြိုးစားရမယ်"

သန်းခေါင်ထက်ညဥ့်မနက်နိုင်။

ဇွဲသတ္တိနဲ့ ရုန်းကန်ရမယ့်ကာလပါပဲ။

မကြာမီအရုဏ်လာတော့မှာပါ။

အရုဏ်တက်ခါနီးအချိန်ဟာ အမှောင်မိုက်ဆုံးအချိန်။

အမေရိကန်စိတ်ပညာပါမောက္ခဝီလျံဂျိမ်းစ်က ပြောပြခဲ့ဖူးတယ်။ လူအားလုံးလိုလိုဟာ မိမိမှာရှိတဲ့ စွမ်းဆောင်နိုင်စွမ်းရည်ရဲ့ ၁၀၀ ပုံ ရှစ်ပုံ သို့မဟုတ် ၁၀ ပုံ တစ်ပုံလေးလောက်သာထုတ်ပြီး အလုပ်လုပ်နေကြတာဖြစ်ပါတယ်တဲ့။

"မိမိမှာတကယ်ရှိတဲ့ ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိခေါ်တဲ့ ပညာဣဒ္ဓိပါဒ်ဆိုတဲ့ အဓိပတိတရားလေးပါးကိုသာ အပြည့်အဝအသုံးချရင် ဘယ်သူမဆို၊ ဘယ်လောက်ဆင်းရဲနိမ့်ကျတဲ့ဘဝမှ လာခဲ့ပါစေ ထိပ်ဆုံးရောက်အောင် အောင်မြင်တိုးတက်မှာကတော့ သေချာပါတယ်"တဲ့။ "တကယ်ဖြစ်ချင် တကယ်လုပ်၊ အဟုတ်ဖြစ်စရမယ်"လို့ ရုပ်ရှင်ဒါရိုက်တာ ဦးသုခ ပြောနေကျစကားပါပဲ။ အနိုင်အရှုံးဟာ ကိုယ့်အပေါ် မူတည်တယ်။

လေးစားပါတယ်။ ကျေးဇူးတင်ပါတယ်။

အောင်မြင်ကြပါစေခင်ဗျာ။

❖"တောင်းလျှင် ပေးချင်အောင်တောင်း။ ရောင်းလျှင် ဝယ်ချင်အောင်ရောင်း။ ရေးလျှင် ဖတ်ချင်အောင်ရေးပါ" အမေရိကန်စာရေးဆရာ ဒေးလ်ကာနက်ဂျီ(၁၈၈၈-၁၉၅၅)ရေးခဲ့ဖူးတာ၊ အသုံးချရမယ့်ပြန်ကြားရေးအတတ်ပညာပါပဲ။ လက်စွဲလမ်းညွှန်ဖြစ်ပါတယ်။ သဘောတရားလည်းမှန်ရမယ်။ လက်တွေ့ကျင့်သုံးမှုလည်းမှန်ရမယ်။ သုတအတွေ့အကြုံနဲ့ မှတအတွေ့အကြုံပေါင်းစပ်ပြီး အကောင်းဆုံးစွမ်းဆောင်နိုင်အောင် ဖန်တီးလုပ်ဆောင်နေရပါမယ်။ ပညာရပ်ဆိုတာ ရှာဖွေလေလေတွေ့ရှိလေလေပါပဲ။ သုတေသနရှိပါစေ။ အမြင်ကျယ်မှ လုပ်ဆောင်ချက်က ထိရောက်တယ်။❖

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# စာပေသည် လူ့ခွန်အား

- စာပေသည် ဖတ်ပါများ
နှလုံးသား ဖြူစင်ကြယ်၊
မိမိမှာ အတ္တစိတ်
မှေးမှိန်ပျောက်ကွယ်၊
မြင်သမျှ ချစ်စဖွယ်
အပြစ်ရယ် ရှောင်ပြေး၊
စာပေသည် မိတ်ဆွေကောင်း
ပေါင်းဖော်ပါလေး။

- စာများစွာ ဖတ်ကြားပေး
လူယဉ်ကျေးလိမ္မာ၊
ကိုယ်မူဟန် သွက်လက်
ထက်မြက်ဉာဏ်ဟာ၊
နှုတ်ထွက်စကား ချိုကြည်သာ
လူများစွာ ချစ်ခင်ကြ၊
မိမိကိုယ် ဉာဏ်ဖြင့်ထိန်း
အေးငြိမ်းဘဝ။

- အမှားအမှန် သုံးသပ်ပြ
စာပေက ခွဲခြားပေး၊
ရည်ရွယ်ရာ ပန်းတိုင်အရောက်
ငြိမ်းထောက်ပေးနေ၊
လောကရဲ့ ချစ်မိတ်ဆွေ
တန်ဖိုးတွေ လွန်ကြီးမား၊
လောကဝယ် လူဖြစ်မရှုံးဖို့
(လူသားတွေအတွက် စာပေသည်)
အကောင်းဆုံးခွန်အား။ ။

**ချစ်သက်(မြန်မာစာ)**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၂၀၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၂၀၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် နေကြာ ၁၂၃၆၆ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၂၀၇ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ နေကြာဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကျန်စိုက်ဧကတွေကိုလဲ ဆက်လက် စိုက်ပျိုးနေပါတယ်။ ပြည်ပကတင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် နေကြာသီးနှံစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသော ဈေးနှုန်းဖြင့်ရောင်းချပေးနိုင်ရေး စီမံဆောင်ရွက်ထားပြီး ထွက်ရှိလာသော နေကြာမျိုးများကိုလည်း တောင်သူမှတောင်သူ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# အုတ်ဖိုမြို့နယ် အုတ်သျှစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုတ်သျှစ်ကုန်းကျေးရွာအုပ်စု အုတ်သျှစ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် အုတ်သျှစ်ကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦးကို ငွေကျပ် ၅၂ ဒသမ ၆ သန်းနှင့်အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၄ သန်း စုစုပေါင်း အသင်းသူ၊ အသင်းသား ၆၉ ဦးကို ငွေကျပ် ၅၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# လားရှိုးမြို့နယ် နမ့်စံလွယ်ကျေးရွာကို ခေတ်မီစံပြကျေးရွာဆောင်ရွက်နိုင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**လားရှိုး ဇွန် ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်အိုင်ကျေးရွာအုပ်စု နမ့်စံလွယ်ကျေးရွာကို ခေတ်မီစံပြကျေးရွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက ခေတ်မီစံပြကျေးရွာနှင့်ပတ်သက်၍ ရှင်းလင်းရာတွင် ကျေးရွာအခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး၊ သွင်းအားစုများနှင့် ငွေကြေးဝန်ဆောင်မှုများ ပံ့ပိုးကူညီခြင်း၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေးမြင့်မားစေခြင်း၊ အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး စသည့် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးအဓိကလုပ်ငန်းများဖြင့် နမ့်စံလွယ်ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော နမ့်စံလွယ်ကျေးရွာမှ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ခေတ်မီစံပြကျေးရွာ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းစီမံချက်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ခေတ်မီစံပြကျေးရွာ အကောင်အထည်ဖော်ရေး ကော်မတီဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးသည်။

အခမ်းအနားသို့ လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်နိုင်**

# နိုင်ငံတကာ သတင်းများ

## မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်ဓာတ်ပုံပါ ရင်ထိုးများ တာဝန်ရှိသူများစတင်တပ်ဆင်

**ပြုံယမ်း ဇွန် ၂၀**

ဇွန် ၂၈ ရက်တွင် စတင်ကျင်းပခဲ့သည့် ကိုရီးယားအလုပ်သမားပါတီ ဗဟိုကော်မတီ မျက်နှာစုံညီ အစည်းအဝေးတွင် မြောက်ကိုရီးယား တာဝန်ရှိသူများသည် ခေါင်းဆောင်ကင်ဂျုံအန်ဓာတ်ပုံပါ ရင်ထိုးတံဆိပ်များကို စတင်တပ်ဆင်နေကြောင်း ယနေ့သတင်းများတွင် ရေးသား ဖော်ပြထားသည်။

မြောက်ကိုရီးယား အစိုးရပိုင် မီဒီယာများက ယနေ့တွင် ထုတ်ပြန်ထားသည့်ဓာတ်ပုံများတွင် မြောက်ကိုရီးယားတာဝန်ရှိသူများအနေဖြင့် ကင်ဂျုံအန်ဓာတ်ပုံပါရင်ထိုးတံဆိပ်များ တပ်ဆင်ထားသည်ကို တွေ့ရကြောင်း သိရသည်။

ဇွန် ၂၈ ရက် အလုပ်သမားပါတီဗဟိုကော်မတီ မျက်နှာစုံညီ အစည်းအဝေးတက်ရောက်လာသူများသည် ကုတ်အင်္ကျီညာဘက်ကော်လံစပ်တွင် အလုပ်သမားပါတီ အမှတ်တံဆိပ် ရင်ထိုးများ ထိုးထားပြီး ဘယ်ဘက်ရင်ဘတ်တွင် ကင်ဂျုံအန်ဓာတ်ပုံ ရင်ထိုးတံဆိပ်များတပ်ဆင်ထားခြင်းဖြစ်သည်။

လက်ရှိကျင်းပနေသည့် အလုပ်သမားပါတီဆွေးနွေးပွဲသည် အဋ္ဌမမြောက် ဗဟိုကော်မတီ၏ ဒသမ အကြိမ်မျက်နှာစုံညီအစည်းအဝေးဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရအာဘော် ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါမျက်နှာစုံညီ အစည်းအဝေးတွင်ယခုနှစ်ပထမခြောက်လတာအတွင်း အကောင်အထည်ဖော်ခဲ့သည့် လုပ်ငန်းအစီအမံများကို ပြန်လည် သုံးသပ်ခဲ့ကြကြောင်း သိရသည်။

ယခုနှစ်ဧပြီလကလည်း မြောက်ကိုရီးယားအစိုးရ မီဒီယာများသည် ကင်ဂျုံအန်ကိုချစ်ကြည်ရင်းနှီးရသောဖခင်ကြီး၊ မဟာခေါင်းဆောင်ကြီးအဖြစ် ဂုဏ်ပြုစပ်ဆိုထားသည့် ဝါဒဖြန့်တေးသီချင်းတစ်ပုဒ်ကိုလည်း ထုတ်လွှင့်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ပြင်သစ်၌ လွှတ်တော်ရွေးကောက်ပွဲများစတင်ကျင်းပ မဲဆန္ဒရှင်ပြည်သူများ ပါဝင်မဲပေး

**ပဲရစ် ဇွန် ၃၀**

ပြင်သစ်လွှတ်တော်ရွေးကောက်ပွဲ ပထမအကျော့ကို ယနေ့တွင် ကျင်းပခဲ့ရာ ပြင်သစ်မဲဆန္ဒရှင်ပြည်သူများ ပါဝင်မဲပေးခဲ့ကြသည်။

အဆိုပါရွေးကောက်ပွဲကြောင့် ပြင်သစ်နိုင်ငံ၌ ဒုတိယကမ္ဘာစစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် လက်ယာစွန်းအစိုးရအဖွဲ့ တစ်ဖွဲ့ပေါ်ထွက်လာနိုင်သည်။

ယခုလအတွင်း ကျင်းပခဲ့သည့် ဥရောပပါလီမန် ရွေးကောက်ပွဲများ၌ မရင်းလီပင်ဦးဆောင်သည့် လက်ယာစွန်းနိုင်ငံရေးခေါင်းဆောင်များအနိုင်ရခဲ့ပြီးနောက် ပြင်သစ်သမ္မတမက်ခရွန်က လွှတ်တော်ရွေးကောက်ပွဲများကို ပုံမှန်ထက်စော၍ ယနေ့တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

ပြင်သစ်လွှတ်တော်ရွေးကောက်ပွဲ ပထမအကျော့အတွက် မဲရုံများကို နံနက် ၆ နာရီတွင် ပြင်သစ်အစိုးရက စတင်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ပြင်သစ်လွှတ်တော်ရွေးကောက်ပွဲ ဒုတိယအကျော့ကို ဇူလိုင် ၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါရွေးကောက်ပွဲများတွင် ပြင်သစ်မဲဆန္ဒရှင်ပြည်သူများအနေဖြင့် လွှတ်တော်အမတ်နေရာ ၅၇၇ နေရာအတွက် လွှတ်တော်အမတ်သစ်များကို ရွေးချယ်ပေးရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



## ယူကရိန်းနှင့်ထိစပ်နေသည့် နယ်စပ်တစ်လျှောက်၌ လေကြောင်းရန်ကာကွယ်ရေးတပ်များ ဘီလာရုစ်အင်အားမြှင့်တင်



**မင့်စ် ဇွန် ၃၀**

ယူကရိန်းနှင့် ထိစပ်နေသော နယ်စပ်တစ်လျှောက်တွင်ဘီလာရုစ်နိုင်ငံက လေကြောင်းရန်ကာကွယ်ရေးတပ်များ အင်အားထပ်ဖြည့်ထားကြောင်း ဘီလာရုစ်ကာကွယ်ရေးဝန်ကြီးဌာနက ဇွန် ၂၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဘီလာရုစ်နယ်စပ်တစ်လျှောက်၌ ယူကရိန်းမောင်းသူမဲ့လေယာဉ်များ၏ လှုပ်ရှားမှုမြင့်တက်လာခြင်းကြောင့် အရေးပါသည့်အခြေခံအဆောက်အအုံများကို ကာကွယ်ရေးအတွက် လေကြောင်းရန်ကာကွယ်ရေးတပ်များကို အင်အားထပ်ဖြည့် ထားခြင်းဖြစ်ကြောင်း ဘီလာရုစ်စစ်ဘက်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံ ဘက်ခြမ်းမှ ကျော်ဖြတ် ဝင်ရောက်လာမည့် မောင်းသူမဲ့ လေယာဉ်တစ်စင်းကို ပစ်ချခဲ့ရကြောင်း ဘီလာရုစ်နိုင်ငံက ယခုရက်သတ္တပတ်အစောပိုင်းတွင် ပြောကြားထားသည်။

အဆိုပါ မောင်းသူမဲ့လေယာဉ်သည် ဘီလာရုစ်နယ်မြေဘက်ရှိ အရေးကြီးသောအခြေခံအဆောက်အအုံများနှင့်ပတ်သက်၍ သတင်းအချက်အလက်များရယူရန် ဝင်ရောက်လာခြင်း ဖြစ်ကြောင်း ဘီလာရုစ်တာဝန်ရှိသူများက ပြောကြားထားသည်။

ဘီလာရုစ်နိုင်ငံ အနေဖြင့် ပိုင်နက်နယ်မြေနှင့် ပြည်သူများ၏ အသက်အိုးအိမ်ကို ကာကွယ်ရေးအတွက် ရနိုင်သမျှအင်အားစုအားလုံးကို အသုံးပြုရန်အသင့်ရှိသည်ဟု ဘီလာရုစ်စစ်ဘက်က သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

ဘီလာရုစ်နိုင်ငံသည် ယူကရိန်းနှင့်စစ်ရေးပဋိပက္ခဖြစ်ပွားနေသော ရုရှားနိုင်ငံ၏ အဓိကမဟာမိတ်နိုင်ငံတစ်နိုင်ငံ ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ဆီဗက်စတိုပိုမြို့ကို ယူကရိန်းဘက်က အကြမ်းဖက်တိုက်ခိုက်

**မော်စကို ဇွန် ၃၀**

ယူကရိန်းက ဇွန်လ ၂၃ ရက်တွင် ရုရှားနိုင်ငံ ဆီဗက်စတိုပိုမြို့ပေါ် သို့ဒုံးကျည်များဖြင့် အကြမ်းဖက်တိုက်ခိုက်မှုလုပ်ဆောင်ကြောင်း သိရသည်။



အဆိုပါ တိုက်ခိုက်မှုတွင် ယူကရိန်းဘက်က အမေရိကန်က ထောက်ပံ့ပေးထားသော နည်းဗျူဟာမြောက် ATACMSဒုံးကျည်များကို ပဒေသာခဲယမ်းပါ ထိပ်ဖူးများ တပ်ဆင်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ယူကရိန်း၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့်ဆီဗက်စတိုပိုမြို့တွင် ငြိမ်းချမ်းစွာနေထိုင်နေသော ကလေးငယ်သုံးဦးအပါအဝင် ပြည်သူငါးဦးသေဆုံးကာ ဒဏ်ရာရရှိသူ ၁၅၀ အထိရှိသည်။

ယူကရိန်းဘက်ကပစ်ခတ်လိုက်သော ဒုံးကျည်ငါးစင်းအနက် လေးစင်းကို ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့က ကြားဖြတ်ပစ်ချလိုက်နိုင်သော်လည်းတစ်စင်းမှာ မြို့ပေါ်တွင်ပေါက်ကွဲသွားခြင်း ဖြစ်သည်။

ရုရှားနှင့် ဖြစ်ပွားနေသော ပဋိပက္ခတွင် ယူကရိန်းဘက်က မည်သည့်အောင်မြင်မှုကြီးကြီးမားမား မျှမရရှိသည့်အတွက် ရုရှားနိုင်ငံအတွင်း ငြိမ်းချမ်းစွာ နေထိုင်နေသော ပြည်သူများအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများလုပ်ဆောင်လာခြင်းဖြစ်သည်။

ယူကရိန်းအနေဖြင့် အမေရိကန်နိုင်ငံရှိ တာဝန်ရှိသူများထံမှ ခွင့်ပြုချက် ရရှိခြင်းကြောင့်သာ ယခုကဲ့သို့ ပြည်သူများကို ပစ်မှတ်ထားသည့် အကြမ်းဖက်တိုက်ခိုက်မှုကိုကျူးလွန်ရခြင်းဖြစ်သည်။

ယူကရိန်းနိုင်ငံသည် ၎င်းတို့ထံသို့ ထောက်ပံ့ပေးထားသော လက်နက်များဖြင့် ရုရှားပိုင်နက်နယ်မြေအတွင်းသို့ တိုက်ခိုက်နိုင်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ခွင့်ပြုထားသည်။

ထို့ပြင် အမေရိကန်စစ်ဘက်ကျွမ်းကျင်ပညာရှင်များက ပစ်ခတ်မှုစီမံချက်များချမှတ်ခြင်း၊ ဂြိုဟ်တုကင်းထောက်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရုရှားနယ်မြေအတွင်းရှိ ပစ်မှတ်များ၏ မြေပုံညွှန်းများကို ယူကရိန်းတပ်မတော်သို့ ပေးခြင်းတို့ကိုသာမကဒုံးကျည်များ၏ပျံသန်းမှုလမ်းကြောင်းများကိုပါတိုက်ရိုက်ကွပ်ကဲပေးလျက်ရှိသည်။

တစ်ချိန်တည်းမှာပင် အမေရိကန်အစိုးရသည် ပင်တဂွန်က ထောက်ပံ့ပေးထားသော ဒုံးကျည်များ၏စွမ်းဆောင်ရည်များကို သိရှိထားသော်လည်း ယခုဖြစ်ပွားသည့် အကြမ်းဖက်တိုက်ခိုက်မှုအခြေအနေကိုလုံးလုံးလျားလျား လျစ်လျူရှုထားသည်ကိုတွေ့ရသည်။

ထို့ပြင် ယူကရိန်းက အကြမ်းဖက်တိုက်ခိုက်မှု လုပ်ဆောင်သည့်အချိန်မှာ ခရစ်ယာန်ဘာသာဝင်များ၏ နေ့ထူးနေ့မြတ်များအနက် တစ်ခုဖြစ်သော Saint Trinity Sunday တွင်ဖြစ်သောကြောင့် ဘာသာရေးပြစ်မှုကို ကျူးလွန်ရန် ထိုနေ့ကို ရည်ရွယ်ချက်ရှိရှိ ရွေးချယ်ခြင်း ဖြစ်နိုင်သည်ဟု လေ့လာသူများက ပြောသည်။

**Ref: MOD of Russia**

## ညွန့်ပေါင်းအစိုးရအဖွဲ့သစ် ရာထူးများအတွက် တောင်အာဖရိကနိုင်ငံရေးပါတီများသဘောတူ

**ဂျိုဟန်နက်စဘတ် ဇွန် ၃၀**

ညွန့်ပေါင်း အစိုးရအဖွဲ့သစ် အစိုးရအဖွဲ့ဝင် ရာထူးနေရာများ ခန့်အပ်ရေးနှင့်ပတ်သက်၍သဘောတူညီချက်တစ်ရပ်ကို တောင်အာဖရိကနိုင်ငံရေးပါတီများ ရယူနိုင်တော့မည်ဖြစ်ကြောင်း တောင်အာဖရိကမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တောင်အာဖရိက မီဒီယာများ၏အဆိုအရ သမ္မတ ရာမာဖိုဆာ၏ အာဖရိကအမျိုးသား ကွန်ဂရက်ပါတီ(အေအင်န်စီ)နှင့် အဓိကအတိုက်အခံ ဒီမိုကရက်တစ်မဟာမိတ်ပါတီတို့အနေဖြင့် ညွန့်ပေါင်းအစိုးရအဖွဲ့ အစိုးရအဖွဲ့ဝင်ရာထူးနေရာများအတွက် သဘောတူညီချက်ရရှိထားကြောင်း သိရသည်။

သမ္မတရာမာဖိုဆာ၏အေအင်န်စီပါတီသည် ပြီးခဲ့သည့်မေလအတွင်းကျင်းပခဲ့သည့် လွှတ်တော်ရွေးကောက်ပွဲများတွင် နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် အမတ်နေရာအများစုဖြင့် ရပ်တည်နိုင်စွမ်း လက်လွှတ်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

သို့ဖြစ်ရာ အေအင်န်စီပါတီအနေဖြင့် တောင်အာဖရိက၏ ဒုတိယအကြီးဆုံးပါတီဖြစ်သော ဒီမိုကရက်တစ် မဟာမိတ်ပါတီနှင့် ပူးပေါင်း၍ ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန် ကြိုးစားခဲ့ရကြောင်း သိရသည်။

အေအင်န်စီပါတီနှင့် ဒီမိုကရက်တစ်မဟာမိတ်ပါတီတို့အနေဖြင့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေးအတွက် သဘောတူညီချက်ရခဲ့လျှင်ပင် အယူအဆရေးရာကွဲပြားမှုများကြောင့် မူဝါဒချမှတ်ရေးလုပ်ငန်းများ ထိခိုက်သွားနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## Space-X အာကာသနည်းပညာကုမ္ပဏီက အမေရိကန်အစိုးရ အမျိုးသားကင်းထောက်ရုံး၏ NR01-186 ဂြိုဟ်တုများကို လွှတ်တင်ခဲ့



**ဝါရှင်တန် ဇွန် ၃၀**

Space-X အာကာသနည်းပညာကုမ္ပဏီသည် အမေရိကန်အစိုးရ အမျိုးသားကင်းထောက်ရုံး၏ NR01-186 အမည်ရှိ ဂြိုဟ်တုများကို ဇွန် ၂၉ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

NR01-186 ဂြိုဟ်တုများကို သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် NR01-186 ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ခဲ့သည့် NR01-186 ဂြိုဟ်တုအရေအတွက်ကို Space-X ကုမ္ပဏီနှင့် အမေရိကန်အစိုးရ အမျိုးသား ကင်းထောက်ရုံးက ထုတ်ဖော်ပြောကြားခြင်း မရှိကြောင်း သိရသည်။

ဇွန် ၂၉ ရက် NR01-186 မစ်ရှင်သည် ဖယ်လ်ကွန်-၉ ဒုံးပျံများကိုအသုံးပြု၍ ယခုနှစ်အတွင်း လွှတ်တင်ခဲ့သော ၆၆ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်သည်။

၎င်းမစ်ရှင်များအနက် ၇၇ ခုတို့မှာ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုကွန်ရက်အတွက် လွှတ်တင်ခဲ့သည့် စတားလင့်ခ်ဂြိုဟ်တုမစ်ရှင်များဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်သို့ နှစ်စဉ်နှစ်တိုင်း ဘတ်စကတ်ဘောဘောလုံးအရွယ်ဥက္ကာခဲ ရာပေါင်းများစွာ ကျရောက်လေ့ရှိနေ

**ဝါရှင်တန် ဇွန် ၃၀**

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်သို့ နှစ်စဉ်နှစ်တိုင်း ဘတ်စကတ်ဘောဘောလုံးအရွယ်ဥက္ကာခဲ ရာပေါင်းများစွာ ကျရောက်လေ့ရှိနေကြောင်း သိပ္ပံပညာရှင်များက ဇွန် ၂၉ ရက်တွင် ပြောကြားသည်။

ထို့ပြင် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်သို့ ဥက္ကာခဲများ နှစ်စဉ်ကျရောက်မှုနှုန်းသည် ယခင်ခန့်မှန်းထားသည့်နှုန်းထက် ၁၀ ဆ ပိုမြင့်မားကြောင်း အမေရိကန်နိုင်ငံ ဘရောင်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ နှစ်စဉ်နှစ်တိုင်း အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်သို့ ဥက္ကာခဲအရေအတွက် ၂၈၀ နှင့် ၃၆၀ ကြား ကျရောက်လေ့ရှိကြောင်း သိရသည်။



အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်သို့ နှစ်စဉ်ကျရောက်နေသော ဥက္ကာခဲများသည် အရွယ်အစားအားဖြင့် အနည်းဆုံး ဘတ်စကတ်ဘောဘောလုံးအရွယ်မျှရှိပြီး ၎င်းဥက္ကာခဲများကြောင့် အချင်း ၂၆ ပေရှိ ဥက္ကာချိုင့်ဝှမ်းများ ပေါ်ထွက်လာခဲ့ရကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ Insight ဂြိုဟ်ဆင်းယာဉ်မှရရှိသော အချက်အလက်များကို အသုံးပြု၍ ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

Insight အင်္ဂါဂြိုဟ်ဆင်းယာဉ်၏ တာဝန်သည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ကုန်ဆုံးသွားပြီဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## နာဆာ၏ ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်၌ တပ်ဆင်ထားသည့် စူးစမ်းလေ့လာရေးစနစ်တစ်မျိုး ပုံမှန်အတိုင်းစူးစမ်းလေ့လာရေးလုပ်ငန်းများ ပြန်စတင်နိုင်

**ဝါရှင်တန် ဇွန် ၃၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်၌ တပ်ဆင်ထားသည့် စူးစမ်းလေ့လာရေးစနစ်တစ်မျိုးမှာ ပုံမှန်အတိုင်း စူးစမ်းလေ့လာရေးလုပ်ငန်းများ ပြန်စတင်နိုင်ပြီဖြစ်ကြောင်း ဇွန် ၂၉ ရက် သတင်းများအရ သိရသည်။

SHERLOC အမည်ရှိ အဆိုပါ စူးစမ်းလေ့လာရေး ကင်မရာစနစ်သည် မှန်ဘီလူးအပေါ် ဖုန်မှုန့်များကပ်နေမှုကြောင့် ခြောက်လခန့်ကြာမျှ စူးစမ်းလေ့လာရေးလုပ်ငန်းများ ရပ်တန့်နေခဲ့ရကြောင်း သိရသည်။

လက်ရှိအချိန်တွင် မှန်ဘီလူးပေါ်ရှိ ဖုန်မှုန့်များကို ခါထုတ်နိုင်ခဲ့ပြီဖြစ်ရာ SHERLOC ကင်မရာစနစ်အနေဖြင့် ပုံမှန်အခြေအနေပြန်ရောက်နေပြီဖြစ်သည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

SHERLOC ကင်မရာစနစ်သည် ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်၏ စက်ရုပ်လက်တံ၌ တပ်ဆင်ထားသည့် ကင်မရာစနစ်ဖြစ်ကြောင်း သိရသည်။

SHERLOC ကင်မရာစနစ်သည် ဓာတုဖွဲ့စည်းပုံများကို ဖော်ထုတ်ရာတွင် အသုံးပြုသည့် မော်လီကျူလာ တုန်ခါလှိုင်းများကို ရှာဖွေပေးသော ကင်မရာစနစ်ဖြစ်ကြောင်း သိရသည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အင်္ဂါဂြိုဟ် ဂျီဇီရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ ဆင်းသက်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## သက်ကြီးပိုင်းများ၌ နှလုံးအဆို့ရှင်ရောဂါများ ဖြစ်ပွားမှု ထင်မှတ်ထားသည်ထက် ပို၍မြင့်မား

**လန်ဒန် ဇွန် ၃၀**

သက်ကြီးပိုင်းများ၌ နှလုံးအဆို့ရှင်ရောဂါများဖြစ်ပွားမှုမှာ ထင်မှတ်ထားသည်ထက်ပို၍မြင့်မားကြောင်း သုတေသနပညာရှင်များက ဇွန် ၂၉ ရက်တွင် ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ အသက် ၆၀ အထက် ကျန်းမာရေးကောင်းမွန်သူ သက်ကြီးပိုင်းလေးပုံတစ်ပုံတွင် နှလုံးအဆို့ရှင်ရောဂါများ လူမသိ၊ သူမသိ ဖြစ်ပွားနေကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အသက် ၆၀ အထက် ကျန်းမာရေးကောင်းမွန်သူ သက်ကြီးပိုင်း ၂၈ ရာခိုင်နှုန်းတွင် နှလုံးအဆို့ရှင်ရောဂါ တစ်မျိုးမဟုတ်တစ်မျိုးရှိနေတတ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အထက်ပါသက်ကြီးပိုင်းများ၌ ဖြစ်ပွားသည့်နှလုံးအဆို့ရှင်ရောဂါများမှာ အပျော့စားလက္ခဏာများသာရှိသည့် ရောဂါပုံစံများဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

နှလုံးအဆို့ရှင်ရောဂါများသည် အသက်အရွယ် ပိုရလာလေလေ ဖြစ်နိုင်ခြေမြင့်မားလာ လေလေဖြစ်သည့်ရောဂါပုံစံများ ဖြစ်ကြကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် အသက် ၆၀ အထက် လူပေါင်း ၄၂၀၀ ကျော်ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ကလေးဘဝတွင် ညစ်ညမ်းသည့်လေထုလွှာနှင့်ထိတွေ့မှုများခဲ့သူများ၌ အဆုတ်လေပြွန်ရောင်ရောဂါဖြစ်နိုင်ခြေ မြင့်တက်နိုင်

**နယူးယောက် ဇွန် ၃၀**

ကလေးဘဝ၌ ညစ်ညမ်းသည့်လေထုလွှာနှင့် ထိတွေ့မှုများခဲ့သူများ၌ အရွယ်ရောက်လာချိန်တွင် အဆုတ်လေပြွန်ရောင်ရောဂါ (Bronchitis) ဖြစ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း ဇွန် ၂၉ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား တောင်ပိုင်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ အဆုတ်လေပြွန်ရောင်ရောဂါရှိနေသော လူငယ်များသည် ငယ်စဉ်ကလေးဘဝက ညစ်ညမ်းလေထုရှပ်မှုန်နှစ်မျိုးနှင့် ထိတွေ့မှုများခဲ့သူများဖြစ်နေတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူငယ် ၁၃၀၀ ကျော်၏ ကလေးဘဝကျန်းမာရေး မှတ်တမ်းများကို လေ့လာစိစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ လူငယ်များ၌ အဆုတ်လေပြွန်ရောင်ရောဂါဖြစ်နိုင်ခြေသည် ကလေးဘဝလေထုညစ်ညမ်းမှုပြဿနာနှင့် သိသိသာသာ ဆက်စပ်နေသည်ကို တွေ့ရကြောင်း သိရသည်။

ကလေးဘဝတွင် လေထုညစ်ညမ်းမှုပြဿနာဖြင့်ရင်ဆိုင်ခဲ့ရမှု၏ အသက်ရှူလမ်းကြောင်း စနစ်အပေါ် အကျိုးသက်ရောက်မှုသည် လူငယ်ဘဝရောက်ချိန်ထိ ဆက်လက် တည်တံ့နေဆဲဖြစ်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

အဆုတ်လေပြွန်လမ်းကြောင်း ရောင်ရမ်းချိန်တွင် အဆက်မပြတ်ချောင်းဆိုးခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူမဝခြင်း စသည့် လက္ခဏာများ ပေါ်လာတတ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**






# Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ

## အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား



**ရန်ကုန် ဇွန် ၃၀**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှ စတင်ပြီး MFF Futsal Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၈နာရီတွင် Jullniss FCအသင်းနှင့် Gold Dream FC အသင်းတို့ ကစားခဲ့ရာ သုံးဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ပြီး နံနက် ၉ နာရီခွဲတွင် King Cobra FC အသင်းနှင့် Team Tiger FC အသင်းတို့ ကစားခဲ့ရာ King Cobra FC အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီတွင် TGL FC အသင်းနှင့်Champion Team အသင်းတို့ကစားခဲ့ရာ Champion Team အသင်းက ၁၀ ဂိုး နှစ်ဂိုးဖြင့် လည်းကောင်း အသီးသီး အနိုင် ရရှိခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် Pyit Tine Htaung အသင်းနှင့် Team Starboyz အသင်းတို့ ကစားခဲ့ရာ Pyit Tine Htaung အသင်းက ကိုးဂိုး ခြောက်ဂိုးဖြင့် လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် Iconic FC အသင်းနှင့် YRG Youth FC အသင်းတို့ ကစားခဲ့ရာ YRG Youth FC အသင်းက ငါးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၃ နာရီခွဲတွင် Kyal Sin Linn FC အသင်းနှင့် Seven FC အသင်းတို့ကစားခဲ့ရာ Kyal Sin Linn FC အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ဇူလိုင် ၁ ရက် နံနက် ၈ နာရီတွင် FFU Youth အသင်းနှင့် VUC Athleticအသင်း၊ နံနက် ၉ နာရီခွဲတွင် Warm Brother FC အသင်းနှင့် Let Wel Youth အသင်း၊ နံနက် ၁၁ နာရီတွင် Moonhead Yangon အသင်းနှင့် Yankin Brotherhoodအသင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် Marga FC အသင်းနှင့် Gentel Guys အသင်း၊ မွန်းလွဲ ၂ နာရီတွင် RPG FC အသင်းနှင့် Black Cross Youth အသင်း၊ ညနေ ၃ နာရီတွင် Yankin Youth အသင်းနှင့် Taw Win Nan FC အသင်းတို့ ဆက်လက် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# တိုက်စစ်မှူး လာဆင်ကိုခေါ်ယူရန် ဝုဗ်အသင်း သဘောတူညီမှုရရှိ

**လန်ဒန် ဇွန် ၃၀**

ဝုဗ်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက လာလီဂါပြိုင်ပွဲတွင် ဆဲလ်တာဗီဂိုအသင်းနှင့် ခြေစွမ်းပြသနေသည့် တိုက်စစ်မှူး လာဆင်ကို ယူရို သန်း ၃၀ ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူးလာဆင်သည် ပြီးခဲ့သည့်ရာသီက ဆဲလ်တာဗီဂိုအသင်းအတွက် လာလီဂါသွင်းဂိုး ၁၃ ဂိုးထိ သွင်းယူ၍ ဖန်တီးမှု သုံးကြိမ်ပြုလုပ်နိုင်ခဲ့သည့်အတွက် ဝုဗ်အသင်း နည်းပြ ဂယ်ရီအိုနေးက လာဆင်၏ ခြေစွမ်းပိုင်းကို ယုံကြည်မှုရှိခဲ့ပြီး အသင်းတိုက်စစ်ပိုင်းကို မြှင့်တင်နိုင်ရန် ခေါ်ယူခဲ့ကြောင်း သိရသည်။

ဝုဗ်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပရီးမီးယားလိဂ် ပြိုင်ပွဲ ၃၈ ပွဲတွင် အသင်းတိုက်စစ်ပိုင်းက သွင်းဂိုး ၅၀ သာ သွင်းယူနိုင်ခဲ့ပြီး တန်ဆင်းသွားသည့် လူတန်အသင်းနှင့် ယှဉ်လျှင် တိုက်စစ်ပိုင်း ဂိုးအနည်းဆုံးဖြစ်ခဲ့သည့်အတွက် လာမည့်နှစ်တွင် တိုက်စစ်ပိုင်း ထက်မြက်ရေးအတွက် စီစဉ်လျက်ရှိပြီး လက်ရှိတွင် အဓိက တိုက်စစ်မှူး ကန်ဟာကလည်း အသင်းမှထွက်ခွာရန် စီစဉ်နေသောကြောင့် ၎င်းနေရာတွင် ဂိုးသွင်းခြေစွမ်း ထက်မြက်သည့် တိုက်စစ်မှူး လာဆင်နှင့် အစားထိုးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၄ နှစ်ရှိ လာဆင်သည် နော်ဝေကလပ် ဆာ့စ်ဘော့ အသင်းနှင့် ကစားသမားဘဝ စတင်ခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ်တွင် ဂရိုနင်ဂျန်အသင်းတွင် ကစားခဲ့ချိန်တွင် ခြေစွမ်းပြနိုင်ခဲ့သဖြင့် ဆဲလ်တာဗီဂိုအသင်းက ၂၀၂၂ ခုနှစ်တွင် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး အသင်းတွင်ကစားခဲ့သည့် ဘောလုံးရာသီနှစ်ရာသီတွင် သွင်းဂိုး ၁၈ ဂိုးနှင့် ဖန်တီးမှု ကိုးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သည်။

ဝုဗ်အသင်းသည် လက်ရှိ အပြောင်းအရွှေ့ကာလတွင် ကစားသမားဖြည့်တင်းမှုများ ပြုလုပ်ရန် ကြိုတင်ပြင်ဆင်လျက်ရှိပြီး ခံစစ်ကစားသမား ကေးမန်းသည်လည်း အသင်းမှ ထွက်ခွာနိုင်ဖွယ်ရှိသဖြင့် ၎င်းနေရာတွင် ကစားသမားတစ်ဦး ထပ်မံ ရှာဖွေလျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



# ယူရိုပြိုင်ပွဲ ၁၆ သင်းအဆင့်မှ လက်ရှိချန်ပီယံ အီတလီအသင်း ထွက်ခွာခဲ့ရ

**ရောမ ဇွန် ၃၀**

ယူရိုပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်ပွဲစဉ်တွင် ဆွစ်ဇာလန်အသင်းနှင့် အီတလီအသင်းတို့ တွေ့ဆုံခဲ့ရာ ဆွစ်ဇာလန်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် လက်ရှိချန်ပီယံ အီတလီအသင်းအနေဖြင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

အီတလီအသင်းသည် ဆွစ်ဇာလန်အသင်းနှင့်ပွဲစဉ်တွင် ကစားပုံပြောင်းလဲခဲ့ပြီး ၄-၃-၃ ကစားကွက်နှင့် ပွဲထွက်လာခဲ့သာကြောင့် ဆွစ်ဇာလန်အသင်း နည်းပြယာကင်က ကစားပုံပြောင်းလဲခဲ့သည့် အီတလီအသင်းကို အနိုင်ရမည်ဟု ယုံကြည်မှုရှိခဲ့ပြီး ပွဲစကတည်းက ကစားကွက်ပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သည့်အပြင် အီတလီအသင်း၏ တိုက်စစ်ဆင်မှုများကိုလည်း တားဆီးနိုင်ခဲ့ရာ ပွဲကစားချိန် ၃၇ မိနစ်အရောက်တွင် ဆွစ်ဇာလန်ကစားသမား ဖရော့လာက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဒုတိယပိုင်းတွင် နည်းပြစပယ်လက်တီက တိုက်စစ်ပိုင်းပြောင်းလဲမှုပြုလုပ်ခဲ့သော်လည်း အလုပ်မဖြစ်ခဲ့ဘဲ ပွဲအစ ၄၆ မိနစ်တွင် ဆွစ်ဇာလန်အသင်း၏တိုက်စစ်ကို မဟန့်တားနိုင်ဘဲ ဒုတိယဦးဆောင်ဂိုးပေးလိုက်ရပြီး နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်၍ ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။

ဆွစ်ဇာလန်အသင်းသည် ပြီးခဲ့သည့် ယူရို ၂၀၂၀ ပြိုင်ပွဲကလည်း ချန်ပီယံ ပြင်သစ်အသင်းကို ၁၆ သင်းအဆင့်တွင် အနိုင်ယူခဲ့သည့်အပြင် ယခုပြိုင်ပွဲတွင်လည်း လက်ရှိချန်ပီယံ အီတလီအသင်းကို အနိုင်ရခဲ့သောကြောင့် ဒုတိယအကြိမ် ချန်ပီယံအသင်းကို ၁၆ သင်းအဆင့်တွင် အနိုင်ယူခဲ့သည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ယူရိုပြိုင်ပွဲ ၁၆ သင်းအဆင့် အခြားပွဲစဉ်တွင် အိမ်ရှင်ဂျာမနီအသင်းက ဒိန်းမတ်အသင်းကို နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ယူ၍ ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- ကိုပါအမေရိကဖလား အုပ်စုနောက်ဆုံးပွဲစဉ်တွင် ချီလီအသင်းကို ဂိုးမရှိသရေကစားနိုင်ခဲ့သည့် ကနေဒါအသင်း ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။
- ပီရူးအသင်းနှင့်ပွဲစဉ်တွင် အာဂျင်တီးနားအသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး မာတီနက်ဇ်သည် သွင်းဂိုးလေးဂိုးထိ ရှိလာခဲ့သောကြောင့် ရွှေဖိနပ်ဆုရရှိရန် နီးစပ်လျက်ရှိသည်။
- ခံစစ်ကစားသမားအလွန်ဆို ဘာစီလိုနာအသင်းမှထွက်ခွာကြောင်း အသင်းတာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်။
- အေစီမီလန်အသင်းက ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမား ချူကွမ်မီကာကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။

**ML**

# လူငယ်ကစားသမား အာချီဂရေးကို ဘရန့်ဖို့ဒ်အသင်းခေါ်ယူ

**လန်ဒန် ဇွန် ၃၀**

ဘရန့်ဖို့ဒ် အသင်းသည် ချဲလ်ဆီးအသင်းက စိတ်ဝင်စားနေသည့် လိဒ်ယူနိုက်ကစားသမား အာချီဂရေးကို ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၃၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး လက်ဦးမှု ရယူနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၁၈ နှစ်ရှိ လိဒ်ယူနိုက် လူငယ်ကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက ကွင်းလယ်ပိုင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သဖြင့် ချန်ပီယံရှစ်တစ်နှစ်တာ လူငယ်အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ချဲလ်ဆီးအသင်းအပါအဝင် ဥရောပထိပ်သီးကလပ်များက ခေါ်ယူရန် အပြိုင်ကြိုးပမ်းခဲ့သည်။

အာချီဂရေးသည် လိဒ်အသင်းအား ချန်ပီယံရှစ်ပြိုင်ပွဲတွင် အဆင့်(၃)နေရာသို့ ပို့ဆောင်ပေးနိုင်ခဲ့ကာ အသင်းအနေဖြင့် ပရီးမီးယားလိဂ် တန်းတက်ခွင့်အတွက် play-off ကစားခွင့်ရခဲ့ပြီး ဗိုလ်လုပွဲစဉ်တွင် ဆောက်သမ်တန်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ချန်ပီယံရှစ်တွင်သာ ဆက်လက်ကျန်ရှိခဲ့ခြင်းဖြစ်သည်။

လူငယ်ကစားသမား အနေဖြင့် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဆက်လက်ကစားနေပါက ကစားသမားဘဝတိုးတက်မှုနှင့် အကောင်းဆုံးစွမ်းဆောင်နိုင်မှုများကို ပြသနိုင်ရန် ခက်ခဲမည်ကို စိုးရိမ်ခဲ့သောကြောင့် အသင်းပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ပြီး ပရီးမီးယားလိဂ်ကလပ် ဘရန့်ဖို့ဒ်



အသင်းသို့ပြောင်းရွှေ့ရန် စီစဉ်ခဲ့ကြောင်းသိရသည်။

လက်ရှိတွင် ဘရန့်ဖို့ဒ်အသင်းက ကစားသမားနှင့် အပြီးသတ်သဘောတူညီမှုရရှိခဲ့သဖြင့် ဆေးစစ်မှုပြုလုပ်ရန်ကျန်ရှိနေကာ ဆေးစစ်မှုအောင်မြင်ပါက တရားဝင် ထုတ်ပြန်ကြေညာမည် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် တတိယအကြိမ်မြောက် ဝူရှူး(ထောက်လု)ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ



**တောင်ကြီး ဇွန် ၃၀**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ရှမ်းပြည်နယ်ဝူရှူး (မိဘ၊ ဆရာ) အသင်းတို့ ပူးပေါင်းကျင်းပပြုလုပ်သော အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် တတိယအကြိမ်မြောက် ဝူရှူး(ထောက်လု)ပြိုင်ပွဲများနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး ပြည်နယ်လေ့ကျင့်ရေး အားကစားရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူဆွေ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဌေး၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်ဝူရှူး ဆပ်ကော်မတီအဖွဲ့ဝင်များ၊ ဝူရှူး(ထောက်လု) မိဘ၊ ဆရာ အသင်းဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် တတိယအကြိမ်မြောက် ဝူရှူး(ထောက်လု)ပြိုင်ပွဲများ ကျင်းပခဲ့ပြီးနောက် ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ ပြိုင်ပွဲအလိုက် ဆုရရှိကြသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူဆွေနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့ပြီးနောက် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**STA**

# Rocket Mortgage Classic ပြိုင်ပွဲ အမှတ်ပေးဇယားကို အာရွန်ရိုင်နှင့် ဘာတီယာတို့ ပူးတွဲဦးဆောင်

**ဒက်ထရိုက် ဇွန် ၃၀**

အမေရိကန်နိုင်ငံ ဒက်ထရွိုက်ပြည်နယ်တွင် ကျင်းပနေသည့် Rocket Mortgage Classic ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား အာရွန်ရိုင်နှင့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဘာတီယာတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ကင်မရွန်းယန်းနှင့် ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား ကင်မရွန်းဒါဗစ်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမား ဗန်ရိုယန်နှင့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား စတီဗင်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ဘာတီယာသည် ပထမနေ့မှစတင်၍ တတိယနေ့ပြီးဆုံးသည်အထိ ရလဒ်ကောင်းမွန်ခဲ့ပြီး ပုံစံကောင်းကို တောက်လျှောက်ထိန်းသိမ်းထားနိုင်ခဲ့သည့် ကစားသမားတစ်ဦးဖြစ်သည်။

အာရွန်ရိုင်က "တတိယနေ့အထိတော့ အကောင်းဆုံးကစားထားနိုင်ခဲ့တယ်။ နောက်ဆုံးနေ့မှာ ဘာတွေ ဖြစ်လာမလဲဆိုတာတော့ မပြောနိုင်သေးဘူး။ အကောင်းဆုံးကစားနိုင်မယ်လို့တော့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# ချဲလ်ဆီးအသင်းက လက်စတာအသင်းမှ ဒရူဘူရီဟောလ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိ



**လန်ဒန် ဇွန် ၃၀**

လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားခေါ်ယူမှု အများအပြားလုပ်ဆောင်လျက် ရှိနေသည့် ချဲလ်ဆီးအသင်းသည် လက်စတာအသင်းမှ ကွင်းလယ်ကစားသမား ဒရူဘူရီဟောလ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဖြင့် ခေါ်ယူရန်အတွက် သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားလေးဦးကို ရောင်းချခဲ့ပြီးနောက် ကစားသမား အင်အားဖြည့်တင်းမှုများ ပြုလုပ်လျက်ရှိနေပြီး ပါမီးယက်စ်အသင်းမှ လူငယ်ကစားသမား အက်စ်တီဗာအိုနှင့် အေဗီလာအသင်းမှ လူငယ်ကစားသမား ကယ်လီမန်းတို့ကို ခေါ်ယူနိုင်ခဲ့ပြီးနောက် ယခုအခါ ဒရူဘူရီဟောလ်ကိုပါ ထပ်မံခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

ဒရူဘူရီဟောလ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက လက်စတာအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ပြိုင်ပွဲစုံ ၄၉ ပွဲထိ ပါဝင်ကစားခွင့်ရရှိခဲ့ကာ ၁၂ ဂိုးသွင်းယူ၍ ဂိုးဖန်တီးမှု ၁၅ ကြိမ် ပြုလုပ်နိုင်ခဲ့ကာ အသင်းအဓိကကစားသမားအဖြစ် ခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် လက်ရှိ ချဲလ်ဆီးအသင်းနည်းပြ မာရက်စ်ကာက တပည့်ဟောင်းဖြစ်သူကို ချဲလ်ဆီးအသင်းထံ ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : STA**

# Commonwealth ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်ကို ကယ်လ်ဆယ် ဆွတ်ခူး

**ဘဲလ်ဖက် ဇွန် ၃၀**

Commonwealth ဖလိုင်းဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် ဗြိတိန်လက်ဝှေ့သမားများဖြစ်ကြသော ကယ်လ်ဆယ်နှင့် ကွန်နာကွင်းတို့ ဇွန် ၂၉ ရက်တွင် မြောက်အိုင်ယာလန်နိုင်ငံ ဘဲလ်ဖက်မြို့တွင် ထိုးသတ်ခဲ့ရာ ကယ်လ်ဆယ်က ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

ကွန်နာကွင်းအတွက် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ပထမဦးဆုံးသောရှုံးပွဲဖြင့် ရင်ဆိုင်ခဲ့ရပြီး ကယ်လ်ဆယ်အတွက် ရှုံးပွဲမရှိစံချိန်အား ဆက်လက်ထိန်းသိမ်းသွားနိုင်ခဲ့ခြင်းဖြစ်သည်။

အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် လီအဲဗရီးက(၁၁၄-၁၁၄) ရမှတ်ဖြင့် သရေရလဒ် သတ်မှတ်ခဲ့သော်လည်း အိုကွန်နာက (၁၁၅-၁၁၄)ရမှတ်ဖြင့် လည်းကောင်း၊ ရက်ဆဲလ်က (၁၁၆-၁၁၂)ရမှတ်ဖြင့်လည်းကောင်း ကယ်လ်ဆယ်အား အနိုင်ပေးသွားခဲ့သည်။

ရမှတ်ကွာဟမှု ကျဉ်းမြောင်းခဲ့ပြီး ကွန်နာကွင်းအတွက် ရှုံးပွဲမရှိမှတ်တမ်းကောင်းကို ဆုံးရှုံးလိုက်ရသည့်အပြင် ချန်ပီယံခါးပတ်ဆွတ်ခူးနိုင်မည့် အခွင့်အရေးဖြင့် လွဲချော်ခဲ့ရသည်။

ကယ်လ်ဆယ်သည် အစောပိုင်းအချိများ၌ ရမှတ်များရရှိမည့် ထိုးချက်များဖြင့် ကွန်နာကွင်းအား ဖိအားပေးနိုင်ခဲ့ပြီးနောက် နောက်ဆုံးအချိတွင် ရမှတ်ဖြင့်သာ အနိုင်ရရှိရေးအတွက် ကွန်နာကွင်း၏ ထိုးချက်များအား ရှောင်တိမ်းသွားခဲ့ပြီး အနိုင်ရလဒ်ကို ထိန်းသိမ်းသွားခဲ့သည်။

ကွန်နာကွင်း အနေဖြင့် နောက်ဆုံးအချိတွင် တစ်ဖက်သတ်ဖိအားပေး လိုက်လံထိုးသတ်ခဲ့သော်လည်း ကယ်လ်ဆယ်၏ အရှောင်အတိမ်းကောင်းမွန်မှုကြောင့် ရမှတ်များရရှိခဲ့ခြင်းမရှိသည့် အခြေအနေဖြင့် ရင်ဆိုင်ခဲ့ရကြောင်းသိရသည်။

**Ref : Xinhua**

**Trs : AZL**



# Eastbourne International တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆု တေလာဖရစ်ဇ်နှင့် ကာဆက်ကီနာတို့ဆွတ်ခူး

**အိစ်ဘုန်း ဇွန် ၃၀**

ဗြိတိန် အိစ်ဘုန်းမြို့တွင်ကျင်းပခဲ့သော Eastbourne International တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ပွဲစဉ်တွင် အမေရိကန် တင်းနစ်ကစားသမား တေလာဖရစ်ဇ်က ချန်ပီယံဆုကို ဆွတ်ခူးခဲ့ပြီး အမျိုးသမီးတစ်ဦးချင်း ပွဲစဉ်တွင် ရုရှားတင်းနစ်မယ် ကာဆက်ကီနာက ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တေလာဖရစ်ဇ်သည် ဗိုလ်လုပွဲစဉ်တွင် ဩစတြေးလျတင်းနစ်ကစားသမား ပါဆယ်လ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး တေလာဖရစ်ဇ်က (၆-၄၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး တေလာဖရစ်ဇ်ကသာ တစ်ဖက်သတ်ဖိအားပေး ကစားသွားနိုင်ခဲ့သည်။

တေလာဖရစ်ဇ်အတွက် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ATP Tour တွင် ပထမဦးဆုံးအကြိမ် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

တေလာဖရစ်ဇ်က "အင်္ဂလန်မြေမှာလာကစားတိုင်း ပုံစံကောင်းတစ်ခုပြသနိုင်ခဲ့တဲ့ မှတ်တမ်းကောင်းတွေရှိတယ်။ ဒီမှတ်တမ်းကို ဆက်လက် ထိန်းသိမ်းနိုင်ခဲ့တယ်။ ကျွန်တော့်အတွက် ATP Tour မှာ ချန်ပီယံဆုကို ပထမဦးဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့တာလဲ ဖြစ်ပါတယ်။ ဒီရက်သတ္တပတ်အတွင်းမှာ ပုံစံကောင်းတွေ ဆက်တိုက်ပြသနိုင်ခဲ့ပြီး ကစားသမားဘဝရဲ့ အကောင်းဆုံး လက်စွမ်းတွေကို ပြသနိုင်ခဲ့ပါတယ်" ဟု ပြောကြားခဲ့သည်။

အမျိုးသမီးတစ်ဦးချင်း ပွဲစဉ်တွင် ကာဆက်ကီနာသည် ဖာနန်ဒက်ဇ်အား (၆-၃၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ကာဆက်ကီနာသည် ဖာနန်ဒက်ဇ်နှင့် တွေ့ဆုံယှဉ်ပြိုင်ရတိုင်း ရလဒ်ကောင်းစွမ်းဆောင်နိုင်ခဲ့သည့် မှတ်တမ်းကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

ကာဆက်ကီနာအနေဖြင့် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ခုနစ်လုံးမြောက်ဆုဖလားကို ဆွတ်ခူးသွားနိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ်နောက်ပိုင်း ပထမဦးဆုံးသော ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းလည်း ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# ယူကရိန်းရဲ့ ကြွက်မနိုင် ကျီမီးနဲ့ရှို့သည့်လုပ်ရပ်ကို အမေရိကန်နှင့်အနောက်အုပ်စုတို့ နှုတ်ဆိတ်နေ



အမေရိကန်ဆိုတာ ကမ္ဘာပေါ်မှာတရားမျှတမှုကို အလိုလားဆုံးသော တိုင်းပြည်တစ်ပြည်အဖြစ် ကမ္ဘာ့မီဒီယာတွေမှာ သူတို့ကိုယ်သူတို့ ပုံဖော်ခဲ့ကြသည်။ ယခုလိုပုံဖော်လာသည်မှာလည်း အချိန်တော်တော်ကြာပြီဖြစ်သည်။ သို့ပေမယ့် ၎င်းတို့၏ မီဒီယာထက်မှာပုံဖော်မှုနဲ့ မြေပြင်ထက်က လုပ်ရပ်က ဆင်သေကိုဆိတ်သားရေနဲ့ ဖုံးနေသလိုဖြစ်နေသည်။ ၎င်းအခြေအနေကို စပြီးသတိထားမိသည်မှာ အရှေ့အလယ်ပိုင်းမှာ အမေရိကန်တို့ခြေရှုပ်စဉ်က ဖြစ်ပြီး ယင်းအချိန်တုန်းက ၎င်းတို့အပေါ် အကြမ်းဖက်တိုက်ခိုက်မှုကျူးလွန်သည့်အတွက် အကြမ်းဖက်မှုချေမှုန်းရေးလုပ်သည်ဟုဆိုကာ အများကယုံကြည်ခဲ့ကြသည်။ ယခုနောက်ပိုင်းတွင် အရင်လိုမဟုတ်တော့သည်မှာ မျက်ဝါးထင်ထင်ဖြစ်သည်။

အကြမ်းဖက်မှုချေမှုန်းရေးကိုခေါင်းစဉ်တပ်ပြီး အမေရိကန်ကိုယ်တိုင် အကြမ်းဖက်တိုက်ခိုက်မှုကျူးလွန်နေခဲ့သည်ကို အမေရိကန်မီဒီယာမဟုတ်သည့် အခြားမီဒီယာတွေမှာဖော်ပြမှသာ သိရတာမျိုးဖြစ်သည်။ ယခုအခါ အမေရိကန်တို့၏ အပြောတစ်မျိုး၊ အလုပ်တစ်မျိုးဆိုတဲ့ ရုပ်လုံးကြီးက ဘွင်းဘွင်းရှင်းရှင်းကြီးကို ပေါ်လာပြီဖြစ်သည်။ ယူကရိန်းက အမေရိကန်တို့ ပေးထားသည့်လက်နက်ကို အသုံးပြုပြီး ရုရှားပြည်သူတွေအပေါ် အကြမ်းဖက်တိုက်ခိုက်လိုက်တဲ့အခါမှာ ထင်ထင်ရှားရှားပေါ်လွင်သွားခဲ့သည်။ ၎င်းဖြစ်စဉ်ကို ပြန်ပြောင်းပြောရမယ်ဆိုရင် ဇွန်လ ၂၃ ရက်တွင် ယူကရိန်းဘက်က ရုရှားနိုင်ငံပိုင်နယ်မြေဖြစ်တဲ့ ဆီဗက်စတိုပိုမြို့ကို ဒုံးကျည်တွေနဲ့ပစ်တဲ့ဖြစ်စဉ်ဖြစ်သည်။ စုစုပေါင်း ဒုံးကျည်ငါးလုံးပစ်ခတ်ခဲ့ပြီး ၎င်းငါးလုံးထဲမှ တစ်လုံးသာကျရောက်ပေါက်ကွဲခဲ့ကာ ကျန်သည့် လေးလုံးမှာ ရုရှား၏လေကြောင်းရန်ကာကွယ်ရေး စနစ်တွေက ပစ်ချလိုက်နိုင်ခဲ့သည်ဟု သိရသည်။ ယူကရိန်းတို့က ပစ်လိုက်သည့်ဒုံးကျည်များသည် သမားရိုးကျထိပ်ဖူးတွေ တပ်ထားတာမဟုတ်ဘဲ နိုင်ငံတကာမှာ အသုံးပြုဖို့တားမြစ်ထားသည့် ပဒေသာခဲယမ်းတွေကိုတပ်ဆင်ပြီး ပစ်လိုက်ခြင်းဖြစ်သည်။ ဒီဖြစ်စဉ်ကိုကြည့်မည်ဆိုလျှင် ယူကရိန်းတို့၏ အကြင်နာမဲ့လုပ်ရပ်ကို ပေါ်လွင်စေသည်။ အဘယ်ကြောင့်ဆိုရသော် ၎င်းတို့၏ဒုံးကျည်ကျရာပစ်မှတ်နေရာသည် ပြည်သူတွေ လာရောက်အပန်းဖြေလေ့ရှိတဲ့ ကမ်းခြေဖြစ်နေတာကြောင့်ဖြစ်သည်။ အင်တာနက်မှာ မြင်တွေ့ရတဲ့ ဗီဒီယိုတစ်ခုမှာဆိုရင်လည်း ဒုံးကျည်ပေါက်ကွဲမှုကြောင့် ကမ်းခြေမှာ အပန်းဖြေနေတဲ့ ပြည်သူတွေ ဝရုန်းသုန်းကားနဲ့ထွက်ပြေးနေရတာကို ကမ္ဘာတစ်ဝန်းမြင်တွေ့ရမှာဖြစ်သည်။ အပြစ်မဲ့ ပြည်သူတို့ရဲ့ စိတ်ထဲမှာ ဘယ်လောက်ထိတောင်မှ ကြောက်နေလိမ့်မယ်ဆိုတာကို တွေးတောင်မတွေးရက်နိုင်အောင်ပင်ဖြစ်သည်။ ၎င်းတို့အနီးဝန်းကျင်သို့ ဒုံးကျည်ထိပ်ဖူးရဲ့အပိုင်းအစတွေက လာကျနေကြတာကို တွေ့ရမည်ဖြစ်သည်။

ယူကရိန်းတို့၏ အကြမ်းဖက်တိုက်ခိုက်မှုတွင် အပြစ်မဲ့တဲ့ကလေးငယ် သုံးဦးအပါအဝင် အရပ်သားငါးဦး သေဆုံးသွားခဲ့ပြီး ၁၅၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု ရုရှားနိုင်ငံကထုတ်ပြန်ထားသည်။ အခြားအချက်တစ်ခုက ယူကရိန်းတို့၏ အကြမ်းဖက်တိုက်ခိုက်မှုလုပ်သည့်အချိန် ရွေးချယ်မှုကိုကြည့်ရလျှင် အကြမ်းဖက်တိုက်ခိုက်မှုလုပ်သည့် ရက်က ခရစ်ယာန်ဘာသာဝင်များ အလေးအမြတ်ထားရာရက်တစ်ရက်ဖြစ်သည့် Saint Trinity Sunday ရက်ဖြစ်နေသည်ကို တွေ့ရမည်။ ၎င်းနေ့လိုအချိန်အခါကိုမှ လူသွားလူလာများသည့် ကမ်းခြေလိုနေရာမျိုးကိုရွေးပြီး ဒုံးကျည်တွေနဲ့ပစ်ခတ်တိုက်ခိုက်မှုလုပ်တယ်ဆိုတာကို ကြည့်ခြင်းအားဖြင့် ယူကရိန်းတို့ရဲ့ရက်စက်မှုက အထင်းသားပေါ်လွင်နေပြီး ယူကရိန်းတို့အနေဖြင့် ဘာသာရေးပြစ်မှု ကျူးလွန်ဖို့အတွက် ၎င်းနေ့ကိုပင် တမင်တကာရွေးထားသည်ဟုတောင်ထင်ရသည်။ ထိုလုပ်ရပ်ကြောင့်ဆိုလျှင်တော့ ယူကရိန်းတို့အပေါ်မှာထားသည့် ရုရှားနိုင်ငံသားများ၏အမုန်းနဲ့အငြိုးက ပိုမိုကြီးသွားတော့မှာဖြစ်သည်။ ထိုအကြမ်းဖက်တိုက်ခိုက်မှုတွင် သုံးသွားသည့်ဒုံးကျည်များသည် ဘယ်ကနေရသည်ဟု ထင်ပါသလဲ၊ အများသိသလိုထုံးစံအတိုင်း အမေရိကန်ဆီကရခြင်းပင်ဖြစ်သည်။ ATACMS နည်းဗျူဟာမြောက် အမြင့်ပျံဒုံးကျည်တွေကို သုံးသွားသည်ကိုတွေ့ရသည်။ အမေရိကန်က ယူကရိန်းကို ၎င်းပုံစံမျိုး ဒုံးကျည်တွေထောက်ပံ့ပေးရုံသာမကဘဲ စစ်ရေးနည်းပညာအကူအညီတော်တော်များများလည်း ပေးထားသေးသည်ကိုတွေ့ရသည်။ အဓိကကူညီပေးမှုတွေထဲမှာ ပစ်ခတ်မှုစီမံချက်တွေချမှတ်ခြင်း၊ ဂြိုဟ်တုကနေ ကင်းထောက်ပေးခြင်း၊ ရုရှားနယ်မြေအတွင်းမှာရှိတဲ့ ပစ်မှတ်များ၏ မြေပုံညွှန်းတွေကို ယူကရိန်းဆီပေးခြင်း၊ ဒုံးကျည်ပျံသန်းမှုလမ်းကြောင်းများကို တိုက်ရိုက်ကွပ်ကဲပေးခြင်းမျိုးတွေပါဝင်နေသည်ကိုတွေ့ရသည်။ ယခင်တုန်းကတော့ အမေရိကန်နဲ့ အနောက်အုပ်စုက သူတို့ထောက်ပံ့ပေးထားသည့်လက်နက်များကို ရုရှားနဲ့အပြန်အလှန်တိုက်ခိုက်မှုအတွင်းမှာပဲ အသုံးပြုခွင့်ပေးထားပြီး အထူးသဖြင့် စစ်မြေပြင်နေရာမှာပဲ အသုံးပြုပါဆိုပြီးပြောထားခြင်းဖြစ်သည်။ ယခုကျတော့ အမေရိကန်ဘက်က စစ်ဘောင်ကိုပိုချဲ့လိုက်တဲ့အနေအထားတွေ့မြင်ရပြီး ၎င်းတို့ပေးထားသည့် လက်နက်များဖြင့် ရုရှားနိုင်ငံအတွင်းပိုင်းအထိ တိုက်ခိုက်နိုင်သည်ဆိုပြီး ခွင့်ပြုလိုက်ခြင်းသည် တော်ရုံတန်ရုံအတွေးအခေါ်နဲ့တော့ ဆောင်ရွက်ခြင်းမဖြစ်နိုင်သည်ကို တွေ့မြင်ရသည်။

ဘာလုပ်ရင်ဘာဖြစ်မယ်ဆိုတာကို သူတို့အနေနဲ့ ကြိုတွေးပြီးသားဖြစ်ပြီး ယခုလိုမျိုးခွင့်ပြုလိုက်ခြင်းက ဒီလိုအခြေအနေကိုလိုချင်လို့ ဒီလိုလုပ်ခွင့်ပေးလိုက်တာဖြစ်သည်။ စစ်မြေပြင်လိုနေရာမဟုတ်ဘဲ ရုရှားနယ်မြေအတွင်းပိုင်းထဲကို ဒုံးကျည်တွေနဲ့ပစ်ခတ်မည်ဆိုလျှင် အရပ်သားတွေ သေကျေပျက်စီးမယ်ဆိုတာကို အမေရိကန်ကကောင်းကောင်းသိပြီး ဒီလိုမျိုးသိသိလျက်နဲ့ သူတို့ရဲ့လက်နက်တွေကို ရုရှားနယ်မြေထဲအထိ တိုက်ခိုက်ဖို့အသုံးပြုခွင့်ပေးလိုက်သည်ဆိုကတည်းက အမေရိကန်ဆိုတာ အကြမ်းဖက်တိုက်ခိုက်မှုကို အားပေးအားမြှောက်ပြုရာရောက်နေခြင်းဖြစ်သည်။ ယူကရိန်းတို့ကလည်း ဘာကြောင့် ယခုလိုမျိုးတိုက်ခိုက်ရသလဲဆိုလျှင် "ကြွက်မနိုင်

## ထက်မြတ်

ကျီမီးနဲ့ရှို့" ဆိုတဲ့စကားပုံကဲ့သို့ စစ်မြေပြင်တွင် ရုရှားကို မည်သည့်နေရာမှမနိုင်သည့်အခါ ငြိမ်းချမ်းစွာနေနေတဲ့ ရုရှားပြည်သူတွေကို ပစ်မှတ်ထားပြီး တိုက်ခိုက်လာခြင်းဖြစ်သည်။ ဆီဗက်စတိုပိုတိုက်ခိုက်မှုကို ပြန်ကြည့်မယ်ဆိုရင် အကြမ်းဖက်တိုက်ခိုက်မှုကို လုပ်တာက ယူကရိန်းဖြစ်ပြီး အကြမ်းဖက်တိုက်ခိုက်မှုလုပ်ဖို့အတွက် ထောက်ပံ့ပေးတာက အနောက်အုပ်စုဖြစ်သည်။ အထူးသဖြင့် အမေရိကန်က ဦးဆောင်ပေးခြင်းဖြစ်သည်။ တကယ်တော့ အမေရိကန်ဟာ ယူကရိန်းအနေနဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေလုပ်နိုင်အောင် သွေးထိုးမြှောက်ပင့်ပေးနေရုံသာမကဘဲ တခြားနိုင်ငံငယ်လေးတွေမှာလည်း အကြမ်းဖက်အဖွဲ့တွေကို ထောက်ပံ့မှုပေးနေသည်ကို တွေ့ရှိရသည်။ လက်တွေ့စဉ်းစားကြည့်လျှင် အရှေ့အလယ်ပိုင်းမှာ နေရပ်စွန့်ခွာရသူတွေများလာတယ်ဆိုတာကလည်း အမေရိကန်၏အကြမ်းဖက်အားပေးထောက်ပံ့မှုများကြောင့်ပင်ဖြစ်သည်။

အမေရိကန်ဟာ ကမ္ဘာပေါ်မှာ တရားမျှတမှုကို အလိုလားဆုံးသော တိုင်းပြည်တစ်ပြည်အဖြစ် ကမ္ဘာ့မီဒီယာအထက်မှာ ပုံဖော်နေကြောင်း အစောပိုင်းတုန်းက ကျွန်တော်တို့မြင်ခဲ့ရပြီး နောက်ဆုံးတွင် မည်သို့မျှဟန်ဆောင်၍မရသည့်အဆုံး အမေရိကန်တို့၏ ဟန်ဆောင်မျက်နှာဖုံးကြီးကွာကျသွားပြီး အကြမ်းဖက်တိုက်ခိုက်မှုကို အားပေးသောနိုင်ငံအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။ အမေရိကန်အစိုးရအနေဖြင့် ယခုလိုမျိုးလုပ်လိုက်လို့ ဘယ်လိုရလဒ်ထွက်လာစေမလဲဆိုလျှင် ကမ္ဘာ့စာမျက်နှာထက်မှာ အင်မတန်မှရွံစရာကောင်းတဲ့ နိုင်ငံတစ်နိုင်ငံအနေဖြင့်သာ ထွက်ပေါ်လာတော့မည်ဖြစ်သည်။ ယခုလိုအခြေအနေမျိုးကိုဆိုက်ရောက်စေတဲ့ ဂျိုးဘိုင်ဒင်အစိုးရရဲ့ ဆုံးဖြတ်ချက်တွေကိုလည်း အမေရိကန်ပြည်သူတွေက နှစ်သက်သဘောကျမည် မဟုတ်သည့်အတွက်ကြောင့် လာမည့်ရွေးကောက်ပွဲတွင် ဂျိုးဘိုင်ဒင်အနေဖြင့် ဝင်မပြိုင်ခြင်းက ပိုပြီးသိက္ခာရှိလိမ့်မည်ဖြစ်သည်။

ကျွန်တော့်ဆောင်းပါးကိုပြန်ကောက်ရမည်ဆိုလျှင် အခုဆီဗက်စတိုပိုဖြစ်စဉ်မှာ သေဆုံးသွားရတဲ့ ရုရှားပြည်သူတွေအတွက် ဝမ်းနည်းပါတယ်ဆိုတဲ့ စကားတစ်ခွန်းတောင် အမေရိကန်ဘက်က ထွက်မလာရုံတင်မက အနောက်အုပ်စုတစ်ခုလုံးကပါ တစ်ခွန်းတစ်ပါဒမှ ထွက်မလာသည်ကိုတွေ့ရသည်။ ယူကရိန်းတို့၏လုပ်ရပ်ကလည်း တစ်နည်းပြောရမယ်ဆိုရင် သူရဲဘောကြောင်ခြင်းဖြစ်ပြီး သူတို့ပစ်လိုက်သည့်ဒုံးကျည်တွေက စစ်ရေးပစ်မှတ်တစ်ခုခုကို ထိမှန်ခဲ့မည်ဆိုလျှင်တောင် ကြားကောင်းသေးသည်။ ယခုတော့ ကမ်းခြေမှာငြိမ်းချမ်းစွာနေနေကြတဲ့ ပြည်သူတွေအပေါ်ကိုမှ ဒုံးကျည်ကျရောက်လာသည့်အတွက် ရုရှားကလည်း ဒီအခြေအနေကို ဒီအတိုင်းလက်ပိုက်ကြည့်နေမှာမဟုတ်တာတော့ သေချာသည်။ တစ်နည်းနည်းဖြင့် လက်စားပြန်ချေမှုတော့ ရှိလာမည်ဖြစ်ပြီး ၎င်းလက်စားချေမှုကလည်း စစ်မြေပြင်မှာသာဖြစ်လိမ့်မည်ဟု မုချယုံကြည်ပါကြောင်း ရေးသားလိုက်ပါသည်။ ။

**Ref: Russian MOD**



# လှတောသားကွ ဖျားသွားမယ် ရုပ်ရှင်ဇာတ်ကား Premier Show ပွဲကျင်းပ



**ရန်ကုန် ဇွန် ၃၀**

ဆောင်းနှင်းရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် လှတောသားကွ ဖျားသွားမယ် ရုပ်ရှင်ဇာတ်ကား Premier Show ပွဲကို ဇွန် ၂၉ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတရုပ်ရှင်ရုံတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ဇော်ထွန်းက ပြောပြ၍ သိရသည်။

လှတောသားကွ ဖျားသွားမယ် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ ဇော်ထွန်းက ရေးသားထားပြီး ဒါရိုက်တာ ဇော်ထွန်းနှင့် မိုးနိုင်တို့က ဇာတ်ညွှန်းခွဲကာ ဆောင်းနှင်းရည် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ဇော်ထွန်းက တာဝန်ယူပုံဖော်ဖန်တီးထားကြောင်း သိရသည်။

"ကျွန်တော့်ရဲ့ အနုပညာသက်တမ်း နှစ် ၃၀ကျော်မှာ ပထမဦးဆုံး ရုံတင်ခွင့်ရရှိခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားပါ။ ကျွန်တော့်ဘဝအတွက် အင်မတန် ဝမ်းသာပီတိဖြစ်ရတဲ့ ဇာတ်ကားလဲဖြစ်ပါတယ်။ လှတောသားဆိုတဲ့အတိုင်း စကားလုံးတွေလှလှပပနဲ့ အကောင်းဆုံး ပုံဖော်ထားပါတယ်"လို့ ဒါရိုက်တာ ဇော်ထွန်းက ပြောပြသည်။

လှတောသားကွ ဖျားသွားမယ် ရုပ်ရှင်ဇာတ်ကား၏ Premier Show တွင် အဆိုတော်များဖြစ်သည့် ဗညားဟန်၊ ဂျေညီညီ၊ သဟာအောင်၊ ဖော်ဝေး၊ မင်းကို၊ သားဗိုလ်နိုင်တို့က ဇာတ်ဝင်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

လှတောသားကွ ဖျားသွားမယ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ရဲအောင်၊ နေထူးနိုင်၊ မင်းဘုန်းမြတ်၊ ညိမ်းသော်၊ ဗညားဟန်၊ မေမီကိုကို၊ ထက်ထက်ထွန်း၊ စုလှိုင်နှင်း၊ လင်းဇာနည်ဇော်၊ ပန်းအိန္ဒြေထက်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# တေးတစ္ဆေ ဇာတ်လမ်းတွဲကို HEY Play Application နှင့် HEY Play YouTube Channel မှ ထုတ်လွှင့်ပြသမည်

**ရန်ကုန် ဇွန် ၃၀**

တေးတစ္ဆေ ဇာတ်လမ်းတွဲကို ဇူလိုင်လပထမပတ်အတွင်း HEY Play Application နှင့် HEY Play YouTube Channel မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို တာဝန်ယူပုံဖော်ရိုက်ကူးထားသည့် ဒါရိုက်တာ သားညီက ပြောပြ၍ သိရသည်။

တေးတစ္ဆေ ဇာတ်လမ်းတွဲကို တေးသံရှင်အများစု ပါဝင်သရုပ်ဆောင်မည့် အလွမ်း၊အဆွေးဒရာမာပုံစံ Musical Series အဖြစ် မြင်တွေ့ရမည်ဖြစ်ပြီး တေးတစ္ဆေ ဇာတ်လမ်းတွဲ၏ ဇာတ်လမ်း ဇာတ်ညွှန်းကို ဒါရိုက်တာ ညိုမင်းလွင်က ရေးသားပြီး ဒါရိုက်တာ သားညီက HEY Play Application အတွက် ပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။




"မြန်မာနိုင်ငံမှာ ဒီလိုမျိုး ဇာတ်မျိုးက လက်ချိုး ရေတွက်လို့ရတယ်။ ကြိုတင်ပြင်ဆင်မှုတွေလဲ အများကြီးလုပ်ထားပါတယ်။ သီချင်းတွေ ကြိုသွင်းထားပါတယ်။ မြူးမြူးကြွကြွဘက်ထက် လွမ်းလွမ်းဆွေးဆွေးဘက်ကို ပိုသွားတဲ့ဇာတ်လေးပါ။ ဒရာမာဇာတ်လေးပါ။ အဆိုတော်တွေ အများကြီးပါတာမို့ ဇာတ်ဝင်တေးသီချင်းအသစ်တွေလဲ အများကြီးနားဆင်ရပါမယ်"ဟု ဒါရိုက်တာ သားညီက ပြောပြသည်။

တေးတစ္ဆေ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ထက်ယံ၊ အုပ်စိုးခန့်၊ နေထွဋ်၊ Jason Ace၊ Aladin၊ အေးမြဖြူ၊ မေလသံစဉ်၊ အမရာဘုန်း၊ ယွန်း၊ ဆုလှိုင်နှင့် အခြားအနုပညာရှင်များ ပါဝင်မည်ဖြစ်ပြီး အပိုင်း ၁၆ ပိုင်း ပါဝင်ကြောင်း သိရသည်။ ASH

# အာဂမင်းဂေါင် ရုပ်သံဇာတ်လမ်းတွဲ မိတ်ဆက်ပွဲ ပြုလုပ်

**ရန်ကုန် ဇွန် ၃၀**

အာဂမင်းဂေါင် ရုပ်သံဇာတ်လမ်းတွဲ မိတ်ဆက်ပွဲကို ဇွန် ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ M3 Food Center တွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါဇာတ်လမ်းတွဲကို တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ သီဟမင်းညီက ပြောပြ၍ သိရသည်။

အာဂမင်းဂေါင် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဖိုးကျော်(သန်လျင်)က ရေးသားထားပြီး ဒါရိုက်တာ သီဟမင်းညီနှင့် တွဲဖက်ဒါရိုက်တာ တိုးတက်အောင်တို့က ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။



"ကျွန်တော့်အနေနဲ့ ဂမ္ဘီရဆန်တဲ့ ဇာတ်တွေ ဟိုးအရင်ကတည်းက ရိုက်ကူးခဲ့တာလဲဖြစ်ပါတယ်။ ရှေးဘဝက ရန်သူ၊ ပစ္စုပ္ပန်က အမှောင်တိုက်တွေနဲ့ အရပ်ရှစ်မျက်နှာပြည့်နှက်နေတဲ့ ရန်သူတွေကြားက လူသားတွေကို ကယ်တင်ဖို့မွေးဖွားလာသူရယ်လို့ ကင်ပွန်းတပ်ခံရသူ အာဂမင်းဂေါင် ဇာတ်ကောင်လေး ဖန်တီးထားပါတယ်။ အရင်ရိုက်ထားတဲ့ဇာတ်တွေနဲ့လဲ မတူအောင် အကောင်းဆုံး တင်ဆက်ထားပါတယ်"ဟု ဒါရိုက်တာ သီဟမင်းညီက ပြောပြသည်။

အာဂမင်းဂေါင် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် စစ်နိုင်၊ လင်းအောင်၊ မင်းသူ၊ ကျော်ဇောဟိန်း၊ ဝါဝါမေမောင်၊ ခရစ္စတီးနား၊ ရွှေပိုးအိမ်၊ မှူးသခင်၊ ကျော်ဇင်ထွဋ်၊ ဒေါင်းဝေနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အဆိုပါဇာတ်လမ်းတွဲတွင် အပိုင်း ၁၈ ပိုင်းပါဝင်ပြီး M Entertainment ရုပ်သံလိုင်းနှင့် M Entertainment YouTube Channel တို့မှ ဇွန် ၂၉ ရက်မှစတင်ကာ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့တိုင်း ည ၇ နာရီတွင် ထုတ်လွှင့်ပြသလျက်ရှိကြောင်း သိရသည်။

ASH

# Thunderbolts ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများ ပြီးဆုံး

**နယူးယောက် ဇွန် ၃၀**

မာဗယ်စတူဒီယို၏ Thunderbolts ဇာတ်ကားရိုက်ကူးရေးလုပ်ငန်း ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း ဇွန် ၂၉ ရက် သတင်းများအရ သိရသည်။

Thunderbolts ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်း ပြီးဆုံးမှုကို ¤ င်းဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ထားသည့် မင်းသား ဒေးဗစ်ဟာဘာက အတည်ပြုခဲ့ခြင်းဖြစ်သည်။

Thunderbolts ဇာတ်ကားကို ဒါရိုက်တာ ဂျိတ်ရှရိုင်ရာက တာဝန်ယူရိုက်ကူးပေးထားပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ကာ့ဘူးဆိုက်နှင့် ယိုအာနာကာလိုတို့က ရေးသားပေးထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဒေးဗစ်ဟာဘာအပြင် မင်းသမီး ဖလောရင့်ပက်၊ ရာချယ်ဝိုက်နှင့် မင်းသား လူးဝစ်ပူးမင်းတို့လည်း ပါဝင်သရုပ်ဆောင်ထားသည်။

Thunderbolts ဇာတ်ကားကို ၂၀၂၅ ခုနှစ် မေ ၅ ရက်တွင် ရုံတင်ပြသရန် မာဗယ်စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

မာဗယ်စတူဒီယိုသည် လာမည့်နှစ်အတွင်း Thunderbolts ဇာတ်ကားအပြင် Captain America: Brave New World နှင့် Deadpool and Wolverine ဇာတ်ကားတို့ကိုလည်း ရုံတင်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# 28 Years Later ဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည် ပေါ်ထွက်လာ

**နယူးယောက် ဇွန် ၃၀**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ 28 Years Later ဇာတ်ကားအတွက် တရားဝင် ဇာတ်ကားနာမည် ပေါ်ထွက်လာကြောင်း ဇွန် ၂၉ ရက် သတင်းများအရ သိရသည်။

28 Years Later ၏ တရားဝင် ဇာတ်ကားနာမည်မှာ 28 Years Later Part-II The Bone Temple ဖြစ်ပြီး အဆိုပါဇာတ်ကားသည် 28 Years Later (2002) ထိတ်လန့်သည်းဖို ဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် 28 Days Later ဇာတ်ကားမှ မင်းသား စီလီယံမာဖီက အဓိကဇာတ်ကောင်အဖြစ် ပြန်လည်ပါဝင်ထားသည်။


28 Years Later Part-II ဇာတ်ကားကို ဒါရိုက်တာ ဒန်နီဘွိုင်းက တာဝန်ယူရိုက်ကူးပေးထားသည်။

ဆိုနီရုပ်ရှင်ကုမ္ပဏီသည် 28 Years Later ဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ်အဖြစ် အမေရိကန်ဒေါ်လာ ၇၅ သန်း သုံးစွဲထားကြောင်း သိရသည်။

28 Years Later ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဇွန် ၂၀ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Cooperative societies sell over 34,000 fertilizer bags worth 2.4 b kyats in April and May


Bags of fertilizer stored in a warehouse.

**Nay Pyi Taw June 30**

Cooperative societies have sold more than 34,000 fertilizer bags worth more than 2,400 million kyats in April and May of the fiscal year, according to reports from the Ministry of Cooperatives and Rural Development.

The Department of Cooperatives, under the Ministry of Cooperatives and Rural Development, has been distributing and selling inputs for the development of Myanmar's agricultural sector and for farmers to be able to carry out agricultural activities conveniently and to raise their socio-economic lives.

In the distribution and sale of the inputs, the cooperative societies are selling them to the farmers at a low price.

In the 2024-2025 FY, 34,177 bags of fertilizer worth 2,480.743 million kyats were distributed and sold in April and May.

These fertilizers were distributed and sold to 1,284 members from 62 cooperative societies in 12 townships in 4 regions and states in April and 4,856 members from 224 cooperative societies in 36 townships in 7 regions and states in May.

336

# More than 80,000 viss of rohu fish sent to Yangon market in May

**Bogale June 30**

A total of 87,000 viss of rohu fish were sent to Yangon market from Bogale Township of Ayeyawady Region in May, said Daw Khin Khin, owner of Bogale Township Marine Product Trading Centre.

Marine product brokerages in Bogale Township systematically processed marine products in proper packaging to be sent to Yangon market. In April, they sent 55,000 viss of marine products, compared with 87,000 viss in May.

Daw Khin Khin said: "We primarily send rohu fish and other marine products to Yangon market only. In May, Yangon market rose demand to purchase fish from Bogale. Due to good trading of marine products, local fishermen and those in chain of marine product production earn increased incomes for their families."

In sending rohu fish, it fetches K89,000 per 10 viss. Local fishermen and merchants send rohu fish to Yangon market once every five days. Kyaw Kyaw Lin


Rohu fish put in baskets for sale at a Yangon market.

# 2,476 acres of green gram successfully cultivated in Pwintphyu Township this monsoon season

**Pwintphyu June 30**

In Pwintphyu Township, Magway Region, 2,476 acres of green gram have been cultivated this monsoon season, according to Daw Moe Moe Wai, the head of the Pwintphyu Township Agriculture Department.

This year, the township planned to cultivate a total of 6,283 acres of green gram. Local farmers started planting in May, and as of today, 2,476 acres have been successfully cultivated.

"This monsoon season, the goal is to ensure local food security and increase farmers' incomes by cultivating 6,283 acres of green gram. Since May, local farmers have already cultivated 2,476 acres. To achieve good yields, we have been educating farmers on selecting high-quality seeds, preventing crop pests and diseases, and following systematic agricultural techniques," explained Daw Moe Moe Wai.

Every year during the monsoon season, local farmers in Pwintphyu Township rely on cultivating green gram, as well as other pulses such as pigeon pea and black gram, to increase their income. Last year, they planned to cultivate over 4,000 acres of green gram and ended up planting over 5,000 acres.

This year, the plan is to cultivate 6,283 acres, and as of today, 2,476 acres have already been planted, according to the Pwintbyu Township Agriculture Department.

Ye Win Naing (NyaungU)

# Wildfires erupt in W. Türkiye, neighborhood evacuated

**Istanbul June 30**

Wildfires broke out on Saturday in three locations across Türkiye's western province of Izmir, prompting evacuations of a number of residential homes.

According to the state-run TRT broadcaster, the fires originated in the districts of Menderes, Selcuk, and Cesme. Firefighters are actively combating the blaze under challenging windy conditions, using both aerial and ground interventions.

TRT reported that the whole Camonu neighborhood and several homes in the forest area of Menderes were evacuated due to their proximity to the flames.

Meanwhile, a fire in a grassy area led to the temporary closure of the highway connecting Izmir to the popular holiday resort of Cesme.

The blazes have also posed a threat to Selcuk, which is renowned for its ancient city of Ephesus, one of Türkiye's most visited tourist destinations.

Türkiye's Ministry of National Defense announced on social media platform X that three Cougar-type helicopters and two CH-47-type helicopters from the armed forces have been deployed to support ongoing firefighting efforts in Izmir.

Xinhua

# Xinhua Headlines: Iran's presidential election heads to runoff with reformist leading first round

**Tehran June 30**

After a highly-contested first round of presidential elections, Iran is set for a runoff vote on July 5, as none of the candidates have secured the required 50 percent of votes, Iran's Election Headquarters Spokesperson Mohsen Eslami said Saturday.

The results show that reformist Masoud Pezeshkian, Iran's former health minister, received more than 42 percent of the votes, while principlist Saeed Jalili, the former chief negotiator in the nuclear talks between Tehran and world powers, garnered over 38 percent of the total.

As per the Iranian constitution, a candidate wins the first round of the presidential election with an absolute majority of more than 50 percent. If no candidate reaches the threshold in the first round, a runoff election will be held on the Friday following the election day between the two candidates with the highest number of votes.

Analysts believe that regardless of who wins in the upcoming runoff, the key focus for Iran's next president will be navigating the economic challenges posed by Western sanctions, addressing heightened tensions with Israel, and enhancing ties with neighboring countries.

Xinhua


People vote at a polling station during Iran's presidential election in Tehran, Iran, June 28, 2024.

# Myanmar exports 488 metric tons of honey, earning $0.732 million in April-May 2024



A private beekeeping business.

**Nay Pyi Taw June 30**

In the fiscal year 2024-2025, during the two-month period of April and May, Myanmar exported 488.02 metric tons of honey, earning an export revenue of US$0.732 million, according to the Livestock and Veterinary Department, Apiculture Development Division.

During this period, the export of honey consisted of 28.02 metric tons via border trade and 460 metric tons through regular trade, totaling 488.02 metric tons, with an export revenue of $0.732 million.

"The honey exported this year includes not only the honey produced this year but also the honey produced last year, which was stored and then exported. The honey exported at this time is known as multi-floral honey, which includes honey collected from various flowers such as rubber and sesame flowers. This is why it is called multi-floral honey," said U Aye Lwin, Deputy Director of the Apiculture Development Division.

The main honey-producing region in Myanmar is the central region, particularly Magway Region, which has six township beekeeping stations and 78 private beekeepers, with over 13,000 beehives producing honey annually. Production includes 60% sesame and plum honey, 30% sunflower honey, and 10% multi-floral honey. Sunflower honey fetches the highest price in the export market, primarily exported to Japan, China, Korea, and Thailand.

Across Myanmar, there are nearly 900 beekeepers and around 100,000 beehives, producing approximately 3,000 to 4,500 metric tons of honey annually.

ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# About 17 Irrawaddy dolphins move to Indaung Village

**Mandalay June 30**

About 17 Irrawaddy dolphins have moved their habitat near Indaung Village of Ayeyawady River, said U Maung Maung Lay, Leader of the dolphin protection team of Mandalay Region Fisheries Department.

Officials from the team check the dolphins three times a month between Mandalay and Kyaukmyaung area of the dolphin protection segment. These dolphins inhabit near Indaung Village on 27 June.

"We check the dolphins in the protection area by boat on the morning of 27 June. We saw 17 dolphins near Indaung Village of Wetlet Township in Ayeyawady River," he explained.

Local people need to inform the protection team about finding calves of Irrawaddy dolphins in the protected area.



Several Irrawaddy dolphins being spotted in the Ayeyawady River.

According to the records, a total of 28 dolphins were seen between Mandalay and Kyaukmyaung section, 37 between Malei of Kanbalu Township and Shwegu Township of Kachin State and 14 more dolphins near Bhamo, totalling 79.

184

# Dedaye Township plans to grow more than 20,000 acres of monsoon in contract farming

**Dedaye June 30**

Local farmers will cultivate 20,600 acres of monsoon paddy under contract farming in Dedaye Township of Ayeyawady Region this monsoon, said U Zaw Min Tun, Head of Dedaye Township Agriculture Department.

Growing of paddy will start in the second week of July. In this regard, Agriculture Department, agricultural companies and local farmers will make collaborative efforts in growing 20,600 acres of monsoon paddy.

He explained: "Contract farming will much benefit local farmers. They will join hands with an agricultural company. The company subsidizes local farmers with loans, inputs such as quality paddy seeds and fertilizers. At present, both sides are carrying on their tasks in a smooth manner."

U Zaw Min Tun continued that contract farming system saves expenditure of cultivation. Local farmers can easily buy inputs for their farms. Company purchases paddy and crops at harvest time. Moreover, the company cooperates with local farmers in harvesting paddy and crops.

Kyaw Kyaw Lin



A monsoon paddy plantation.

# Govt. initiates bank loans for farmers to purchase farm equipment

**Mandalay June 30**

Farmers will be given loans to purchase and use 6 agricultural machinery with the assistance of Japan International Cooperation Agency (JICA) in this fiscal year, said U Aung Myo Than, Deputy Regional Manager of Myanma Agricultural Development Bank Branch in Mandalay Region.

In order for the farmers in the townships in the region to transform from manual farming to the mechanized farming system, the Myanma Agricultural Development Bank and JICA cooperated with the farmers in order to make the work of the farmers quick and smooth and to expand their business.

The loans will be provided to purchase tractors, threshing machine and other farm equipment according to the type of machine the farmers need.

"We are helping the farmers in the region to transform from the manual farming system that they have been working in for generations to the mechanized farming system. We are lending them with a low interest rate. We are lending a maximum of 70 million kyats for each farmer," he explained.

185

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## မြောက်ကိုရီးယားက ပဲ့ထိန်းဒုံးကျည်တစ်စင်းတည်းဖြင့် ထိပ်ဖူးများစွာသယ်ဆောင်ပစ်ခတ်နိုင်စွမ်းကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့



မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ ပဲ့ထိန်းဒုံးကျည်တစ်စင်းတည်းဖြင့် ထိပ်ဖူးများစွာ သယ်ဆောင်ပစ်ခတ်နိုင်စွမ်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း နိုင်ငံပိုင် KCNA သတင်းဌာနက ဇွန် ၂၇ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု The Defense Post သတင်းဌာနက ဇွန် ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မြောက်ကိုရီးယားသည် ဇွန် ၂၆ ရက်တွင် အဆိုပါထိပ်ဖူးတစ်ခုစီ၏ ဒုံးကျည်မှ ခွဲထွက်မှု၊ လမ်းညွှန်ထိန်းချုပ်လုပ်ဆောင်ရေးနှင့်ပတ်သက်၍ စမ်းသပ်မှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း၊ ခွဲထုတ်လိုက်သည့် မိုဘိုင်းထိပ်ဖူးများ(Mobile Warheads)သည် ကိုသြဒိနိတ်တည်နေရာ သုံးခုရှိ ပစ်မှတ်သုံးခုဆီသို့ မှန်ကန်စွာ လမ်းညွှန်ထားနိုင်ခဲ့ကြောင်းလည်း KCNA က အစီရင်ခံတင်ပြထားသည်။

အဆိုပါစမ်းသပ်မှုသည် Multiple Independently Targetable Reentry Vehicle (MIRV )စွမ်းရည်ကို သီးခြားလွတ်လပ်စွာ ပစ်မှတ်ထားတိုက်နိုင်ပြီး လေထုအတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်သည့် ယာဉ်နည်းပညာသည် ပဲ့ထိန်းဒုံးကျည် တစ်စင်းတည်းတွင် ထိပ်ဖူးများစွာ သယ်ဆောင်ပစ်ခတ်နိုင်သည့် စွမ်းရည်ကို ဆိုလိုခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ဇွန် ၁၉ ရက်တွင် အသံထက်မြန်သော ဒုံးကျည်ဟု ယူဆရသည့် ဟိုက်ပါဆောနစ်ဒုံးကျည် တစ်စင်းကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောကြားခဲ့ပြီးနောက် တစ်ရက်အကြာတွင် ယခုကဲ့သို့ စမ်းသပ်ပစ်ခတ်မှု ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ဒုံးကျည်သည် မြောက်ကိုရီးယားနိုင်ငံအတွင်း သို့မဟုတ် အနီးတစ်ဝိုက်ဧရိယာမှ နံနက် ၅ နာရီ မိနစ် ၃၀ ခန့်တွင် ပျံတက်ခဲ့ပြီး တောင်ကိုရီးယားနှင့် အမေရိကန်ထောက်လှမ်းရေးအေဂျင်စီများက အသေးစိတ်ခွဲခြမ်းစိတ်ဖြာဆန်းစစ်မှုများ ပြုလုပ်နေကြောင်း တောင်ကိုရီးယားရှိ ပူးတွဲစစ်ဦးစီးချုပ်ရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကီလိုမီတာ ၂၅၀ အကွာအဝေးအတွင်း အသံထက်မြန်သော ဟိုက်ပါဆောနစ်ဒုံးကျည်ဟုထင်ရသည့် မြောက်ကိုရီးယားတို့၏ ဒုံးကျည်ပစ်ခတ်စမ်းသပ်မှုမှာ အောင်မြင်မှုမရခဲ့ကြောင်း တောင်ကိုရီးယားဘက်က ထုတ်ပြောထားသည်။ ဒုံးကျည်များမှ ပုံမှန်ထက် မီးခိုးများပိုမိုထွက်ပေါ်ပြီး စမ်းသပ်ပစ်ခတ်မှုပိုင်းတွင် ချို့ယွင်းချက်ပြဿနာများ ဖြစ်နိုင်ခြေရှိကြောင်း ပူးတွဲစစ်ဦးစီးချုပ်ရုံးမှ တာဝန်ရှိသူ အရာရှိတစ်ဦးက ပြောကြားခဲ့သည်။ အရှေ့ပင်လယ်ဟုလည်းသိကြသော ဂျပန်ပင်လယ်အတွင်း ဒုံးကျည်ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း ဂျပန်နိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့က အတည်ပြုပြောကြားခဲ့ပြီးဒုံးကျည်ပစ်လွှတ်မှုကိုလည်း အတည်ပြုခဲ့သည်။

အဆိုပါစမ်းသပ်မှုသည် ကီလိုမီတာ ၁၇၀ မှ ၂၀၀ ကီလိုမီတာအတွင်း တာလတ်ပစ် အစိုင်အခဲလောင်စာသုံး ပဲ့ထိန်းဒုံးကျည်၏ ပထမအဆင့်အင်ဂျင်ကို အသုံးပြု၍ စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဒုံးကျည်မှ ခွဲထုတ်ထားသော လှည့်စားမှုယောင်ပြ (Decoy)၏ထိရောက်မှုကို လေကြောင်းရန်ကာကွယ်ရေးရေဒါမှ စစ်ဆေးအတည်ပြုနိုင်ခဲ့ကြောင်း KCNA သတင်းဌာန၏ အဆိုအရ သိရသည်။

**N.Korea Tests Ability to Fire Multiple Warheads on Single Ballistic Missile: KCNA ကိုဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းကြည်းတပ်၏ စစ်ဆင်ရေးဆိုင်ရာကြိုတင်သတိပေးနိုင်စွမ်းကို ဂျာမနီထုတ် LUNA NG ကင်းထောက်ဒရုန်းဖြင့် မြှင့်တင်ခဲ့

ဂျာမနီနိုင်ငံ **Rheinmetall** ကုမ္ပဏီက မကြာသေးမီက Eurosatory 2024 ကာကွယ်ရေးပြပွဲတွင်ပြသခဲ့သည့် LUNA NG ကင်းထောက်ဒရုန်းသည် ဝေဟင်ထောက်လှမ်းမှုစနစ်များ၏ မျိုးဆက်သစ်စနစ်တစ်ရပ်ဖြစ်ပြီး ယူကရိန်းကြည်းတပ်၏ စစ်ဆင်ရေးဆိုင်ရာ ကြိုတင်သတိပေးနိုင်စွမ်းကို မြှင့်တင်နိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဇွန် ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းရှိ စစ်ဆင်ရေးအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်၍ တီထွင်ထုတ်လုပ်ထားသည့် LUNA NG ကင်းထောက်ဒရုန်းသည် ခေတ်ပြိုင်ပဋိပက္ခများတွင် ထိရောက်သောကွပ်ကဲထိန်းချုပ်မှုဖြင့် အချိန်နှင့်တစ်ပြေးညီ အရေးပါသောထောက်လှမ်းရေးအချက်အလက်များ ရရှိနိုင်စေရန် ဒီဇိုင်းထုတ်ထားသည်။

၎င်းအဆင့်မြင့် ဒရုန်းစနစ်များကို ပိုင်ဆိုင်ထားခြင်းဖြင့် မြေပြင်တပ်ဖွဲ့များ၏ စစ်ဆင်ရေးဆိုင်ရာ ကြိုတင်သိရှိနိုင်မှုနှင့် တိုက်ခိုက်ရေးနည်းဗျူဟာများကို ဟန်ချက်ညီ လုပ်ဆောင်ရာတွင် အဓိကကျသည်။ အထူးသဖြင့် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ခြင်းနှင့် ကင်းထောက်ခြင်းသည် ထိရောက်သောတိုက်ပွဲဝင်နိုင်မှုနှင့် ရန်သူ့ခြိမ်းခြောက်မှုတို့ကို ဦးစားပေးအလိုက် စီမံခန့်ခွဲတုံ့ပြန်ခြင်းအတွက် အရေးကြီးကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် **Rheinmetall**သည် ဂျာမနီအစိုးရကိုယ်စား ယူကရိန်းသို့ အဆိုပါ ဒရုန်းတစ်စင်းကိုပေးပို့ခဲ့သည်။ ဝေဟင်မှ ဒရုန်းဖြင့် ကင်းထောက်ခြင်းအတွက် နောက်ဆုံးပေါ်စနစ်တစ်ခုအဖြစ် အသိအမှတ်ပြုထားသည့် LUNA NG သည် အရာဝတ္ထု၊ ပစ်မှတ်များကို ထိရောက်စွာ ခွဲခြားသိရှိနိုင်စေသည်။ ၎င်း၏လေခွင်းအားနှင့် Ultra-Light ဒီဇိုင်းသည် ဒရုန်းကို လေထဲတွင် ၁၂ နာရီထိ ရည်မှန်းချက်တာဝန်ထမ်းဆောင်နိုင်စေသည်။ ထို့ပြင် LUNA NG တွင် ဒေါင်လိုက် အတက်အဆင်းပြုလုပ်နိုင်မှု (VTOL) စွမ်းရည်များပါဝင်ပြီး လေဟုန်စီးဗုံးများတပ်ဆင်ကာ စစ်ဘက်အသုံးချမှုအမျိုးမျိုးတွင် ဘက်စုံသုံးနိုင်မှုကိုမြင်တွေ့ခဲ့ရသည်။

ဒရုန်း၏ကိုယ်ထည်ကို ကာဗွန်ဖိုက်ဘာအားဖြည့် ပလတ်စတစ်(CFRP)ပစ္စည်းဖြင့် တည်ဆောက်ထားပြီး လေထဲတွင် အချိန်ကြာမြင့်စွာပျံသန်းနိုင်မှုနှင့် ပေါ့ပါးမှုတို့ကို အာမခံချက်ပေးထားသည်။ ၎င်းတွင် ပျံသန်းချိန်ကြာမြင့်မှုနှင့်အတူ ကီလိုမီတာ ၁၅၀ ထိ အချက်အလက်ချိတ်ဆက်လုပ်ဆောင်နိုင်စွမ်းရှိပြီး အသုံးပြုရန်အဆင်သင့်ဖြစ်ပါက ဂြိုဟ်တုဆက်သွယ်ရေး (Sat-Com)ကိရိယာများဖြင့် အကွာအဝေးကီလိုမီတာ ၅၀၀ ခန့်ထိ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။ အလေးချိန်ကီလိုဂရမ် ၃၀ ရှိပြီး Payload တပ်ဆင်သည့်အခန်းနှစ်ခန်း ပါဝင်ဖွဲ့စည်းထားသော LUNA NG ဒရုန်းသည် နည်းဗျူဟာကင်းထောက်မှုမှ တိုက်ခိုက်ရေးတာဝန်ထိ စစ်ဆင်ရေးအမျိုးမျိုးအတွက် ပြောင်းလွယ်ပြင်လွယ်အသုံးပြုနိုင်မည့် ဘက်စုံသုံးဒရုန်းအမျိုးအစားလည်းဖြစ်သည်။




စတင်ပွဲဦးထွက် မိတ်ဆက်ပြီးကတည်းက LUNANG ဒရုန်းသည် စစ်ဘက်နှင့် အရပ်ဘက်အသုံးပြုမှုနှစ်ခုစလုံးတွင် စွယ်စုံသုံး ဒရုန်းတစ်ခုဖြစ်ကြောင်း သက်သေပြနိုင်ခဲ့သည်။ ၎င်း၏ ပျံသန်းစဉ်အတွင်း ဆူညံသံနည်းပါးခြင်း၊ အပူနှင့် ရေဒါထောက်လှမ်းခံရနိုင်ခြေ နည်းပါးခြင်းစသည့်ဝိသေသလက္ခဏာများသည် ကိုယ်ပျောက်စွမ်းရည်အလား လျှို့ဝှက်စစ်ဆင်ရေးများအတွက် အသုံးတည့်စေမည်ဖြစ်သည်။ အသုံးပြုသူအော်ပရေတာအတွက် လွယ်ကူအဆင်ပြေစွာ လုပ်ဆောင်နိုင်စေမည့် Mission Planning၊ Data Analysis ဆော့ဖ်ဝဲတို့နှင့်အတူ အလိုအလျောက် လုပ်ဆောင်နိုင်စွမ်းပါရှိခြင်းကြောင့် လေ့ကျင့်သင်တန်းပေးမှုအချိန် အနည်းငယ်သာ လိုအပ်မည်ဖြစ်သည်။ LUNANG ဖွဲ့စည်းပုံဒီဇိုင်းသည် အီလက်ထရွန်အလင်းနှင့် အနီအောက်ရောင်ခြည် အာရုံခံကိရိယာများနှင့် ဆက်သွယ်ရေး Relays များအပါအဝင် ပစ္စည်းကိရိယာများကို စိတ်ကြိုက်တပ်ဆင်နိုင်မည့် Payload Configurations မျိုးဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်သည်။ LUNA NG သည် အကြမ်းခံစေရန် တည်ဆောက်ထားမှုနှင့် ယုံကြည်စိတ်ချရသောပျံသန်းမှုဝိသေသလက္ခဏာများနှင့်အတူ ခေတ်ပြိုင်လေကြောင်းစောင့်ကြည့်မှုလိုအပ်ချက်များအတွက် လိုက်လျောညီထွေစွာ အသုံးပြုနိုင်မည့် အဖိုးတန်ဒရုန်းတစ်မျိုးဖြစ်ကြောင်း သိရသည်။

**Rheinmetall's LUNA NG Reconnaissance Drone Enhances Ukrainian Ground Forces Operational Awareness ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၄၇၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဇွန် ၃၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း၂၄၇၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း စိုက်ပျိုးခြင်းကို တစ်မြို့နယ်လုံး စိုက်ဧက ၆၂၈၃ ဧက စိုက်ပျိုးရန် လျာထားပြီး မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၄၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်းသီးနှံ စိုက်ပျိုးရေးကို ဒေသတွင်းစားနပ်ရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေ ဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီးတော့ တစ်မြို့နယ်လုံး စိုက်ဧက ၆၂၈၃ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒေသခံတောင်သူတွေက မေလကစပြီး စိုက်ပျိုးခဲ့ရာ ဒီနေ့ထိ၂၄၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းသီးနှံ စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး ဒေသခံတောင်သူတွေကို သီးနှံအထွက်နှုန်းတွေ ကောင်းမွန်စေဖို့အတွက် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးကြဖို့၊ သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းတွေနဲ့ အခြေခံစိုက်ပျိုးရေးနည်းပညာတွေကို စနစ်တကျ လိုက်နာကျင့်သုံးဆောင်ရွက်ကြဖို့တောင်သူ အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးထားပါတယ်။ ဒီဒေသက စိုက်ပျိုးရေးအဆင်ပြေတော့ ပဲတီစိမ်းသီးနှံ စိုက်ပျိုးရေးလုပ်ငန်းဟာ အောင်မြင်ဖြစ်ထွန်းမှုလဲ ရှိပါတယ်။ နောက်ပြီး ဈေးကွက်လဲရှိတာကြောင့် ဒေသခံတောင်သူတွေက နှစ်စဉ် မိုးသီးနှံစိုက်ပျိုးရာသီမှာ အားထားစိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ သတ်မှတ်လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူတွေကို ပံ့ပိုးကူညီဆောင်ရွက်နေပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်းဧက ၄၀၀၀ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၅၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင်လည်း ၆၂၈၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယနေ့ထိ ၂၄၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာ၌ Smart Village စီမံကိန်းနှင့် RBF စီမံကိန်းမိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းပြုလုပ်

**ရန်ကုန် ဇွန် ၃၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒရယ်လူးကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်းစီမံကိန်း (Smart Village)နှင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ရေးစီမံကိန်း (RBF) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဇွန် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းကခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းနှင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ရေးစီမံကိန်းများဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါလုပ်ငန်းစဉ်များ၊ကျေးရွာကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများ၊ ကော်မတီဝင်များဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ကျေးရွာကော်မတီဝင်ကိုးဦးနှင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ရေးစီမံကိန်း ကျေးရွာလုပ်ငန်းအဖွဲ့ ငါးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာတွင် Smart Village စီမံကိန်းနှင့် RBF စီမံကိန်းတို့ကို ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးရွာသူကျေးရွာသားများပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ချောင်းဆုံမြို့နယ် ကုန်းကလေးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ချောင်းဆုံ ဇွန် ၃၀**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ ပြည်ထောင်စုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မုရစ်ကလေးကျေးရွာအုပ်စု ကုန်းကလေးကျေးရွာတွင် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်နှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ကုန်းကလေးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်း သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦးက လိုအပ်သည်များမှာကြားခဲ့သည်။

ကုန်းကလေးကျေးရွာတွင် သောက်သုံးရေ ရရှိရေးအတွက် အနက် ပေ ၂၀၀၊ အကျယ် လေးလက်မ စက်ရေတွင်း တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၉ ဒသမ ၅ သန်းဖြင့် ပြည့်စုံလျှံကုမ္ပဏီက ဇွန်လ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အေးမြတ်**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၃၀-၆-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၄၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၉၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၆၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

၂၁ ရှေ့ဖုံးမှအဆက်

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်သည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင် နိုင်ငံခြားရေးရာ ဗဟိုကော်မရှင်ရုံး ညွှန်ကြားရေးမှူးနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိကို ပေကျင်းမြို့ရှိ ကျောက်ယွိထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံပြီး မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်



ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ ရန်ကုန်မြို့ တရုတ်သံရုံးမှ သံရုံးဒုတိယအကြီးအကဲ (သံမှူးကြီး) မစ္စစ်ချောင်ဂျင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများက နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊
  ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊
  ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု
  (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအသစ် ဖွဲ့စည်းရေးအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ ဖိတ်ခေါ်ခြင်း

၁။ သတင်းမီဒီယာနည်းဥပဒေပုဒ်မ ၁၃ အရ **"မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ"**ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၃၁-၁၀-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၄၄/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့ရာ ကောင်စီ၏သက်တမ်းသည် ၃၀-၁၀-၂၀၂၄ ရက်နေ့တွင် သုံးနှစ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် သတင်းမီဒီယာနည်းဥပဒေ ၁၈(ခ)အရ **"အဖွဲ့သည် ကောင်စီ၏သက်တမ်း သုံးနှစ်မပြည့်မီ အနည်းဆုံး သုံးလကြိုတင်၍ ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အသစ်ဖွဲ့စည်းမည့်ကောင်စီကို ရွေးချယ်တင်မြှောက်ရမည်"** ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်နေရာများအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ ဖိတ်ခေါ်အပ်ပါသည်။

၃။ သတင်းမီဒီယာနည်းဥပဒေ ၁၀ အရ သတင်းမီဒီယာသမားများ၊ သတင်းအေဂျင်စီများ၊ ပုံနှိပ်သူများ၊ ထုတ်ဝေသူများနှင့် ဖြန့်ချိသူများ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ ကာတွန်းရုပ်ပြဆရာများ စသည့် သတင်းမီဒီယာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်လောင်းများ၊ လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်သည့် လူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်လောင်းများ၊ တစ်ဦးချင်းရွေးချယ်ခံမည့် (အခြားနယ်ပယ်များ)မှ ကိုယ်စားလှယ်လောင်းများ၊ တစ်ဦးချင်းရွေးချယ်ခံမည့် သတင်းမီဒီယာသမား ကိုယ်စားလှယ်လောင်းများ၏အမည်စာရင်းများ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ ကောင်စီဝင်ရွေးချယ်ရာတွင် ကိုယ်စားလှယ်လောင်းများအတွက် အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **သတင်းမီဒီယာအဖွဲ့အစည်းများ**
- (၁) အဖွဲ့အစည်းအလိုက် ကိုယ်စားလှယ်ဦးရေ တင်သွင်းနိုင်သည်။
- (၂) အသင်းဖွဲ့စည်းပုံ စည်းမျဉ်းရှိရမည်။
- (၃) သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် လှုပ်ရှားမှုရှိရမည်။
- (၄) နိုင်ငံခြားလက်အောက်ခံ အဖွဲ့အစည်း မဖြစ်စေရ။

(ခ) **တစ်ဦးချင်းရွေးချယ်ခံမည့် သတင်းမီဒီယာသမားများ**
- (၁) သတင်းမီဒီယာလုပ်ငန်းတွင် လေးစားအပ်သော ရင့်ကျက်သည့် လုပ်ငန်းအတွေ့အကြုံ ၁၀ နှစ်နှင့်အထက်ရှိရမည်။
- (၂) သိသာထင်ရှားသော သတင်းမီဒီယာလုပ်ငန်း ဆောင်ရွက်ခဲ့ဖူးသည့်မှတ်တမ်းကောင်းရှိရမည်။
- (၃) အချိန်မှန်ထုတ်ဝေသော သတင်းစာ၊ ဂျာနယ်များအား ထုတ်ဝေသူ၊ အမှုဆောင်အရာရှိချုပ်၊ အယ်ဒီတာချုပ် (သို့မဟုတ်) ရုပ်သံလွှင့်မီဒီယာသတင်းခန်းမှ အမှုဆောင်ထုတ်လုပ်ရေးမှူးနှင့်အထက် တာဝန်ရှိသူဖြစ်ရမည်။
- (၄) နိုင်ငံခြားအဖွဲ့အစည်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်သူ မဖြစ်စေရ။
- (၅) သတင်းမီဒီယာပုဒ်မ ၉၊ ပုဒ်မခွဲ(ဈ)နှင့်အညီ လိုက်နာသော ပုဂ္ဂိုလ်ဖြစ်ရမည်။

(ဂ) **တစ်ဦးချင်းရွေးချယ်ခံမည့် အခြားနယ်ပယ်မှ ကိုယ်စားလှယ်လောင်းများ**
- (၁) သက်ဆိုင်ရာနယ်ပယ်တွင် လေးစားအပ်သော ရင့်ကျက်သည့် လုပ်ငန်းအတွေ့အကြုံရှိရမည်။
- (၂) သင်ဆိုင်ရာနယ်ပယ်တွင် သိသာထင်ရှားသော လုပ်ငန်းဆောင်ရွက်ခဲ့ဖူးသည့် မှတ်တမ်းကောင်းရှိရမည်။

(ဃ) **ကိုယ်စားလှယ်လောင်းအားလုံးအတွက် သတင်းမီဒီယာနည်းဥပဒေ အခန်း(၃)၊ ကောင်စီဝင်ရွေးချယ်တင်မြှောက်ခြင်းနည်းဥပဒေ ၇ တွင် ဖော်ပြထားသည့် အောက်ပါအချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သူအား ကောင်စီဝင်လောင်းအဖြစ် အမည်စာရင်းတင်သွင်းခြင်းမပြုရ–**
- (၁) နိုင်ငံ့ဝန်ထမ်းဖြစ်ခြင်း။
- (၂) မကျန်းမာမှုကြောင့် ကောင်စီ၏လုပ်ငန်းတာဝန်ကို ထမ်းဆောင်နိုင်စွမ်းမရှိခြင်း။
- (၃) အကျင့်စာရိတ္တပျက်ပြားမှုနှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရဖူးသူဖြစ်ခြင်း။
- (၄) နိုင်ငံရေးပါတီတစ်ခုခုတွင် အမှုဆောင်ရာထူးတာဝန် ထမ်းဆောင်နေသူဖြစ်ခြင်း။

၅။ အဆိုပြုလွှာပုံစံများကို ၁-၇-၂၀၂၄ ရက်နေ့မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအချိန်အတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ အမှတ်(၄) ဝက်ပါလမ်း ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးတွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး ၃၁-၇-၂၀၂၄ ရက်နေ့ ညနေ ၄ နာရီခွဲ မတိုင်မီအချိန်အတွင်း အဆိုပြုလွှာပုံစံများကို နောက်ဆုံးထားပြန်လည်တင်သွင်းရပါမည်။

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃ နှင့် ၀၁-၈၆၀၄၇၅၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၇။ ရွေးချယ်တင်မြှောက်ပွဲပြုလုပ်မည့်နေ့ကို သီးခြားကြေညာပါမည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့**
**အမှတ်(၄) ဝက်ပါလမ်း ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး**

# ပေါင်မြို့နယ် မုတ္တမမြို့တွင် တည်ထားကိုးကွယ်လျက်ရှိသော ရွှေဟောင်းသမိုင်းဝင် မြို့ဝန်ကြီးစေတီ အာရုံခံတန်ဆောင်း အသစ်ပြန်လည်ဆောက်လုပ်လှူဒါန်းခြင်း ရေစက်ချအလှူတော်မင်္ဂလာ ကျင်းပ



**နေပြည်တော် ဇွန် ၃၀**

မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမမြို့တွင် တည်ထားကိုးကွယ်လျက်ရှိသော ရွှေဟောင်းသမိုင်းဝင် မြို့ဝန်ကြီးစေတီ အာရုံခံတန်ဆောင်း အသစ်ပြန်လည် ဆောက်လုပ်လှူဒါန်းခြင်း ရေစက်ချ အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ စေတီတော်မြတ်ကြီး အာရုံခံတန်ဆောင်း၌ကျင်းပရာ မော်လမြိုင်မြို့ မြစေတီစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဆရာတော်ထံ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်၊ ဆင်းတုတော်များအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး မြစေတီစာသင်တိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကာ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မြစေတီစာသင်တိုက် ဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရမည်းသင်းမြို့နယ်အတွင်း မိုးကြိုချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်းရရှိရေး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရမည်းသင်းမြို့နယ် ကတင်ကျေးရွာ မိုးကြိုချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်၌ ဒေသခံဝါစိုက်တောင်သူများ၊ ဝါလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တောင်သူနှင့် လုပ်ငန်းရှင်များ နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ဝါအထွက်နှုန်းနှင့် ဝါဂွမ်းအရည်အသွေးကောင်း ရရှိရေးအတွက် နည်းပညာအပါအဝင် လိုအပ်ချက်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သတ်မှတ်ထားသည့် A Grade, B Grade, C Grade စသဖြင့် ဝါဂွမ်းအရည်အသွေးအလိုက် ရောင်းဝယ်နိုင်ရေးကြိုးပမ်းဆောင်ရွက်ပြီး ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေမည့် ဝါဂွမ်းဈေးကွက်ဖော်ဆောင်ရန်လိုအပ်ကြောင်း၊ ဝါလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများက ဝိုင်းဝန်းဆွေးနွေးပေးကြရန်နှင့် လိုအပ်ချက်များရှိပါက တင်ပြပေးနိုင်ကြရန်ဖိတ်ခေါ် ဆွေးနွေးသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဝါတစ်ဧကအတွင်း စိုက်ပျိုးရမည့် သတ်မှတ်အပင်အရေအတွက်နှင့် တစ်ပင်ချင်း၏ သီးလုံးအရေအတွက် ပေါ်မူတည်၍ ဝါထွက်ရှိမှုပမာဏ၊ အပင်သက်တမ်းအလိုက် စိုက်ပျိုးရေနှင့် ဓာတ်မြေဩဇာ စနစ်တကျထည့်သွင်းခြင်းဖြင့် အထွက်နှုန်းသာမက ဝါဂွမ်းမွှေးချည်မျှင် အရည်အသွေးအပေါ် သက်ရောက်မှု၊ မျိုးစေ့အသုံးပြုမှုဆိုင်ရာ ဂရုပြုရမည့်အချက်များကိုလည်းကောင်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က စိုက်ပျိုးရေရရှိရေးလုပ်ငန်းများနှင့် သီးနှံအလိုက် စိုက်ပျိုးရေစီမံခန့်ခွဲမှုဆိုင်ရာများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝါစိုက်တောင်သူများနှင့် ဝါလုပ်ငန်းရှင်များက လက်ရှိစိုက်ပျိုးထုတ်လုပ်မှုနှင့် သွင်းအားစုအပြည့်အဝအသုံးပြုနိုင်ရေး၊ ဝါဂွမ်းဈေးကွက်အလားအလာများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သင့်တင့်မျှတသော ဓာတ်မြေဩဇာဈေးနှုန်းဖြင့် အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ဆွေးနွေးပြောကြားပြီး မိုးကြိုချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်ကို ကြည့်ရှုအားပေးကြသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကတင်ကျေးရွာအနီး ရွှေဒါးချောင်းပေါ်တွင် ရှေးမြန်မာမင်းများလက်ထက်က တူးဖော်အသုံးပြုခဲ့သည့် ကတင်ကန်ကိုလည်းကောင်း၊ ပျော်ဘွယ်မြို့နယ် ကျောက်ဆည်ကျေးရွာအနီး စမုံချောင်းပေါ်တွင် ရှေးမြန်မာမင်းများလက်ထက်က တူးဖော်အသုံးပြုခဲ့သည့် ကျောက်ဆည်ကန်၏ ရေဝင်ရောက်မှု၊ ကန်ပေါင်ကြံ့ခိုင်မှုနှင့် လယ်မြေဧက ၃၉၀၀ ကျော်ကို အကျိုးပြုနေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ကန်များ ရေရှည်တည်တံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် လိုအပ်ချက်များအား တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရမည်းသင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး၌ ဝါစိုက်တောင်သူများ၊ ဝါလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ရမည်းသင်းခရိုင်၏ ဝါစိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာန၊ တောင်သူနှင့် လုပ်ငန်းရှင်များ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၅၃၈၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၃၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်မှ ၇ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၅၃၈၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇- ၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

# (၃၆)ကြိမ်မြောက် အရှေ့အာရှပစိဖိတ်ဒေသများနှင့် တောင်အာရှဒေသများအတွက် ပူးတွဲကော်မရှင်အစည်းအဝေး (36th CAP-CSA joint Meeting)နှင့် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဖိုရမ်သို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်




**နေပြည်တော် ဇွန် ၃၀**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့အထွေထွေအတွင်းရေးမှူးချုပ်နှင့် ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်းဌာန အတွင်းဝန်တို့၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ ဇွန် ၂၆ ရက်မှ ၂၈ရက်ထိ ကျင်းပသည့် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism)၏ ပထမအကြိမ်အာရှနှင့် ပစိဖိတ်ဒေသအတွက် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဖိုရမ်နှင့် (၃၆)ကြိမ်မြောက်အရှေ့အာရှနှင့် ပစိဖိတ်ဒေသများနှင့် တောင်အာရှဒေသများအတွက် ပူးတွဲကော်မရှင်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့ရှိ Shangri-La Mactan ဟိုတယ်၌ကျင်းပပြုလုပ်သည့် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အာရှနှင့် ပစိဖိတ်ဒေသအတွက် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဖိုရမ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဖိလစ်ပိုင်နိုင်ငံ လာပူလာပူမြို့ မြို့တော်ဝန် Mr. Junard Chan၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် Mr. Zurab Poloikashviliနှင့်ဖိလစ်ပိုင်နိုင်ငံခရီးသွားလုပ်ငန်းဌာနအတွင်းဝန် Ms. Christina Garcia Frasco တို့က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဖိုရမ်၏ အစီအစဉ်အရ ဝန်ကြီးများအဆင့်စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့အတွင်းဝန်၊ အင်ဒိုနီးရှားနိုင်ငံခရီးသွားလုပ်ငန်းနှင့်တီထွင်ဖန်တီးမှုရှိသော စီးပွားရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဂျပန်နိုင်ငံ မြေနှင့်အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ Vice Commissioner နှင့် ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ခရီးစဉ်ဒေသမြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်းဆွဲဆောင်မှုများဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းတွင် ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရေးနှင့် အကျိုးအမြတ်ရရှိစေရေးဆောင်ရွက်ရာတွင်အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်၍အရေးပါသော မူဝါဒများမှန်ကန်စွာချမှတ်နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက FAO Mountain Partnership Project နှင့်စပ်လျဉ်း၍လည်းကောင်း၊ တက်ရောက်လာသည့်ကိုယ်စားလှယ်များက အစားအစာထွက်အမှိုက်များလျှော့ချခြင်းနှင့် ဒေသထွက်ကုန်ပစ္စည်းများပိုမိုသုံးစွဲခြင်း၊အာရှနှင့် ပစိဖိတ်ဒေသရှိ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း၏အောင်မြင်မှုများ၊အစားအသောက်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် စီဘူးမြို့၏ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ ညွှန်ကြားရေးမှူးက ဈေးကွက်ထောက်လှမ်းရေး၊ မူဝါဒများနှင့် ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေးများကိုလည်းကောင်းဆွေးနွေးတင်ပြခဲ့ကြသည်။

ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် UN Tourism ၏အကောင်းဆုံးခရီးသွားကျေးရွာဆုရရှိသည့်ကျေးရွာများသို့သွားရောက်လေ့လာခဲ့ကြပြီး ဖိလစ်ပိုင်ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့မှ တည်ခင်းဧည့်ခံသည့်ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဇွန် ၂၈ ရက်တွင် ဒုတိယဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် Sheraton Mactan ဟိုတယ်၌ ကျင်းပခဲ့သည့် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ (၃၆)ကြိမ်မြောက် အရှေ့အာရှပစိဖိတ်ဒေသများနှင့်တောင်အာရှဒေသများအတွက် ပူးတွဲကော်မရှင်အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဖိလစ်ပိုင်နိုင်ငံ သမ္မတ Mr.Ferdinand Bongbong Romualdez Marcos Jr. တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး အစီအစဉ်အတိုင်းဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးက ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသောရာသီဥတုပြောင်းလဲခြင်းကို တုံ့ပြန်ရာတွင် နည်းပညာအသစ်များအပေါ် ရင်းနှီးမြှုပ်နှံရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာဆွဲဆောင်မှုများကိုဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်မပျက်စီးစေရေးဆောင်ရွက်သင့်သည့်ကိစ္စရပ်များ၊ တိကျပြည့်စုံသည့် မူဝါဒများချမှတ်နိုင်ရေးနှင့် အဖွဲ့အစည်းများခိုင်မာအားကောင်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံပေါင်း ၄၁ နိုင်ငံမှ ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ကြီးများ၊ဒုတိယဝန်ကြီးများနှင့်အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ဒုတိယဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပညာသည်သာအခရာ ဘဝတစ်သက်တာ

လင်းအရဏ်ဦး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

မျက်မှောက်ကာလ ၂၁ ရာစုခေတ်သည် ပညာခေတ် (Knowledge Age)ဖြစ်သည်။ ခေတ်ကာလအလျောက်ပညာသည်သာ အခရာဖြစ်၍ ပညာနောက်သို့ သဲသဲမဲမဲလိုက်ကြပြီး ရှာမှီးလေ့လာသင်ယူနေကြသည်ကို နိုင်ငံတကာ၌တွေ့ရှိရသည်။ မျက်မှောက်ခေတ် ပညာရှာမှီးရာတွင် ပြောင်းလဲနေသောခေတ်နှင့်အညီ လိုက်ပါနိုင်ရေး၊ အနာဂတ်၏စိန်ခေါ်မှုကို ရင်ဆိုင်ကျော်လွှားနိုင်ရေးတို့အတွက် အသိပညာနှင့်အတတ်ပညာများပြည့်စုံအောင် ကြိုးစားဖြည့်ဆည်းကြရမည်ဖြစ်သလို နိုင်ငံနှင့်လူမျိုးကိုချစ်မြတ်နိုးစိတ်၊ မျိုးချစ်စိတ်ကိုအခြေခံသောပြည်ထောင်စုချစ်စိတ်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်စေလိုသောစိတ်များကိန်းအောင်းရှင်သန်စေရေးအတွက်လည်းကျွံ့ကြိုးအားထုတ်ကြရန်လိုအပ်သည်။ သို့မှသာ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့်စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုတို့အချိုးညီကာစစ်မှန်သော ဖွံ့ဖြိုးတိုးတက်မှုကိုရရှိမည်ဖြစ်သည်။

မြန်မာအဘိဓာန်တွင် ပညာကို **"ခွဲခြမ်းသိမြင်နိုင်သောအသိဉာဏ်၊ အတတ်"**ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ပညာရေးဆိုသည်မှာ ပညာနှင့်တစ်ဆက်တစ်စပ်တည်းဖြစ်သော "သင်ယူလေ့လာမှုနည်းလမ်းများမှတစ်ဆင့်ရရှိသည့်အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ စွမ်းရည်၊ အရည်အသွေးနှင့်တန်ဖိုးများ" ဟူ၍ဖြစ်သည်။ ပညာသင်ကြားခြင်းကို ကျောင်းသင်ခန်းစာများသင်ယူခြင်း(Formal-Learning)၊ ကျောင်းပြင်ပသင်ယူခြင်း (Non-formal Learning)နှင့်အတွေ့အကြုံများမှကိုယ်တိုင်လေ့လာသင်ယူခြင်း (Informal Learning)တို့ဖြင့် ပြုလုပ်နိုင်ပြီး ထိုမှတစ်ဆင့် ဘဝတစ်သက်တာလေ့လာသင်ယူသွားကြရမည်ဖြစ်သည်။

ပညာသည် အလင်းရောင်နှင့်တူပြီး အလင်းရောင်သည် အမှောင်ကိုဖယ်ရှားရှင်းလင်းနိုင်သည်။ ပညာသည်မောဟ (မသိခြင်း)ကို ပယ်ဖျောက်စေသည်။ ထို့ကြောင့် **"ပညာသမာ အာဘာနတ္ထိ"** "ပညာနှင့်တူသော အလင်းရောင်မရှိ" ဟု မြတ်စွာဘုရားဟောကြားခဲ့သည်။ **"ပညာ တန်ဆောင်မီးရှူးရောင်"**ဖြစ်သည်နှင့်အညီ ပညာသည် လောကကောင်းကျိုး၊ လောကအလင်းကိုဆောင်သည်။ ပညာသည်သာ ကိုယ်ပိုင်ဥစ္စာဖြစ်၍ **"ပညာရွှေအိုး လူမခိုး"**နိုင်ပေ။ **"ပညာရဲရင့်ပွဲလယ်တင့်"** သဖြင့် **"ပညာလိုအိုသည်မရှိ"**ဆိုသလို ပညာရှာမှီးဖြည့်ဆည်းကြရန်များစွာလိုအပ်သည်။

မန်လည်ဆရာတော်ကြီး၏ မဟာသုတကာရီမဃဒေဝ လင်္ကာသစ်တွင် **"လက်မှုနှုတ်မှု၊ ခုခုပညာရှိတုံပါက၊ ရောက်ရာရောက်ရာ အရပ်မှာလျှင်၊ မျက်နှာရွှင်လန်း၊ လနှုယ်ဆန်း၍၊ ပန်းသို့လည်းပွင့်၊ ပွဲလယ်တင့်လိမ့်"**ဟုရေးသားတင်စားထားသည်။ ပညာသည် လမ်းမှားရောက်နေသူကို လမ်းမှန်သို့ရောက်အောင် ဆောင်ကြဉ်းပို့ဆောင်ပေးနိုင်သည်။ ကြမ်းတမ်းသောဘဝခရီးကို သာယာသောခရီးလမ်းဖြစ်အောင် ပြောင်းလဲပေးနိုင်သည်။ အကောင်းအဆိုး၊ အကျိုးအပြစ်၊ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်သော ဉာဏ်အလင်းကိုပညာဖြင့်သာ ဖော်ထုတ်နိုင်သည်။ ထို့ကြောင့် ပညာသည်သာအခရာ၊ ပညာသည်သာ ရတနာဟု သတ်မှတ်ထားခြင်းဖြစ်သည်။

**"အသက်မွေးမှု၊ တစ်ခုပညာ၊ ကိုယ်စီပါရမည်"**ဟု ရှေးပညာရှိတို့ မိန့်ဆိုထားသည်။ လူသားတိုင်းသည်မိမိတို့ဘဝရှင်သန်ရပ်တည်ရေးအတွက် အသက်မွေးမှုပညာတစ်ခုခုအားတတ်မြောက်ရမည်ဖြစ်ကြောင်းကို လောကနီတိဆရာတို့ကလည်း **"နှုတ်မှုလက်မှု၊ အတတ်စုကို၊ ငယ်နုသောအား၊ မမေ့ငြားနှင့်"**ဟူ၍ အတိအလင်းသတိပေးထားသည်။ အသက်မွေးမှုပညာရပ်တစ်ခုခုကို အစမှအဆုံးတိုင် တိကျပိုင်ပိုင်ကျွမ်းကျင်တတ်မြောက်မှသာ လူ့လောကအလယ်တွင် တင့်တယ်စွာရပ်တည်နိုင်မည်ဖြစ်သည်။ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေး၏အုတ်မြစ်ဖြစ်သည်။ ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊

> ❖ လူတစ်ယောက်၏အသက်ရှင်နေထိုင်ရာဘဝတစ်လျှောက်တွင် ဇရာကိုအန်တုရ၍မရပေ။ လူတစ်ယောက်၏အသားအရေသည် အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ အိုမင်းရင့်ရော်လာမည်သာဖြစ်သည်။ ထို့အတူဦးခေါင်းထက်မှာဆံနွယ်တို့သည်လည်း မည်းမှုပင်ထိန်းသိမ်းဂရုပြုမှုပြုလုပ်ပါစေ အသက်ကြီးလာသည်နှင့်အမျှ မည်းရာမှဖြူလာမည်သာဖြစ်သည်။ အလှအပများပြင်ဆင်ထားရှိစေကာမူ ခေတ္တခဏသာဖြစ်ပေမည်။ ထာဝရလှပနေမည် မဟုတ်ပေ။ သို့သော်လည်း ထိုသူတတ်မြောက်ထားသောပညာသည် ဘယ်တော့မှအိုမင်းသွားမည် မဟုတ်ပေ။ ထာဝစဉ် နုပျိုနေမည်သာဖြစ်သည်။ ဒါပေမဲ့ ၎င်းပညာကိုတော့ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေဖို့တော့လိုသည်။ ဒါ့ကြောင့် ပညာဆိုသည်မှာ ဘဝတစ်သက်တာဟု ဆိုလိုခြင်းဖြစ်ပေသည်။

ကျွမ်းကျင်ပညာရှင်များနှင့်သာ နိုင်ငံတော်ကိုဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်သည်။ ပညာမတတ်သည့်နိုင်ငံသားများပြီး ပညာရေးနိမ့်ကျသည့်နိုင်ငံသည် အမှန်တကယ်ပင်မတိုးတက်နိုင်ပေ။ ပညာရှိက ဘဝလှပြီး ပညာမဲ့ကဘဝအနှစ်သာရပျောက်ဆုံးရသည်သာမက မည်သူ့ကိုမျှ အကျိုးပြုနိုင်မည်မဟုတ်ချေ။

**"ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်၊ ပညာအသက် ဘဝတစ်သက်"** ဟူသည့် မှတ်သားဖွယ် အဆုံးအမကို ၂၀၂၄ ခုနှစ် မေလ ၂၉ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သင်္ချေအရာရှိများ၊ ဗိုလ်လောင်းများနှင့် တွေ့ဆုံအမှာစကားပြောကြားရာတွင် **"မြန်မာစကားပုံတွင် ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်ဟူ၍ရှိကြောင်း၊ အလားတူ စာပေ အသိပညာမရှိပါက တစ်သက်လုံး အခက်အခဲ အကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင်ကြောင်း၊ ထို့ကြောင့် ပညာအသက်သည် ဘဝတစ်သက်ဖြစ်ကြောင်း"** ထည့်သွင်းမှာကြားခဲ့သည်။ သာဓကအားဖြင့် ပညာတတ်နိုင်ငံသားများ အများဆုံးရှိနေသည့်နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံး နိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နေရခြင်းဖြစ်သည်။ ပညာတတ်နိုင်ငံသားများဆိုသည်မှာ အရည်အချင်းကိုဆိုလိုပြီး အရည်အချင်းရှိသူအရေအတွက်များပါက ထိုနိုင်ငံမှာ တစ်ဟုန်ထိုးတိုးတက်မည်မှာ အသေအချာပင်ဖြစ်သည်။ ထို့ကြောင့် တတ်သိနားလည်အောင်၊ အရည်အချင်းရှိအောင် အရွယ်မရွေးကြိုးစားဖြည့်ဆည်းရင်း ဘဝတစ်သက်တာပညာရေးကို လေ့လာဆည်းပူးနေရမည်ဖြစ်သည်။


**လူတစ်ယောက်၏ အသက်ရှင်နေထိုင်ရာ ဘဝတစ်လျှောက်တွင်ဇရာကိုအန်တုရ၍မရပေ။ လူတစ်ယောက်၏ အသားအရေသည် အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ အိုမင်းရင့်ရော်လာမည်သာဖြစ်သည်။ ထို့အတူဦးခေါင်းထက်မှာ ဆံနွယ်တို့သည်လည်းမည်းမှုပင်ထိန်းသိမ်းဂရုပြုမှုပြုလုပ်ပါစေအသက်ကြီးလာသည်နှင့်အမျှ မည်းရာမှ ဖြူလာမည်သာဖြစ်သည်။ အလှအပများ ပြင်ဆင်ထားရှိစေကာမူ ခေတ္တခဏသည်သာဖြစ်ပေမည်။ ထာဝရလှပနေမည် မဟုတ်ပေ။ သို့သော်လည်း ထိုသူတတ်မြောက်ထားသောပညာသည် ဘယ်တော့မှ အိုမင်းသွားမည်မဟုတ်ပေ။ ထာဝစဉ် နုပျိုနေမည်သာဖြစ်သည်။ ဒါပေမဲ့ ၎င်းပညာကိုတော့ စဉ်ဆက်မပြတ်လေ့လာဆည်းပူးနေဖို့တော့လိုသည်။ ဒါ့ကြောင့်ပညာဆိုသည်မှာ ဘဝတစ်သက်တာဟုဆိုလိုခြင်းဖြစ်ပေသည်။** ပညာ၏အသုံးဝင်မှု၊ အရေးပါမှုသည် အချိန်အကန့်အသတ်မရှိဘဲ အမြဲတမ်းနုပျိုလတ်ဆတ်နေသည့်အတွက် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာပြည့်ဝသည့်လူသားအရင်းအမြစ်မြောက်မြားစွာလိုအပ်ပြီး ထိုလူသားအရင်းအမြစ်များက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၌ ကဏ္ဍစုံမှပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ **စာမျက်နှာ ၂၂ သို့**

စာမျက်နှာ ၂၁ မှအဆက်

ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်ဦးတည်ချက်(၉)ရပ်ချမှတ်ပြီး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ဦးတည်ချက်(၉)ရပ်၏ လူမှုရေးဦးတည်ချက်သုံးရပ်တွင် **“တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး”** ဟူသော ဦးတည်ချက်တစ်ရပ်ပါဝင်ပြီး ဘက်စုံပညာရေးစနစ် ထွန်းကားရေးအတွက် အထူးပြု အားထုတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ ပညာရေးအဆင့်အတန်းတိုးတက်လာရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်ပေးနေသည်ကို အားလုံးအသိပင်ဖြစ်သည်။ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ရေးနှင့် KG+9 ပြီးမြောက်ရေးဆောင်ရွက်ခြင်း၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ Naypyitaw State Academy ဖွင့်လှစ်ပေးခြင်း၊ အုပ်ချုပ်မှုစရိတ်နှင့် ထောက်ပံ့ငွေများချီးမြှင့်ခြင်း၊ စွမ်းရည်မြှင့်သင်တန်းများဖွင့်လှစ်စေခြင်း၊ စာတတ်မြောက်သူများ တိုးပွားလာစေရေးဆောင်ရွက်ခြင်း၊ စာဖတ်သောအလေ့အထတိုးပွားလာအောင် ဆောင်ရွက်ပေးနေခြင်းတို့သည် ထင်ရှားသည့်သာဓကများဖြစ်သည်။

အလားတူစွာ ပညာရေးနှင့်တစ်သားတည်းဖြစ်နေသော စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးကိုလည်း အားပြုစီမံအကောင်အထည်ဖော်ဆောင်ရွက်နေပေသည်။

# အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ




ပညာရေး၏အခြေခံမှာ စာတတ်မြောက်ရေးဖြစ်သည်။ လူ့ဘဝရလာပြီဆိုလျှင် စာမတတ်၍မရပေ။ စာမတတ်လျှင် လူ့အောက်ကျခံရပေမည်။ လူတို့အတွက် ဖြည့်ဆည်းပေးနိုင်သော ပညာတို့သည် စာအဖြစ်ဖြင့် တည်ရှိသည်။ စာတတ်မှ စာဖတ်နိုင်မည်။ လိုအပ်သောပညာရပ်များအတွက် စာပေလေ့လာဖတ်ရှုခြင်းဖြင့် သင်ယူနိုင်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားတိုင်း စာတတ်မြောက်ရေးကို အလေးထားအကောင်အထည်ဖော်လျက်ရှိသည်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေခဲ့ရသူများ၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်နှင့်အထက် လူငယ်နှင့်သက်ကြီးပိုင်းအရွယ်စာမတတ်သူများအတွက် ရာခိုင်နှုန်းပြည့် သင်ယူမှုအခွင့်အလမ်းဖန်တီးပေးသည့် ကျောင်းပြင်ပပညာရေးနည်းလမ်းဖြင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် စဉ်ဆက်ပညာရေးကို နှစ်စဉ်အကောင်အထည်ဖော်ခဲ့ရာ ၂၀၂၄ ခုနှစ် ဧပြီလမှ မေလအတွင်း စာသင်ဝိုင်း ၄၈၆၄ ဝိုင်း၊ ကြီးကြပ်သူနည်းပြဦးရေ ၆၂၆၈ ဦးဖြင့် သင်ယူသူဦးရေ ၆၉၆၅၇ ဦးကို စာတတ်မြောက်အောင်သင်ကြားပေးနိုင်ခဲ့သည်။

ယခုကဲ့သို့ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ပုံမှန်သင်ကြားခြင်းများအပြင် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၏ နည်းပညာဆိုင်ရာပံ့ပိုးမှုဖြင့် စာသင်သားများ၏လက်ကိုင်ဖုန်းများအတွင်း အခြေခံစာတတ်မြောက်ရေးလုပ်ငန်း သင်ကြားခြင်းဆိုင်ရာ-Mobile Application ကို စေတနာလုပ်အားပေးနည်းပြ၊ ကြီးကြပ်များက ထည့်သွင်းသင်ကြားပေးနိုင်ခြင်းဖြင့် စာသင်သားများအနေဖြင့် မည်သည့်ဒေသ၊ မည်သည့်နေရာကို ရောက်ရှိနေသည်ဖြစ်စေ နည်းပညာပိုင်းဆိုင်ရာ အသုံးပြု သင်ကြားနိုင်ခြင်းကိုပါ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးဆောင်ရွက်မှုလုပ်ငန်းစဉ်တွင် မှတ်တမ်းတင်နိုင်ခဲ့သည်။ ပြည်သူအားလုံး စာတတ်မြောက်ရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ကြရေးလိုအပ်သည်။

ပညာရေးပြုပြင်ပြောင်းလဲမှုသည် ခေတ်စနစ်တိုင်း၌ရှိကြသည်။ ပိုမိုတိုးတက်ကောင်းမွန်သော ပညာရေးဖြစ်အောင် သူ့ခေတ်နှင့်သူ ပြုပြင်ပြောင်းလဲကြသည်။ ထို့အတူ မြန်မာ့အမျိုးသားပညာရေးကိုလည်း ခေတ်နှင့်အညီပြုပြင်ပြောင်းလဲခဲ့ပြီး ယနေ့ခေတ်မြန်မာ့လူ့ဘောင်ပညာရေးသည် စာပေပညာသင်ကြားခြင်း တစ်ခုတည်းသာမဟုတ်တော့ဘဲ “ဘက်စုံပညာရေး” အသွင်ဖြစ်သည်။ ဘက်စုံပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘာသာရပ်ဆိုင်ရာ၊ နည်းပညာဆိုင်ရာ တတ်မြောက်မှုသာမက ကိုယ်စီကျွမ်းကျင်မှုဟုဆိုအပ်သော ပင်ကိုအရည်အသွေးများ၊ ကိုယ်ရည်ကိုယ်သွေးများကို မြှင့်တင်ပေးသည်။ စဉ်းစားသုံးသပ်တွေးခေါ်မှု၊ ပြဿနာဖြေရှင်းမှု၊ တီထွင်ဖန်တီးမှု၊ ဆန်းစစ်အကဲဖြတ်မှု၊ ပိုင်းခြားစိတ်ဖြာသုံးသပ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အလိုက်သင့်ဆောင်ရွက်တတ်မှု၊ လူမှုဆက်ဆံရေး၊ စိတ်ခံစားချက် နားလည်မှု၊ တရားမျှတမှု၊ လောကနီတိဆိုင်ရာ အပြုအမူနှင့်ဦးဆောင်တတ်မှုအစရှိသည့် ဘက်စုံကျယ်ပြန့်သော အရည်အသွေးများ၊ အသိပညာ၊ အတတ်ပညာများကို ဘက်စုံပညာရေးက ပြည့်စုံစေသည်။ ဗလငါးတန်ဖွံ့ဖြိုးစေသည်။

ထို့ကြောင့် ကျောင်းနေအရွယ်ကလေးတိုင်းကျောင်းအပ်နှံရေး၊ တန်းစဉ်မပျက်ရေးတို့များစွာ အရေးပါလာသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ပညာရေးရည်မှန်းချက်မှာ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိစေရန်နှင့်အခြေခံပညာအလယ်တန်းအဆင့် Grade-9 ပြီးသည်အထိ ပညာသင်ယူနိုင်ရန်ဖြစ်သည်။ ထိုသို့ Grade-9 ပြီးဆုံးသည်အထိ ပညာသင်ယူပြီးသည့်အခါ ပုံမှန်သင်ယူနေကျအထက်တန်းပညာကိုဆက်လက်တက်ရောက်နိုင်သည့်အပြင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွင်း ခရိုင် ၈၄ ခုတွင်ဖွင့်လှစ်ထားသောအခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း ၈၅ ကျောင်းတို့တွင် ၎င်းအသက်မွေးဝမ်းကျောင်းဘာသာရပ်များကို စိတ်ကြိုက်ရွေးချယ်တက်ရောက်နိုင်မည်ဖြစ်သည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးဟူသည့် ဘာသာရပ်များသည် အသက်မွေးဝမ်းကျောင်းပညာရပ်များဖြစ်သည့်အပြင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံပြီး စက်မှုစနစ်ဆီသို့ တက်လှမ်းနေသည့်နိုင်ငံဖြစ်သည့်အတွက် ထိုဘာသာရပ်များကို ရေရှည်အသုံးချပါက မိမိအတွက်ရော နိုင်ငံအတွက်ပါ အလွန်အကျိုးစီးပွားဖြစ်ထွန်းမည့်ဘာသာရပ်များဖြစ်သည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးကျောင်းများကို တက်ရောက်ပြီးနောက် ထူးချွန်မှုအလိုက် ဆက်လက်တက်ရောက်နိုင်မည့် ပညာရေးအဆင့်အတန်း၊ ဘွဲ့၊ ဒီဂရီများကိုလည်း နိုင်ငံပိုင်မီဒီယာများမှ ထုတ်ပြန်ကြေညာပေးလျက်ရှိသည်။ အကယ်၍ ဘွဲ့၊ ဒီဂရီများ ဆက်လက်မတက်ရောက်နိုင်ပါကလည်း ထိုဘာသာရပ်များကို သုံးနှစ်တက်ရောက်ပြီး ၎င်းအသက်မွေးဝမ်းကျောင်းဘာသာရပ်များဖြင့် မိမိဘဝခရီးလမ်းကို မပူမပင်လျှောက်လှမ်းနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရ၏ပညာရေးမြှင့်တင်မှုတွင် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့တွင် စာကြည့်တိုက်များရှင်သန်တိုးပွားရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လစဉ်ပွဲတော်များကျင်းပကာ လှုံ့ဆော်စည်းရုံးဆောင်ရွက်လျက်ရှိသည်။ ယနေ့ကာလတွင် စာတတ်သူတိုင်းစာဖတ်ရေးများစွာ လိုအပ်သည်။ ဧပြီလ ၃ ရက်နေ့တွင် ကျင်းပသည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့်တပ်မတော်ဌာနချုပ်များ/တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနား၌ **“စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူကြောင်း၊ စာတတ်ပြီး စာမဖတ်သူမှာ ရပ်နေသည့်လူနှင့်တူကြောင်း၊ စာတတ်ပြီး စာလည်းဖတ်သည့်သူမှာတော့ လမ်းလျှောက်နေသည့်သူနှင့်တူသည်”**ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားခဲ့သည်။ စာဖတ်သူသည် အမြင်မှန်၊ အသိမှန်၊ အတွေးမှန်၊ အလုပ်မှန်ပြီး မှန်ကန်သောလမ်းကြောင်း၌သာ လျှောက်လှမ်းလေ့ရှိသည်။ မည်သည့်စာကိုဖတ်ရှုသည်ဖြစ်စေ ထိုစာပေမှရရှိသော အသိတရားကို ကောင်းမကောင်း၊ မှန်မမှန်၊ အသုံးချသင့် မသင့်၊ ဆောင်ရန်ရှောင်ရန် စသည်ဖြင့် မိမိဉာဏ်စွမ်းကိုအခြေခံကာ ပိုင်းခြားစိတ်ဖြာရန် လိုအပ်သည်။

စာအုပ်စာပေသည် လူ့မိတ်ဆွေဖြစ်၍ ပေါင်းဖက်လာသူမှန်သမျှ၏ကောင်းကျိုးကို မဖောက်မပြန်ဖြည့်ဆည်းပေးသည်။ စာအုပ်စာပေကို မိတ်ဆွေဖွဲ့ခြင်းဖြင့် ပညာဗဟုသုတတိုးပွားစေသည်။ အတွေးအခေါ်ရင့်သန်စေသည်။ ပညာဗဟုသုတတိုးပွားသဖြင့် စိတ်ကို ပွဲ့ပြင်ဆုံးမလာတတ်သလို အတွေးအခေါ်ရင့်သန်မှုက အမှားအမှန်ဝေဖန်ပိုင်းခြားတတ်လာပြီး နေ့စဉ်ကြုံတွေ့ရသော ပြဿနာများကို အကောင်းဆုံး ဖြေရှင်းတတ်လာသည်။ စာအုပ်ကောင်းသည် မိတ်ဆွေကောင်းဖြစ်သည့်အတွက် မိတ်ဆွေကောင်းများစုစည်းရာ စာပေဘဏ်တိုက်စာကြည့်တိုက်များတွင် ပညာရှာကြရေးလိုအပ်သည်။

နိုင်ငံတော်တွင် အနာဂတ်မြန်မာ့ပညာရေး ပိုမိုကောင်းမွန်မြင့်မားစေရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃) ကို ၂၀၂၃ ခုနှစ် မေလ ၁၈ ရက်မှ ၂၀ ရက်အထိလည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ကို ၂၀၂၄ ခုနှစ် ဇွန်လ ၂၅ ရက်မှ ၂၇ ရက်အထိလည်းကောင်း ကျင်းပကာ ညီလာခံစာတမ်းများအပေါ် အခြေပြုညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။ ညီလာခံနှစ်ရပ်လုံး၏ ဖွင့်ပွဲအခမ်းအနားများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားရာ၌ **“နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါများခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ကို “လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို ပိုမိုမြှင့်တင်ပေး”ဟူသည့် ဦးတည်ချက်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိနေပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း”** ထည့်သွင်းမိန့်ကြားခဲ့သည်။

အချုပ်အားဖြင့်ဆိုရသော် ပညာခေတ်တွင် ပညာသည်သာ အရာရာကိုပိုင်းဖြတ်အဆုံးအဖြတ်ပေးလျက်ရှိသည်။ ပညာမဏ္ဍိုင်ကြံ့ခိုင်လျှင် ခေတ်မီတိုးတက်အောင်တည်ဆောက်နိုင်စွမ်းရှိသည်။ ပညာရှာမှီးရာတွင်သတိတမံဉာဏ်မြေကတုတ် လုံ့လထုတ်၍ ပညာပေါက်မြောက်အောင်ကြိုးစားသင်ယူလေ့လာရင်း“ပညာသည်သာအခရာဘဝတစ်သက်တာဖြစ်သည့်အတွက် ပညာတတ်ပေါများသည့်နိုင်ငံအဖြစ် ပြည့်ဝအောင်အကောင်အထည်ဖော်ကြပါစို့”ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ပြည်တွင်းဆန်ဈေးကွက်တွင် သင့်တင့်မျှတသည့်ဈေးကွက်ဈေးနှုန်းထက်ပိုမို၍ဈေးနှုန်းမြင့်တင်ရောင်းဝယ်နေသူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇွန် ၃၀**

နိုင်ငံတော်အနေဖြင့် ပြည်တွင်းစီးပွားရေးတည်ငြိမ်စေရေးနှင့်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဘက်ဘက်မှကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အချို့လုပ်ငန်းရှင်များသည် စီးပွားရေးကမောက်ကမဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်းဆန်ဈေးကွက်အတွင်း ဆန်ဈေးနှုန်းများအဆမတန်မြင့်တင် ရောင်းဝယ်လျက်ရှိသောကြောင့် အများပြည်သူမှာ ဆန်ဝယ်ယူစားသုံးရန် အခက်အခဲများဖြစ်ပေါ်ပြီး ကျပ်တည်းမှုများကြုံတွေ့နေရကြောင်း သတင်းရရှိသည့်အတွက် နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ မြို့ကြီးများရှိ ဆန်ဂိုဒေါင် ၁၀၂ လုံး၊ ဆန်စက် ၂၅ ခု၊ ဆိုင်ခန်းခုနစ်ခုတို့မှ ဆန်စပါးလုပ်ငန်းရှင် ၅၈ ဦးကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က လစဉ်ထုတ်ပြန်သည့်သင့်တင့်မျှတသောဈေးကွက်ဈေးနှုန်းထက် အမြတ်အစွန်းပိုမိုရယူကာရောင်းချမှု ရှိ၊ မရှိကို လုံခြုံရေးအဖွဲ့အစည်းများက ဖော်ထုတ်စစ်ဆေးခဲ့ပါသည်။

စစ်ဆေးတွေ့ရှိချက်များအရ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှလစဉ်ထုတ်ပြန်သည့် သင့်တင့်မျှတသောဈေးကွက်ဈေးနှုန်းထက် ၁၀ ရာခိုင်နှုန်းထိအမြတ်အစွန်းပိုမိုရယူကာရောင်းချခဲ့သည့် ဆန်စပါးလုပ်ငန်းရှင် ၂၇ ဦး၊ သတ်မှတ်ဈေးနှုန်းထက် ၁၁ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းထိ ပိုမိုအမြတ်တင်ရောင်းချခဲ့သည့်ဆန်စပါးလုပ်ငန်းရှင် ၂၄ ဦး၊ သတ်မှတ်ဈေးနှုန်းထက် ၃၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းထိပိုမို၍ အကျိုးအမြတ်များစွာရယူရောင်းချခဲ့သည့် ဆန်စပါးလုပ်ငန်းရှင် ခုနစ်ဦးရှိကြောင်း စိစစ်တွေ့ရှိရသည်။

သို့ဖြစ်၍ သတ်မှတ်ဈေးနှုန်းထက် ၁၁ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းထိ ပိုမိုအမြတ်တင်ရောင်းချခဲ့သည့် ဆန်စပါးလုပ်ငန်းရှင် ၂၄ ဦးကို ၎င်းတို့ရရှိခဲ့သည့် အကျိုးအမြတ်များအပေါ် ဒဏ်ကြေးနှင့် အခွန်ထပ်မံစည်းကြပ်သွားမည်ဖြစ်ကြောင်း၊ သတ်မှတ်ဈေးနှုန်းထက် ၃၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းထိ ပိုမို၍အကျိုးအမြတ်များစွာ ရယူရောင်းချခဲ့သည့် အောက်ပါ ဆန်စပါးလုပ်ငန်းရှင် ခုနစ်ဦးကို ၂၀၁၂ ခုနှစ် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ-၅အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|
| ၁ |  လင်းကိုကိုနိုင် | Global Myanmar Trading ကုမ္ပဏီ ဒါရိုက်တာ | အမှတ်(၇၈၉)၊ အနော်ရထာလမ်း၊ အနော်ရထာ စက်မှုဇုန်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၂ |  ကျော်ဇော်လင်း | ရတနာပုံဆန်စက် ပိုင်ရှင် | အမှတ်(၄၂၁၇/၄၂၁၈)၊ ရန်ကုန်-မန္တလေး (လမ်းဟောင်း)၊ အောင်သာယာရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ။ | |
| ၃ |  မြင့်ဆွေ | Kanbawza ဆန်ရောင်းဝယ်ရေးလုပ်ငန်း ပိုင်ရှင် | အမှတ်(၈/၆၃)၊ အသောကလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၄ |  လင်းထွဋ်နိုင် | သိင်္ဂီဆန်စက်ပွဲရုံ ဒါရိုက်တာ | အခန်းအမှတ် (B/1501)၊ Grand Mya Kan Thar Condo၊ မြကန်သာလမ်း၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၅ |  သိန်းဦး | စိန်ငါးပွင့်ဆန်ဆိုင် တာဝန်ခံ | အမှတ်(၂၂)၊ အကွက်(၄၈၆)၊ တမ္ပဝတီရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | |
| ၆ |  အောင်တင် | သစ္စာရှင်ဆန်/ဆီ ရောင်းဝယ်ရေး ပိုင်ရှင် | အမှတ်(၅၅)၊ ရာမဝတီအိမ်ရာ၊ (၆၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၇ |  ဝင်းဇော် | သန့် ဆန်ဆိုင် တာဝန်ခံ | အခန်း(၇)၊ ကျွမ်းကျင်ဆောင်၊ ပြည်သူ့ဆေးရုံကြီး အိမ်ထောင်သည်လိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |

အလားတူ နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ မြို့ကြီးများရှိဈေးဝယ်စင်တာနှင့် စတိုးဆိုင်ကြီးများတွင် အလေးချိန်အမျိုးမျိုးဖြင့် အသင့်ထုပ်ပိုးထားသည့် ဆန်အိတ်များ(**Consumer Package**)ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ လစဉ်ထုတ်ပြန်သည့်သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းထက် ပိုမိုအမြတ်တင်ရောင်းချလျက်ရှိကြောင်း သိရှိရသည့်အတွက် ဈေးဝယ်စင်တာနှင့်စတိုးဆိုင်ကြီး ၅၃ ဆိုင်၏ ဆန်ရောင်းဝယ်မှုအခြေအနေများကို လုံခြုံရေးအဖွဲ့အစည်းများက ဝင်ရောက်စစ်ဆေးခဲ့ပြီး တာဝန်ရှိသူများကို ထိန်းသိမ်းစစ်ဆေးခဲ့သည်။

ဈေးနှုန်းထက် ၂၁ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိ ပိုမိုအမြတ်တင်ရောင်းချခဲ့သည့် ဈေးဝယ်စင်တာနှင့် စတိုးဆိုင် ၃၀ ကို ၎င်းတို့ရရှိခဲ့သည့် အကျိုးအမြတ်များအပေါ် ဒဏ်ကြေးနှင့် အခွန်ထပ်မံစည်းကြပ်သွားမည်ဖြစ်ကြောင်း၊ သတ်မှတ်ဈေးနှုန်းထက် ၅၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းထိပိုမို၍ အကျိုးအမြတ်များစွာရယူရောင်းချခဲ့သည့် ဈေးဝယ်စင်တာ ၂၂ ဆိုင်မှ အောက်ပါတာဝန်ရှိသူလေးဦးကို ၂၀၁၂ ခုနှစ် အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ-၅ အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်-

ထိုသို့ ဆန်ဈေးနှုန်းများမြင့်တင်ရောင်းချမှုများကြောင့် အခြေခံပြည်သူများမှာ ဆန်ဈေးနှုန်းမြင့်မား

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|
| ၁ |  မျိုးသန့် | One Stop Mart ဒါရိုက်တာ | အမှတ်(၄၂၉)၊ သစ္စာဝါရီလမ်း၊ မေတ္တာညွန့် ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၂ |  ဖြိုးမင်းကျော် | City Mart Holding ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် | အမှတ်(၅၉)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၃ |  မောင်မောင်ဝင်း | Sein Gay Har Trading ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ | အမှတ်(၈၉/စီ)၊ နှင်းဆီကုန်းလမ်း၊ စောရန်ပိုင်(အနောက်)ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |
| ၄ |  Mr.Kasamatsu Hiroshi | Aeon Orange ဒါရိုက်တာ | တိုက်(ဒီ)၊ ၁၂ ထပ်၊ တာဝါ(၁)၊ (၇)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | |

စစ်ဆေးတွေ့ရှိချက်များအရ အထက်ပါဈေးဝယ်စင်တာနှင့်စတိုးဆိုင်ကြီးများသည် အလေးချိန်အမျိုးမျိုးဖြင့် အသင့်ထုပ်ပိုးထားသည့်ဆန်အိတ်များ(**Consumer Package**)ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှလစဉ်ထုတ်ပြန်သည့်သင့်တင့်မျှတသောဈေးကွက် ဈေးနှုန်းထက် ၂၀ ရာခိုင်နှုန်းထိ အမြတ်အစွန်းပိုမိုရယူကာရောင်းချလျက်ရှိသည့်စတိုးဆိုင် တစ်ဆိုင်၊ ၂၁ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိ ပိုမိုအမြတ်တင်ရောင်းချလျက်ရှိသည့်ဈေးဝယ်စင်တာနှင့်စတိုးဆိုင် ၃၀၊ ၅၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းထိ ပိုမိုအမြတ်တင်ရောင်းချလျက်ရှိသည့် ဈေးဝယ်စင်တာ ၂၂ ဆိုင်ရှိကြောင်း၊ ထို့ပြင် ဈေးဝယ်စင်တာနှင့် စတိုးဆိုင်အချို့မှာ ၎င်းတို့၏ ကုမ္ပဏီဝန်ထမ်းစရိတ်၊ အရောင်းမြှင့်တင်ရေးစရိတ်များကိုပါ အကျိုးအမြတ်ရယူရောင်းချသည့်နှုန်းများတွင် မလိုလားအပ်ဘဲ ထည့်သွင်းတွက်ချက်ရောင်းဝယ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရသည်။

စစ်ဆေးတွေ့ရှိရသည့်ဆိုင်များအနက် သတ်မှတ်စွာဖြင့် ဝယ်ယူစားသုံးရလျက်ရှိသည့်အပြင် နိုင်ငံတော်၏ စီးပွားရေးဈေးကွက်တည်ငြိမ်မှုကိုလည်း အနှောင့်အယှက်ဖြစ်စေခဲ့သဖြင့် ၎င်းတို့ကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ ပြည်သူလူထု၏ စားဝတ်နေရေးအကြပ်အတည်းဖြစ်စေရန် ပြည်တွင်းဆန်ဈေးကွက်အတွင်း၌ ဆန်ဈေးနှုန်းများကို သင့်တင့်မျှတသောဈေးနှုန်းများထက် ပိုမိုရောင်းချဆောင်ရွက်နေသူများကိုလည်း စိစစ်ဖော်ထုတ်ကာ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်သူလူထုအနေဖြင့်လည်း ဆန်ဈေးကွက်အတွင်း ဝယ်ယူစားသုံးရာတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ လစဉ်ထုတ်ပြန်သည့် သင့်တင့်မျှတသောဈေးကွက်ဈေးနှုန်းထက်ပိုမို၍ အမြတ်အစွန်းရယူရောင်းချနေကြောင်းတွေ့ရှိရပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများသို့ လျှို့ဝှက်စွာသတင်းပေးပို့နိုင်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ **(၅၀၁)**

# ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားပြီး အတိုး၊ အရင်း ပေးဆပ်ရန်ကျန်ရှိနေသော လုပ်ငန်းများအနေဖြင့် ချေးငွေများ အမြန်ဆုံးပေးဆပ်ရန် အသိပေးကြေညာ

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သောစီးပွားရေးလုပ်ငန်းများကို ချေးငွေသက်တမ်းတစ်နှစ်(အတိုးနှုန်း ၁ %) ဖြင့် ၂၀၂၀ ပြည့်နှစ်ဧပြီလမှစတင်၍ ချေးငွေများထုတ်ချေးခဲ့ပါသည်။ ချေးငွေသက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီးနောက် ပထမအကြိမ် ခြောက်လ၊ ဒုတိယအကြိမ် ခြောက်လနှင့် တတိယအကြိမ် တစ်နှစ်နှင့်စုစုပေါင်း သုံးနှစ်ထိ ချေးငွေသက်တမ်းများ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်းသုံးနှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်ပါသဖြင့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပြန်လည်ပေးဆပ်ရန် တာဝန်ကျန်ရှိနေသည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် ချေးငွေ အတိုး၊အရင်းများကို ၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက် မတိုင်မီ အမြန်ဆုံးအပြေအကျေပြန်လည်ပေးဆပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**



ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာအနီး၌ PDF အမည်ခံအကြမ်းဖက်သမားများက ခရီးသည်တင်ယာဉ်များကို မိုင်းဆွဲ၊ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် သံဃာတော်တစ်ပါးအပါအဝင် ခရီးသွားပြည်သူများ ထိခိုက်ဒဏ်ရရှိမှုအား တွေ့မြင်ရစဉ်။







ချောင်းဦးမြို့နယ်
ငါးယုန်ကျေးရွာအနီး၌
PDFအမည်ခံ
အကြမ်းဖက်သမားများက
မိုင်းဆွဲတိုက်ခိုက်ပြီး
လက်နက်ငယ်များဖြင့်
ပစ်ခတ်တိုက်ခိုက်ခံရသည့်
ခရီးသည်တင်ယာဉ်များအား
တွေ့မြင်ရစဉ်။

☆ **ကျောဖုံးမှအဆက်**

ထိုကဲ့သို့ PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ခရီးသွားပြည်သူအမျိုးသမီးတစ်ဦးသေဆုံးခဲ့ရပြီး သံဃာတော်တစ်ပါးနှင့် အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ မုံရွာမြို့နှင့် ချောင်းဦးမြို့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးကိစ္စရပ်များနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်ရေးအမြန်ဆုံးသွားရောက်ခဲ့ရာ ငါးယုန်ကျေးရွာ၏အရှေ့ဘက် မီတာ ၂၀၀၀ ခန့်အကွာ မန္တလေး-မုံရွာလမ်းမကြီးပေါ်၌ အသင့်စောင့်ဆိုင်းနေရာယူထားသည့် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများသည် မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ခရီးသည်တင်ယာဉ်များ ပစ်ခတ်တိုက်ခိုက်ခံရသည့် ပတ်ဝန်းကျင်နေရာတစ်ဝိုက်ကို နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက အမြန်ဆုံးသွားရောက်၍ လိုအပ်သည်များဆောင်ရွက်ခဲ့ရာ ပေါက်ကွဲမှုမရှိသေးသည့် လက်လုပ်မိုင်းမျိုးစုံအလုံး ၃၀ ကိုဖော်ထုတ်သိမ်းဆည်းရမိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သည့်ခရီးသွားပြည်သူများအား မုံရွာမြို့ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှုခံယူနိုင်ရေး ဆောင်ရွက်ပေးခဲ့သည်။

ဆေးရုံသို့ရောက်ရှိလာသည့် ထိခိုက်ဒဏ်ရာရရှိခဲ့သော ခရီးသွားပြည်သူများကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားခဲ့ပြီး လိုအပ်သည့် ဆေးကုသမှုများဆောင်ရွက်နိုင်ရေးစီစဉ်ဆောင်ရွက်ပေးကာ ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်ဘဲ အေးချမ်းစွာ ခရီးသွားလာလျက်ရှိသည့် အများပြည်သူများ၏ အသက်အန္တရာယ်ထိခိုက်သေကျေသည်ထိစက်ဆုပ်ရွံရှာဖွယ်အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် CRPH၊ NUG တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများကို ချေမှုန်းနိုင်ရေးလုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ ဆုတ်ခွာသွားသော အကြမ်းဖက်သမားများနောက်သို့ လိုက်လံချေမှုန်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့်ခရီးသွားပြည်သူများဘေးကင်းလုံခြုံစွာ



သိမ်းဆည်းရမိသည့် လက်လုပ်မိုင်းမျိုးစုံအား တွေ့မြင်ရစဉ်။

သွားလာနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်း ၅ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းများကို တာဝန်သိပြည်သူများနှင့်ပူးပေါင်း သတင်းရရှိသည်။ (၅၀၁)

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၅၈၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၅၈၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်း ၁၁၆ ဧကနှင့် မိုးပဲတီစိမ်း ၃၈၅၂၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခု နှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိပဲတီစိမ်းဧက ၁၅၈၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဝက်လက်မြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးကြိုပဲတီစိမ်းနဲ့ မိုးပဲတီစိမ်း ၃၈၆၄၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၅၈၉၀ စိုက်ပျိုးပြီးပါပြီ။ လျာထားချက် ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ အသိပညာပေးတာတွေရှိတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြင်စန်းထံမှ သိရသည်။

(၂၀၆)

# နိုင်ငံတကာယဉ်ကျေးမှုနှင့် အားကစားပွဲတော်(နဂါးလှေလှော်)ပြိုင်ပွဲတွင် မြန်မာအသင်း ပထမ(ရွှေတံဆိပ်)ဆု နှစ်ခုဖြင့် နိုင်ငံအလိုက်အဆင့် ပထမရရှိ

**ရန်ကုန် ဇွန် ၃၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Barnaul မြို့တွင် ဇွန် ၂၈ ရက်မှ စတင်ကျင်းပလျက်ရှိသည့် နိုင်ငံတကာယဉ်ကျေးမှုနှင့် အားကစားပွဲ (နဂါးလှေလှော်ပြိုင်ပွဲ) (International Sports Festival Altai Regatta. Dragon Festival) ပြိုင်ပွဲကို ယနေ့ဒေသစံတော်ချိန်နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ကိုယ်စားပြုလှေလှော်အားကစားသမားများသည် မီတာ ၅၀၀ အမျိုးသား ၁၀ တက်လှော်ပြိုင်ပွဲ၌ ပထမ(ရွှေတံဆိပ်)ဆုထပ်မံဆွတ်ခူးရရှိပြီးနိုင်ငံအလိုက်အဆင့် ပထမရရှိခဲ့သည်။




အဆိုပါပြိုင်ပွဲ၌ မီတာ ၅၀၀ အမျိုးသား ၁၀ တက်လှော်ပြိုင်ပွဲတွင် ရေလမ်းကြောင်း နံပါတ်(၂)မှ ယှဉ်ပြိုင်သည့် မြန်မာအသင်းက စံချိန် ၀၂း၀၁ ဒသမ ၅၅၁ ဖြင့် ပထမရွှေတံဆိပ်ဆုကိုလည်းကောင်း၊ ရေလမ်းကြောင်းနံပါတ်(၄)မှ ယှဉ်ပြိုင်သည့် အင်ဒိုနီးရှားအသင်းက စံချိန် ၀၂း၀၂ ဒသမ ၇၆၂ ဖြင့် ဒုတိယ ငွေတံဆိပ်ဆုကိုလည်းကောင်း၊ရေလမ်းကြောင်းနံပါတ်(၃) မှ ယှဉ်ပြိုင်သည့် ကမ္ဘောဒီးယားအသင်းက စံချိန် ၀၂း၀၆ ဒသမ ၁၆၅ဖြင့် တတိယကြေးတံဆိပ်ဆုကိုလည်းကောင်း၊ ရေလမ်းကြောင်းနံပါတ်(၅)မှ ယှဉ်ပြိုင်သည့် ဖိလစ်ပိုင်အသင်းက စံချိန် ၀၂း၀၇ ဒသမ ၁၁၁ ဖြင့် စတုတ္ထဆုကိုလည်းကောင်း၊ ရေလမ်းကြောင်းနံပါတ်(၁) မှ ယှဉ်ပြိုင်သည့် ဥဇဘက်ကစ္စတန်အသင်းက စံချိန် ၀၂း၁၁ ဒသမ ၆၅၀ဖြင့် ပဉ္စမအဆင့်နှင့် ရေလမ်းကြောင်းနံပါတ်(၆)မှယှဉ်ပြိုင်သည့် ရုရှားအသင်းတို့က စံချိန် ၀၂း၁၂ ဒသမ ၁၅၀ ဖြင့် ဆဋ္ဌမအဆင့်တို့ အသီးသီးရရှိခဲ့သည်။

ဆက်လက်၍ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင်ကျင်းပသည့် အမျိုးသား ၁၀ တက်လှော်မီတာ ၂၀၀၀ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာအသင်းသည် ဆဋ္ဌမအဆင့် ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းက မီတာ ၂၀၀နှင့် မီတာ ၅၀၀ အမျိုးသား ၁၀ တက်လှော်ပြိုင်ပွဲတို့တွင် ပထမရွှေတံဆိပ်ဆုနှစ်ဆုဆွတ်ခူးရယူနိုင်ခဲ့ပြီး မီတာ ၂၀၀၀ ပြိုင်ပွဲတွင် အကောင်းဆုံးယှဉ်ပြိုင်လှော်ခတ်နိုင်သော်လည်း ရလဒ်အနေဖြင့် အဆင့်(၆)ဖြင့်သာ ကျေနပ်ခဲ့ရသော်လည်း ပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းအနေဖြင့် ပြိုင်ပွဲဝင်အသင်း ကိုးနိုင်ငံအနက် နိုင်ငံအလိုက်အဆင့် ပထမရရှိခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## မြစ်ကြီးနားမြို့တွင် ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိ

**နေပြည်တော် ဇွန် ၃၀**

ယနေ့ည ၆ နာရီ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးလက်မခန့် (ခုနစ်စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။

အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။ သို့ဖြစ်ပါ၍ မြစ်ကြီးနားမြို့ နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## ရဲစွမ်းညီ မျိုးမာန်ဝင့်လို့


- ကမ္ဘာတစ်ခွင် နိုင်ငံတိုင်း
ကိုယ့်သမိုင်းနဲ့ ကိုယ့်ပြည်ထောင်၊
ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးရင်း
သွေးစည်း စွမ်းဆောင်၊
ရပ်တည်ချက် ထွန်းတောက်ပြောင်
ပြည့်ဂုဏ်ရောင် ဝင့်ထည်မှု၊
ချုပ်ခြာအာဏာ စဉ်တည်တံ့ဖို့
ဖြန့်ကြက် အခြေပြု။

- ကိုယ့်တိုင်းပြည် ကိုယ့်ပိုင်နက်
စွက်ဖက်မှု ထိမခံ၊
ပြည်ချစ်သူ နိုင်ငံသားတိုင်း
စွဲထား သန္နိဋ္ဌာန်၊
အရေးကြီး လက်တွဲရံ
ပြည်နိုင်ငံ ကာကွယ်ရေး၊
သက်သွေးတည် စွန့်စတေးဖို့
ပေးဆက်မနှေး။

- ကိုယ့်နိုင်ငံ ရန်ကွာဝေးဖို့
ကာကွယ်ရေးနဲ့ ပြည့်ဂုဏ်အင်၊
အမျိုးသားမာန် မျိုးချစ်စိတ်နဲ့
ဦးထိပ်ပန်ဆင်၊
စစ်မှုထမ်းခွင့် ပြည်ကျိုးယှဉ်
နိုးကြားပါဝင် ကျေပွန်ထမ်း၊
အနာဂတ်ရေး ပြည့်တာဝန်
မဟာမလပ်မနှေး သိသညာချွန်ဖို့
မျိုးဆက်မွန် ဇာနည်သွေးတို့
သမိုင်းပေးအမွေ ခံယူလှမ်းကာပ
ရဲစွမ်းညီ မျိုးမာန်ဝင့်ပါလို့
ကိုယ့်ပြည်ရွာ ကာကွယ်ဖို့အသင့်
(ကွယ်. . . )
လက်ဆင့်ဆင့်ကမ်း။ ။

**မောင်မောင်ထွန်း(ပန်းပျိုးအိမ်)**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ကိုဗစ် - ၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# ယူကရိန်းအရေးတွင် အတွက်အချက်မှားယွင်းနေသော NATO

NATO အဖွဲ့သည် ယူကရိန်းအရေးတွင် ပါဝင်ပတ်သက်နေရာမှ တဖြည်းဖြည်း စစ်နွံနစ်လာပြီဖြစ်သည်။ လက်ရှိအချိန်တွင် ပြင်သစ်နိုင်ငံသည် ယူကရိန်းသို့ တပ်ဖွဲ့ဝင်များ တရားဝင်စေလွှတ်လျက်ရှိပြီး NATO အဖွဲ့ဝင်နိုင်ငံများသည် ရုရှားနိုင်ငံအတွင်းသို့ တိုက်ခိုက်ရန် တောင်းဆိုလျက်ရှိကြသည်။ ထိုအတောအတွင်း အမေရိကန်နိုင်ငံသည် မူဝါဒအပြောင်းအလဲကို လျှို့ဝှက်စွာလုပ်ဆောင်လျက်ရှိပြီး ယူကရိန်းသမ္မတ ဇီလန်စကီး၏ တောင်းဆိုချက်များကိုလိုက်လျောရန် ဝန်လေးလာလျက်ရှိသော်လည်း ရုရှားနယ်မြေကို တိုက်ခိုက်ရန်အတွက်မူ တံခါးဖွင့်ပေးထားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က အမေရိကန်က ရုရှားနယ်မြေအတွင်းသို့တိုက်ခိုက်ရန် ခွင့်ပြုခြင်းသည် သတင်းအမှားပင်ဖြစ်ကြောင်း ပြောဆိုခဲ့သော်လည်း အမေရိကန်မူဝါဒတွင် အပြောင်းအလဲရှိသည်ဆိုသောအချက်ကိုမူ ငြင်းဆိုခဲ့ခြင်းမရှိပေ။ ၎င်းအနေဖြင့် ရုရှားနိုင်ငံက တမင်ဖန်တီးထားသည့် မဟုတ်မမှန်သတင်းဖြစ်ကြောင်းပြောဆိုခဲ့သော်လည်း အဆိုပါသတင်းများသည် ရုရှားနိုင်ငံမှထွက်ပေါ်လာခြင်းမဟုတ်ဘဲ အမေရိကန်မှ ထွက်ပေါ်လာခြင်းသာဖြစ်သည်။

လက်ရှိအချိန်တွင် ယူကရိန်းနိုင်ငံသည်ပြိုလဲမည့်အန္တရာယ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ယူကရိန်းသည် တပ်ဖွဲ့ဝင် အင်အားပြတ်လပ်လျက်ရှိပြီး သေကျေထိခိုက်မှုများဆက်လက်ဖြစ်ပေါ်လျက်ရှိသဖြင့် အခြေအနေမှာ တစ်နေ့တခြားပိုမိုဆိုးရွားလာလျက်ရှိသည်။ ရုရှားနိုင်ငံ၏အဆိုအရ မေလအတွင်း၌ပင် ယူကရိန်းတပ်ဖွဲ့ဝင် ၃၅၀၀၀ သေကျေထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။ ယူကရိန်းနိုင်ငံအနေဖြင့် ဆုံးရှုံးသွားသော တပ်ဖွဲ့ဝင်များနေရာတွင် အစားထိုးနိုင်စွမ်းမရှိသည့်အပြင် လူသစ်စုဆောင်းသည့် အစီအစဉ်သည် လေ့ကျင့်သားပြည့်ဝသော တပ်ဖွဲ့ဝင်များနေရာတွင် ချက်ချင်းအစားထိုးနိုင်စွမ်း ရှိမည်မဟုတ်ချေ။

ရုရှားနိုင်ငံအနေဖြင့် စစ်မြေပြင်တွင်တပ်ဖွဲ့ဝင်အင်အားပိုမိုဖြည့်တင်းလျက်ရှိသည်ဆိုသော ကောလာဟလများလည်း ထွက်ပေါ်လျက်ရှိသည်။ လက်ရှိ တိုက်ခိုက်နေသည့် Kharkov စင်ဆင်ရေးကို အာရုံစိုက်သည့်အနေဖြင့် တပ်ဖွဲ့ဝင်များ အင်အားဖြည့်တင်းသည်ဟု အချို့ကယူဆလျက်ရှိသည်။ အချို့ကလည်း Sumy ဒေသတွင် စစ်မျက်နှာသစ်ဖွင့်မည်ဟု ခန့်မှန်းလျက်ရှိကြသည်။ ထို့ပြင် အချို့သောသူများက ရုရှားတို့သည် ကျဉ်းမြောင်းသောနယ်မြေတစ်လျှောက်တွင် ၎င်းတို့၏စစ်ဆင်ရေးကို မကြာမီအားဖြည့်သွားမည်ဖြစ်သည့်အတွက် နယ်မြေများ ပိုမိုသိမ်းပိုက်ပြီး နောက်ဆုံးတွင် Chasiv Yar ကို အရယူနိုင်မည်ဟု ယူဆထားကြသည်။

NATO ခေါင်းဆောင်များသည် ယူကရိန်းပြိုလဲတော့မည်အရေးကို စိုးရိမ်ပူပန်လျက်ရှိကြသည်။ ၎င်းတို့အနေဖြင့် ရုရှားတို့ နောက်ထပ်လုပ်ဆောင်လာမည့်အရာကို ခန့်မှန်းနေစဉ်မှာပင် ယူကရိန်းနိုင်ငံကို ကယ်တင်နိုင်မည့် ရွေးချယ်ရန်အခွင့်အလမ်းနည်းပါးလာလျက်ရှိသည်။ ယူကရိန်းနိုင်ငံသို့ NATO တပ်ဖွဲ့ဝင်အနည်းငယ်လောက်သာ စေလွှတ်ခြင်းသည်အဖြေတစ်ရပ်တော့မဟုတ်ပေ။ ထိုသို့ လုပ်ဆောင်ခြင်းသည် ဥရောပအနေဖြင့် မကြာမီအကျပ်အတည်းများနှင့် ရင်ဆိုင်လာရတော့မည်ဖြစ်သည်။

NATO အဖွဲ့သည် ရုရှားနိုင်ငံနှင့် စေ့စပ်ညှိနှိုင်းဆွေးနွေးလိုသောဆန္ဒမရှိပေ။ အထူးသဖြင့် အာဖဂန်နှင့် ယူကရိန်းအရေးတွင် ဆုံးဖြတ်ချက်မှားယွင်းခဲ့သော အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် လာမည့်ရွေးကောက်ပွဲတွင် အရှုံးနှင့်ရင်ဆိုင်ရနိုင်သဖြင့် ရုရှားနှင့် ဆွေးနွေးလိုသောဆန္ဒမရှိဘဲဖြစ်နေသည်။ လက်ရှိအချိန်တွင် ရုရှားနှင့် သဘောတူညီချက်မှန်သမျှသည် နယ်မြေတစ်ခုသာမက ယူကရိန်း၏အနာဂတ်ကိုပင်လျှင် ဆုံးရှုံးရနိုင်သည့် အဓိကကျသော အလျှော့ပေးမှုဖြစ်လာနိုင်ပေသည်။

ရုရှားနိုင်ငံကမူ NATO အဖွဲ့ကို ယူကရိန်းနိုင်ငံမှထွက်ခွာသွားရန် တောင်းဆိုထားသည့် ၎င်း၏မျဉ်းနီသတ်မှတ်ချက်ကို မပြောင်းလဲဆက်လက်ထိန်းသိမ်းထားရှိသည်။ ရုရှားတို့အနေဖြင့် ယူကရိန်းအတွက် လုံခြုံရေးဆိုင်ရာအာမခံချက်များကို သဘောတူသွားဖွယ်ရာရှိသော်လည်း ဘယ်လိုအာမခံချက်များဖြင့် အပေးအယူလုပ်သွားမလဲဆိုသော အဖြေမှာ ခန့်မှန်းရခက်ခဲလျက်ရှိသည်။ ထိုသို့ဖြစ်လာလျှင် အမေရိကန်အနေဖြင့် ယူကရိန်းအတွက် ရုရှားနှင့်




စစ်ပွဲဆင်နွှဲသွားမလားဆိုသောမေးခွန်းလည်း ထွက်ပေါ်လျက်ရှိသည်။ NATO အဖွဲ့တွင် တပ်ဖွဲ့များဖြည့်တင်းခြင်းသည်သာလျှင် အမေရိကန်၏အဖြေဖြစ်သည်။ သို့သော် အမေရိကန်တပ်ဖွဲ့သည် နိုင်ငံရပ်ခြားသို့ စစ်ဆင်ရေးအတွက် ဖွဲ့စည်းစေလွှတ်သည့် အင်အားလောက်သာရှိသဖြင့် ရုရှားကို ယှဉ်ပြိုင်ရန် အင်အားလွန်စွာနည်းပါးလျက်ရှိသည်။

အမေရိကန်တို့၏အသာစီးရရှိနိုင်မှုသည် နည်းဗျူဟာမြောက်လေကြောင်းစစ်ဆင်ရေးပင်ဖြစ်သည်။ သို့သော် အမေရိကန်တိုက်လေယာဉ်မှူးများသည် ရုရှားလေကြောင်းရန်ကာကွယ်ရေးက အမေရိကန်တို့၏ နည်းဗျူဟာမြောက်လေကြောင်းထိုးစစ်ကို ဟန့်တားနိုင်သည့် ကန့်သတ်နယ်မြေများတွင်သာ တာဝန်ထမ်းဆောင်သွားရဖွယ်ရှိနေသည်။ အမေရိကန်အနေဖြင့် ကိုယ်ပျောက်တိုက်လေယာဉ်များ ပိုင်ဆိုင်ထားရှိသည့်တိုင်အောင် ရုရှားတို့သည် F-22 နှင့် F-35 ကဲ့သို့သော အမေရိကန်၏ ကိုယ်ပျောက်တိုက်လေယာဉ်များကို တန်ပြန်တိုက်ခိုက်နိုင်ရန်နည်းလမ်းများ ပိုင်ဆိုင်ထားရှိပြီးဖြစ်သည်။

ရုရှားတို့အနေဖြင့် အမေရိကန်ကိုယ်ပျောက်တိုက်လေယာဉ်များကို အကွာအဝေးမည်မျှထိ ပစ်မှတ်ထားတိုက်ခိုက်နိုင်သလဲဆိုသော အချက်ကို မည်သူမျှ ပြောဆိုနိုင်ခြင်းမရှိသော်လည်း ရုရှားတို့၏ မဟာဗျူဟာမြောက်ကာကွယ်ရေးစနစ်များသည် ကိုယ်ပျောက်တိုက်လေယာဉ်ခြိမ်းခြောက်မှုများကို ကိုင်တွယ်နိုင်သည့် UHF နှင့် L-Band ရေဒါများကို အသုံးပြုလျက်ရှိသည်။

လွန်ခဲ့သောသီတင်းပတ်အတွင်း ရုရှားတို့၏မဟာဗျူဟာမြောက်ရေဒါစခန်းနှစ်ခုကို ဒရုန်းများဖြင့် တိုက်ခိုက်ခြင်းခံခဲ့ရသည်။ ရုရှားတို့၏ မဟာဗျူဟာမြောက်ရေဒါစခန်းများအပေါ် ထိုသို့တိုက်ခိုက်ခြင်းသည် ယူကရိန်းအရေးတွင် အမေရိကန်တို့၏ မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်များနှင့် နည်းဗျူဟာမြောက်လေကြောင်းတိုက်ခိုက်မှုအတွက် ကြိုတင်ပြင်ဆင်မှုလားဆိုသော မေးခွန်းထွက်ပေါ်လျက်ရှိသည်။ ရုရှားပိုင်နက်နယ်မြေအတွင်း တိုက်ခိုက်မည့် အမေရိကန်၏မူဝါဒအသစ်သည် Kharkov ဒေသတွင် တန်ပြန်တိုက်ခိုက်ရာ၌ ကန့်သတ်ချက်ဖြစ်ပေါ်နိုင်ပေသည်။ အခြားကန့်သတ်ချက်တစ်ခုမှာ အမေရိကန်တို့အနေဖြင့် ရုရှားနယ်မြေအတွင်းသို့ ATAC-MS ဒုံးကျည်များပစ်ခတ်ရန် ခွင့်ပြုသွားလိမ့်မည်မဟုတ်ချေ။

အမှန်တော့ အမေရိကန်နှင့် NATO လက်နက်များကို ရုရှားနယ်မြေအတွင်း အသုံးပြုထားပြီးဖြစ်သောကြောင့် အမေရိကန်မူဝါဒသည် လုံးလုံးလျားလျား အဓိပ္ပာယ်မဲ့လျက်ရှိကြောင်း ရုရှားတို့ကပြောဆိုလျက်ရှိသည်။ ရုရှားသမ္မတ ပူတင်က အမေရိကန်နှင့် NATO အဖွဲ့တို့သည် ယူကရိန်းအတွက် တာဝေးပစ်လက်နက်များနှင့် ပစ်မှတ်သတင်းအချက်အလက်များပေးအပ်လျက်ရှိသဖြင့် မူဝါဒအသစ်သည် တစ်မူထူးခြားမှုလုံးဝမရှိကြောင်း ပြောကြားသွားခဲ့သည်။

ရုရှားပိုင်နက်နယ်မြေအတွင်း တိုက်ခိုက်ခြင်းသည် စစ်ရေးဆိုင်ရာ ရွေးချယ်မှုတစ်ခုဖြစ်သော်လည်း ထိုသို့ တိုက်ခိုက်ခြင်းသည် ယူကရိန်းအရေးတွင် အပြောင်းအလဲတစ်စုံတစ်ရာမျှ ဖြစ်ပေါ်လာမည်မဟုတ်ချေ။ ရုရှားတို့ကို ပြန်လည်တွန်းလှန်နိုင်ရေး ယူကရိန်းတို့အတွက် အကောင်းဆုံးအဖြေသည် ဒရုန်းများ အသုံးပြုခြင်းပင်ဖြစ်သည်။ ဒရုန်းအများစုကို တရုတ်နိုင်ငံက ထုတ်လုပ်ထားပြီး RPG-7 ကျည်ထိပ်ဖူးများကဲ့သို့သော ဗုံးသီးများတပ်ဆင်ရေးအတွက် ယူကရိန်းနိုင်ငံတွင် ပြန်လည်အဆင့်မြှင့်တင် တည်ဆောက်ထားသည်။

အဆိုပါ ဒရုန်းများသည် တင့်ကားနှင့်သံချပ်ကာယာဉ်များကို ချေမှုန်းနိုင်စွမ်းရှိသည့်အပြင် ကွပ်ကဲမှုစင်တာနှင့် လေကြောင်းရန်ကာကွယ်ရေးရေဒါများကိုပင်လျှင် တိုက်ခိုက်နိုင်စွမ်းရှိသည်။ ယူကရိန်းတို့သည် အဆိုပါပစ်မှတ်များကို ဒရုန်းထောင်ပေါင်းများစွာနှင့် ပစ်ခတ်လျက်ရှိရာ အတန်အသင့်တော့ ထိရောက်လျက်ရှိသည်။ တရုတ်အနေဖြင့် ရုရှားနှင့်မဟာမိတ်ဖွဲ့ထားသော်လည်း ယူကရိန်းသို့ ဒရုန်းများဆက်လက်ရောင်းချနေဆဲပင်ဖြစ်သည်။ ရုရှားတို့အနေဖြင့် တရုတ်၏ ဒရုန်းရောင်းချမှုနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာမျှ ပြောဆိုခြင်းမရှိသည်မှာ စိတ်ဝင်စားဖွယ်ရာပင်ဖြစ်သည်။ ယူကရိန်းအရေးအဆုံးသတ်ရေး ရုရှားတို့အတွက် အလျင်မြန်ဆုံးနည်းလမ်းသည် ဒရုန်းများရောင်းချနေမှုကို ရပ်တန့်သွားရန်ပင်ဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။

ဒရုန်းထုတ်လုပ်သည့် တရုတ်ကုမ္ပဏီများစွာရှိသော်လည်း DJI သည် အကြီးမားဆုံးနှင့် အရေးပါဆုံးဖြစ်ပြီး ကမ္ဘာ့ဒရုန်းဈေးကွက်၏ ၈၀ ရာခိုင်နှုန်းခန့်ကိုထိန်းချုပ်ထားရှိသည်။ ဥရောပနှင့် အမေရိကန်တွင် ဒရုန်းထုတ်လုပ်သည့်ကုမ္ပဏီများရှိသော်လည်း ၎င်းတို့အနေဖြင့် အရေအတွက်အမြောက်အမြားထုတ်လုပ်နိုင်စွမ်းမရှိပေ။

NATO အဖွဲ့ဝင်နိုင်ငံများစွာက အမေရိကန်မူဝါဒအပြောင်းအလဲကို ထောက်ခံလျက်ရှိသော်လည်း အချို့သောနိုင်ငံများက ကန့်ကွက်လျက်ရှိသည်။ ယူကရိန်းအရေးတွင် NATO ပါဝင်မှုကိုဆန့်ကျင်သော ဟန်ဂေရီနိုင်ငံသည် ရုရှားနိုင်ငံအတွင်းတိုက်ခိုက်မှုကို ဆန့်ကျင်ကန့်ကွက်လျက်ရှိသည်။ အီတလီနိုင်ငံကလည်း အဆိုပါမူဝါဒကို ဆန့်ကျင့်လျက်ရှိသည်။ ဂျာမနီတို့အနေဖြင့်လည်း ထိုသို့တိုက်ခိုက်မှုကို ထောက်ခံသော်လည်း Taurus ဒုံးကျည်များပေးပို့သွားမည်မဟုတ်ကြောင်း ပြောဆိုလျက်ရှိသည်။ ထို့ကြောင့် ရုရှားတို့အနေဖြင့် လက်တုံ့ပြန်တိုက်ခိုက်သွားနိုင်မည်ဖြစ်သည်။

NATO အဖွဲ့အနေဖြင့် ရုရှားနိုင်ငံအတွင်းတိုက်ခိုက်ခြင်းသည် ဥရောပတွင် စစ်ပွဲချဲ့ထွင်ခြင်းဖြစ်လာမည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ယူကရိန်းအရေးသည် ဆက်လက်ဖြစ်ပွားနေမည်ဖြစ်သည်။ NATO အဖွဲ့အနေဖြင့် တပ်ဖွဲ့ဝင်များအပါအဝင်ဆုံးရှုံးမှုများ ပိုမိုများပြားလာမည်ဖြစ်သည်။ ထို့ကြောင့် ရုရှားနိုင်ငံအပေါ် လေကြောင်းတိုက်ခိုက်မှု သို့မဟုတ် မြေပြင်ထိုးစစ်များ လုပ်ဆောင်ခြင်းသည် ဥရောပဒေသအပေါ် ကြီးမားသောဆိုးကျိုးများ သက်ရောက်နိုင်သဖြင့် အဆိုပါအစီအမံများကို လက်တွေ့အကောင်အထည်ဖော်သွားဖွယ်ရာမရှိပေ။ စင်စစ်အားဖြင့် ဥရောပနှင့် အမေရိကန်ရှိအတွေးအခေါ် ပညာရှင်များက ကြီးမားသောစစ်ပွဲတွင် NATO အဖွဲ့၏ပါဝင်ပတ်သက်မှုသည် အန္တရာယ်ကြီးမားသောစွန့်စားမှုကြီးပင် ဖြစ်ကြောင်း နားလည်သဘောပေါက်ထားပြီးဖြစ်သည်။

ရုရှားနယ်မြေအတွင်းတိုက်ခိုက်ခြင်း သို့မဟုတ် ပြင်သစ်တပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းအားဖြင့် ရုရှားနိုင်ငံကို ပြန်လည်တွန်းလှန်ရန် ခြိမ်းခြောက်ခြင်းသည် အလုပ်ဖြစ်တော့မည်မဟုတ်ချေ။ အကြောင်းမူကား ရုရှားတို့အနေဖြင့် လက်တွေ့အခြေအနေကို ကြိုတင်တွက်ဆထားပြီး ယူကရိန်းအရေးကို ဆက်လက်ဆင်နွှဲလျက်ရှိသည်။ ထို့ပြင် ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ NATO အဖွဲ့၏ ဆွေးနွေးညှိနှိုင်းမှု ပျက်ကွက်ခြင်းသည် ကန့်သတ်ချက်ရှိနေသည့် NATO ၏ စွမ်းဆောင်ရည်များကို ပိုမိုဆုတ်ယုတ်လာစေမည်ဖြစ်သည်။ ထို့ကြောင့် အချို့သော NATO အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့လုံခြုံရေးအတွက် အခြားခိုလှုံရာတစ်နေရာကို ရှာဖွေရန်ဆုံးဖြတ်သွားဖွယ်ရာရှိနေသည်။ ထို့ကြောင့် NATO အဖွဲ့သည် ပျောက်ကွယ်တော့မည် အခြေအနေနှင့် ရင်ဆိုင်နေရပြီလားဆိုသော မေးခွန်းထွက်ပေါ်လာနေပြီဖြစ်သည်။

**ကိုးကား**

**- NATO flirting with war and extinction in Ukraine by Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ငရုတ်ကောင်းမြို့တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၁၆၄၈၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော ဇွန် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့၌ မိုးသီးနှံစိုက်ပျိုးရာသီတွင်မိုးသီးနှံစုံ ၁၆၄၈၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့ နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငရုတ်ကောင်းမြို့တွင် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၁၆၄၈၇ ဧကကို ဇူလိုင်လ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးသီးနှံစုံ ၁၆၄၈၇ ဧကတွင် ပိန်း ၈၉ ဧက၊ ပီလောပီနံ ဧက ၄၅၀၊ ကွမ်း ၃၂ ဧက၊ ငရုတ် ဧက ၃၀၊ ပဲစင်းငုံ ၉၁ ဧက၊ ကြံ ၄၁ ဧက၊ ဖူးစားပြောင်း ၂၄၇ ဧက၊ နှမ်း ၅၁ ဧက၊ မြေပဲ ၅၆၂ ဧက၊ စားဖိုဆောင်သီးနှံ ၈၇၁ ဧက၊ မိုးစပါး ၁၄၀၂၃ ဧကဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးသီးနှံစုံ စုစုပေါင်း ၁၆၄၈၇ ဧက လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ အခုနှစ်မိုးသီးနှံတွေထဲမှာ မိုးစပါးကို အများဆုံးစိုက်ပျိုးမှာဖြစ်ပါတယ်။ လက်ရှိမိုးသီးနှံတွေအားလုံး စိုက်ပျိုးနိုင်ဖို့လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာတွေဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးမဲ့သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ သီးနှံတွေအခက်အခဲမရှိ စိုက်ပျိုးဖို့အတွက် မစိုက်မီအချိန်ကနေ စိုက်ပျိုးပြီးတဲ့အချိန်ထိ တောင်သူတွေနဲ့ ပေါင်းစပ်ဆောင်ရွက်နေပါတယ်" ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးသီးနှံများ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးစရိတ်ချေးငွေများ စိုက်ပျိုးရာသီအမီရရှိစေရေး၊ စိုက်ပျိုးပြီးသီးနှံများအထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းသီးနှံများ စနစ်တကျ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးစသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဘားအံမြို့နယ် လှိုင်ကားကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း စစ်ဆေး

**ဘားအံ ဇွန် ၃၀**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိစေရန် ရည်ရွယ်၍ ဘားအံမြို့နယ် လှိုင်ကားကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်နှင့် တာဝန်ရှိသူများက လှိုင်ကားကျေးရွာရေရရှိ ရေးကော်မတီဝင်များနှင့်အတူ လှိုင်ကားကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့် က လုပ်ငန်းများအားလုံး အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် လှိုင်ကားကျေးရွာ၌ ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၂၉ ဒသမ ၅ သန်းဖြင့် အကျယ် လေးလက်မ၊ အနက်ပေ ၂၀၀ စက်ရေတွင်း တစ်တွင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်နှင့် ရေစက်ရုံအောက်ခန်းဖွဲ့ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မေလ ပထမပတ်မှ စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက လှိုင်ကားကျေးရွာရှိ အိမ်ခြေ ၅၀ မှ လူဦးရေ ၁၅၀ အတွက် သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**ကိုသက်**

# ကဗျာအလှ၊ စာအလှ (၁၆)

မန်းတင့်မော်

နယုန်လကုန်တော့မည်။ "နယုန်မိုးသေး မြက်သားမွေး"မှသည် "ဝါဆိုဝါခေါင် ရေဖောင်ဖောင်" သို့ရောက်တော့မည်။ မြန်မာလနှင့် ရာသီအမှတ်အသားများသည်ပင် ရှေးမြန်မာဘိုးဘွားများက စာချိုးကဗျာအလှများဖြင့် မှတ်သားရလွယ်ကူအောင် ဆင့်ကမ်းခဲ့ကြသည်။ ကဗျာ့ကျေးဇူး၊ စာကျေးဇူးများဟု မှတ်ယူမိပါသည်။ "ရာသီမသိ ပန်းနှင့်ညှိ" ဟူသောစကားအလှအရ နယုန်လ၏ ရာသီပန်းဖြစ်သော "စံပယ်မြတ်လေး ရနံ့မွေး"ရာမှ "ပုန်းညက်လန်းစို လဝါဆို"သို့ ကူးပြောင်းတော့မည်။ သည်ကာလတွင် မြန်မာ့အသက်သွေးခဲဟုဆိုအပ်သော "ဆန်စပါး"စိုက်ပျိုးရန် စတင်ပြင်ဆင်သောအခါလည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျေးလက်နေ လူဦးရေမှာ နိုင်ငံသားအားလုံး၏ ၇၂ ရာခိုင်နှုန်းခန့်ရှိပါသည်။ စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများကို ကျေးလက်နေပြည်သူများက ဆောင်ရွက်ကြ၏။ လယ်ထဲယာထဲတွင် တစ်နှစ်ပတ်လုံး နွားနှင့်အတူရုန်းကာ စိုက်ကြ၊ ပျိုးကြ၊ ပြုစုကြ၊ ရိတ်သိမ်းကြ၊ ခြွေလှေ့ကြရသည်။ တကယ်မအားရသည့် လယ်သမားဆိုသည့်အတိုင်း ပင်ပင်ပန်းပန်း လုပ်ဆောင်ကြရသည်။ မိုးမရွာခင်ကပင် ထွန်ထယ်ပြင်၍ မိုးရွာပြီဆိုပါက ထွန်ရေးထယ်ရေးကို စတင်ကြရသည်။ ရှေးဘုရင်များလက်ထက်က "လယ်ထွန်မင်္ဂလာ"ကို ဘုရင်ကိုယ်တိုင် လယ်ထဲဆင်း၍ထွန်သည့်ပွဲကို ကျင်းပလေ့ရှိကြသည်။ အိမ်နီးချင်းအိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘုရားရှင်၏ ခမည်းတော်တော်စပ်သူ "သုဒ္ဓေါဒန" မင်းကြီးကိုယ်တိုင် လယ်ထွန်မင်္ဂလာကျင်းပခဲ့သည်ကို ဗုဒ္ဓဘာသာဝင်တိုင်း သိရှိကြသည်။

မြန်မာကဗျာများတွင် လယ်ယာလုပ်ငန်းနှင့် သက်ဆိုင်သော တေးကဗျာများစွာရှိသည်။ လယ်လုပ်ငန်းအစ လယ်ထွန်ကြရပုံကို-

- ရမထာ ရွှေကြိမ်လုံးရယ်နဲ့
  ထွန်တုံးကိုတဲ့ ခြေတော်တင်
  နွားကြန်စုံနှင့်။
- ပျိုးခင်းကိုဝင်
  ကောင်းကင်က ရွှေပိန်ညင်းရယ်
  မိုးခေါ်လို့ဆင်း။ ။ ဆိုသောကဗျာအလှသည်

ဂန္ထဝင်မြောက် တည်တံ့လျက်ရှိသည်။ အထက်ပါကဗျာမှာ ရေးဖွဲ့သူကို မသိရပါ။ ပညာရှင်များက ဗုံထောက်သံ၊ ကောက်စိုက်တေး၊ ဗုံကြီးသံ စသည်ဖြင့် ဖွင့်ဆိုကြပါသည်။ ကဗျာဆရာလည်းဖြစ်၊ စာပေပညာရှင်လည်းဖြစ်သော ဆရာမောင်သာနိုးကမူ လူထုတေးသံဟု သတ်မှတ်ပါသည်။ ကဗျာကိုဖတ်လိုက်လျှင် မြန်မာလယ်သမား လူညိုထွားက အားအင်အပြည့်ဖြင့် လယ်ထွန်နေပုံမြင်ကွင်းက ပေါ်လာမည်။ ကြိမ်တံမြှောက်လျက် နွားငေါက်သံကိုလည်း ကြားရမည်။ ကြန်အင်လက္ခဏာပြည့်စုံသော နွားညီနောင်ကလည်း ယှဉ်တွဲလျက် လယ်ထွန်ယောက်ျားကို အပြည့်အဝ ကူညီပေးနေသည်။ တစ်ဖက်တွင် အစိမ်းနုရောင်ပျိုးခင်းများကိုလည်း တွေ့နိုင်သေးသည်။ ကောင်းကင်က ပျံဝဲလာသော ပိန်ညင်းငှက်များကလည်း လယ်ကွက်ထဲသို့ ဆင်းပြီ။ ပိန်ညင်းငှက်နှင့်အတူ မိုးကရွာချပြီ။ ပိန်ညင်းငှက်၏ တေးသံနှင့်မိုးသံတို့မှာ ရောထွေးသွားရသည်။ ဝသန်အလှပန်းချီကားတစ်ချပ်နှင့် မိုးဦးအော်ပရာ တစ်ပုဒ်တို့ကား ပြည့်စုံခဲ့ပြီ။

လယ်ထွန်မင်္ဂလာနှင့်စပ်လျဉ်း၍ ပုဂံခေတ်က အဘိုးဘုရင်၊ သားဘုရင်နှင့် မြေးဘုရင်တို့ လယ်ထွန်မင်္ဂလာဆင်ယင်ခဲ့ပုံများကို မှတ်သားဖူးပါသည်။ အဘိုးဘုရင်က လယ်ထွန်မင်္ဂလာ ဆင်ယင်နေစဉ် ထွန်ပေါ်မှကျ၍ နတ်ရွာစံရသဖြင့် "ထွန်တိုက်မင်း"ဟုတွင်သည်။ သားဘုရင်က သူ့လက်ထက်တွင် လယ်ထွန်မင်္ဂလာ မကျင်းပသဖြင့် "ထွန်ပစ်မင်း"ဟု ကင်ပွန်းတပ်ခံရသည်။ မြေးဘုရင်လက်ထက်တွင်မူ လယ်ထွန်မင်္ဂလာကို ပြည်သူများနှင့်အတူ ခမ်းနားစွာဆင်ယင်ကျင်းပခဲ့သဖြင့် "ထွန်ချစ်မင်း"ဟူ၍ ချစ်မြတ်နိုးစွာခေါ်ဝေါ်ခဲ့ကြသည်။ လုပ်ရပ်နှင့်ဖြစ်ရပ်များအပေါ် ဆင်ခြင်သင်ခန်းစာယူနိုင်သည်ဟု သုံးသပ်မိပါသည်။

လယ်ထွန်ပြီးလျှင် ပျိုးထောင်ရသည်။ ပျိုးနုတ်ရသည်။ ကောက်စိုက်ရသည်။ လယ်လုပ်ငန်းက များပြားလှသည်။ စပါးတစ်စေ့ရရန် အဆင့်ဆင့်ကြိုးပမ်းရသည်။ ခေတ်မီနည်းပညာများဖြင့် စိုက်ပျိုးပြီဖြစ်သော်လည်း မူလရိုးရာအဆင့်များကမူ ကျော်ဖြတ်နေရဆဲ။ လယ်လုပ်ငန်းတွင် ကောက်စိုက်ခြင်းက အရေးပါသည်။

**❖ ကဗျာကိုဖတ်လိုက်လျှင် မြန်မာလယ်သမား လူညိုထွားက အားအင်အပြည့်ဖြင့် လယ်ထွန်နေပုံ မြင်ကွင်းကပေါ်လာမည်။ ကြိမ်တံမြှောက်လျက် နွားငေါက်သံကိုလည်း ကြားရမည်။ ကြန်အင်လက္ခဏာပြည့်စုံသော နွားညီနောင်ကလည်း ယှဉ်တွဲလျက် လယ်ထွန်ယောက်ျားကို အပြည့်အဝကူညီပေးနေသည်။ တစ်ဖက်တွင်အစိမ်းနုရောင်ပျိုးခင်းများကိုလည်း တွေ့နိုင်သေးသည်။ ကောင်းကင်ကပျံဝဲလာသော ပိန်ညင်းငှက်များကလည်း လယ်ကွက်ထဲသို့ဆင်းပြီ။ ပိန်ညင်းငှက်နှင့်အတူ မိုးကရွာချပြီ။ ပိန်ညင်းငှက်၏ တေးသံနှင့်မိုးသံတို့မှာ ရောထွေးသွားရသည်။ ❖**

ကောက်စိုက်နည်းကလည်း အမျိုးမျိုးရှိသည်။ ဒေသအလိုက် ကွဲပြားနိုင်သေးသည်။ ကောက်စိုက်ရာတွင် သီဆိုကြသော တေးကဗျာများကို ကောက်စိုက်တေးဟုခေါ်သည်။ အထက်အညာ ရွှေဘို၊ မန္တလေး၊ စစ်ကိုင်း စသောဒေသများတွင် အများဆုံးသီဆိုခဲ့ကြကြောင်း မှတ်တမ်းများက ဆိုပါသည်။ ၁၉၆၆ ခုနှစ် ဒီဇင်ဘာလတွင် မန္တလေးမြို့ ရဲရင့်စာပေတိုက်မှထုတ်ဝေခဲ့သော ဆရာဦးသော်ဇင်ပြုစုသည့် "ကျေးလက်တောရွာတေးကဗျာ"စာအုပ်တွင် ကောက်စိုက်ချိန်ဟူသော အခန်းကဏ္ဍတစ်ရပ် ပါဝင်သည်။ ဆရာဦးသော်ဇင်က ထိုအခန်းအတွက် မိတ်ဆက်စာအလှကို "ချစ်စရာကောင်းသော၊ ပျော်စရာကောင်းသော၊ စင်ကြယ်သောလုပ်ငန်းတစ်ရပ်မှာ ကောက်စိုက်ခြင်းဖြစ်၏။ ရှုခင်းရှုကွက်မှာ ကဗျာကဲ့သို့လည်းကောင်း၊ ပန်းချီကဲ့သို့လည်းကောင်း လွန်စွာချစ်စရာကောင်း၏။ ကောက်စိုက်ခင်းတွင် စိုးရိမ်ပူဆွေးငိုကြွေးခြင်းတို့ အလျဉ်းမရှိချေ။ ပျော်စရာအတိပြီး၍ သန့်ရှင်းစင်ကြယ်၏။ ထိုလုပ်ငန်းမှာ လုံမတို့အတွက် သက်သက်ဖြစ်၏။ သူတို့ကောက်စိုက်ရင်းသီဆိုသော ကဗျာတေးတို့ကလည်း သူတို့လိုပင် ချစ်စရာကောင်း၏။ ပျော်စရာကောင်း၏။ စင်ကြယ်၏"ဟု ရေးဖွဲ့မိတ်ဆက်ခဲ့ပါသည်။ စင်ကြယ်ဆိုသောစကားလုံးကို သုံးနေရာတွင် အသုံးပြုထားသဖြင့် ကောက်စိုက်ခြင်းလုပ်ငန်းသည် ဖြူစင်ခြင်းအလုပ်အဖြစ် ပို၍ပေါ်လွင်စေသည်ဟု မြင်ပါသည်။

ကောက်စိုက်တေး များစွာရှိသည့်အနက်မှ တစ်ပုဒ်ကို ဖော်ပြလိုပါသည်။ ရွှေယုန်နက်ဟု အမည်ရပါသည်။

- ပျိုလေးတို့ငန်းဦး
  ယုန်ကူးလို့ပြေး၊
  ကြည့်လိုက်ကြပေ
  တောခြေမှာ ရွှေယုန်နက်ကယ်
  ထိပ်ကွက်နှင့်လေး ။ ။ ဟူ၍ဖြစ်ပါသည်။

ရှေးအခါက လယ်ကွင်းနှင့်တောအုပ်ငယ်များက တစ်စပ်တည်းတည်ရှိခဲ့ဖူးသည်။ ယခုအခါ လယ်မြေယာမြေချဲ့ထွင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ပြောင်းလဲခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်း စသောအကြောင်းများစွာကြောင့် လယ်အနီးရှိသစ်တောများလည်း ပြုန်းလာကြပြီ။ တောနေသတ္တဝါ ပုတတ်၊ ယုန်၊ ခါတို့လည်း ရှားပါးလာပြီဖြစ်သည်။ အထက်ပါကဗျာတွင် လယ်နှင့်နီးစပ်သူတို့အတွက် "ငန်း"ဆိုသောစကားလုံးကို နားလည်ပြီးဖြစ်သော်လည်း လယ်လုပ်ငန်းနှင့်စိမ်းသူတို့အတွက် မသိနိုင်ပေ။ မြန်မာအဘိဓာန်တွင် "ငန်း၊ န-ပိုင်းခြားခွဲဝေပြီးသော တာဝန်ကျရာလုပ်ခင်းလုပ်ကွက်"ဟု အဓိပ္ပာယ်ဖွင့်သည်။ "ငန်းဦး၊ န-ငန်းတာ၏ အဦးအစနေရာ"ဟုဖွင့်ပြန်ရာ ကောက်စိုက်သူလုံမလေးတို့ လုပ်ငန်းလုပ်ရာ၏ အစပိုင်းနေရာ လယ်ကန်သင်းပေါ်တွင် ပြေးလွှားသွားသော ယုန်တစ်ကောင်ကို ဖျတ်ခနဲမြင်လိုက်ရသည်။ စတင်မြင်သူက အဖော်များကိုကြည့်ကြရန် နှိုးဆော်သည်။ လယ်ကွင်းမှတောခြေသို့ ပြေးဝင်သွားသော ယုန်နက်၏ဦးခေါင်းထိပ်၌ အဖြူကွက်ငယ်ပါသည်။ ရွှေကို တန်ဖိုးထားသော မြန်မာတို့ပီပီ ရွှေယုန်နက်ဟူသောအသုံးကို အသုံးပြုသီဆိုထားသည်။

လယ်လုပ်သူ လုလင်ပျိုနှင့် လုံမပျိုတို့သည် လူငယ်သဘာဝ ချစ်ကြိုးသွယ်မိကြသည်လည်းရှိနိုင်သည်။ နေပူပူ လယ်ကွင်းထဲရှိ ရေထဲဆင်းကာ လုပ်ဆောင်ရသည်လည်းရှိသည်။ ထိုအခါ ပင်ပန်းရှာသော လုံမပျိုအတွက် လုလင်ပျိုက ချွေးသုတ်ရန် ခါးပုံစ(ပုဆိုး)ကို ဖြုတ်ပြီး ချွေးသုတ်ပေးသည်ကို မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းသူ၊ အရှက်ကြီးသူ လုံမပျိုက မသုတ်ပေ။ ထိုအချက်ကို ကောက်စိုက်တေးတစ်ပုဒ်တွင် တွေ့ရသည်။

- ခါးပုံကို မောင်ဖြုတ်လို့
  ချွေးသုတ်တော့ပေး။
  စီးပလေစီ မောင်မသုတ်နဲ့
  တုတ်တုတ်ကျချွေး။ ။ မောင်နှင့်မယ်၏ချစ်ခြင်းမေတ္တာကို ဖော်ပြသည်။

မြန်မာ့သမီးပျို၏ ဂုဏ်သိက္ခာထိန်းသိမ်းမှုကို ကြားရမြင်ရမည်။ လယ်လုပ်ငန်း၏ ပင်ပန်းမှုကို နားလည်စာနာလာနိုင်သည်။ လှပ၍ ရိုးသားယဉ်ကျေးဖွယ်ရာ ကောက်စိုက်တေးတစ်ပုဒ်ဟု ခံစားမိပါသည်။

"ဝိဇ္ဇာနှင့်လယ်ယာ"ဟူသောစကားပြေတစ်ပုဒ်မှ ကောင်းနိုးရာရာ ထုတ်နုတ်ပြလိုပါသေးသည်။ ရေးသားသူမှာ သခင်ဘသောင်းဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၈၀ ခန့်က ရေးသားခဲ့ကြောင်း မှတ်သားဖူးသည်။ ဝိဇ္ဇာဆိုသောအသုံးသည်ပင် ယခုခေတ်သိပ္ပံပညာကို ဆိုလိုသည်။ လယ်ယာလုပ်ငန်းဆိုင်ရာတွင် ထိုအခါက ခေတ်နောက်မကျစေရန် စေတနာထားလှုံ့ဆော်ခဲ့သော စေတနာအလှ ပါဝင်နေသည့် စာတစ်ပုဒ်ဖြစ်သည်။ ဆောင်းပါးအစတွင်-

"- ရှေးထုံးမပယ်နှင့်၊ ဈေးသုံးမကြွယ်နှင့်။
- ရှေးထုံးပယ်တော့ လွဲတတ်သည်၊ ဈေးသုံးကြွယ်တော့ မွဲတတ်သည်။

ထိုစကား အခါခပ်သိမ်းမမှန်ချေ။ ရှေးထုံးပယ်တိုင်းလည်း မလွဲ။ ဈေးသုံးကြွယ်တိုင်းလည်း မမွဲ။ ထို့ကြောင့် ရှေးထုံးကို ပယ်သင့်ကပယ်ရမည်။ ဈေးသုံးကို ကြွယ်သင့်က ကြွယ်ရမည်ဟူ၍ ပြင်အပ်၏။ ရှေးထုံးပယ်ကာမျှနှင့် မလွဲသောအရာများစွာရှိ၏" ဟူ၍ မြန်မာအယူအဆကို ရဲရဲကြီးဝေဖန်လိုက်ပါသည်။ ဆရာသခင်ဘသောင်းက မြန်မာ့လူဦးရေ ၁၀၀ လျှင် ၈၀ ခန့်က လယ်ယာစိုက်ပျိုးရေးနှင့်သက်ဆိုင်လျက်ရှိသဖြင့် တိုးတက်စေလိုသည်။ ထိုခေတ်ထိုအခါက တိုင်းရေးပြည်ရေးဆိုရာတွင် လယ်ယာကဏ္ဍကို ရှေ့တန်းတင်ရန် လိုအပ်ကြောင်း ထောက်ပြသည်။ သိပ္ပံနည်းကျ လယ်ယာလုပ်ငန်းကို ဆောင်ရွက်ရန် ဆရာက "ဝိဇ္ဇာပညာကို ထမ်းပိုးတပ်၍" ကြိုးစားရမည်ဟုတိုက်တွန်းသည်။ လယ်ယာအရေးကို ခရီးသွားလာရေးနှင့် နှိုင်းယှဉ်ရေးသားရာတွင် "ခရီးသွားလာရေးတွင် ဝိဇ္ဇာပညာကို ထမ်းပိုးတပ်ခြင်းအားဖြင့် ပကတိ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ ရွက်လှေ၊ တုန်ကင်းတို့ထက် အဆများစွာလျှင်မြန်သော ကုန်းကြောင်းခရီးတွင် မီးရထား၊ မော်တော်ကား၊ ရေကြောင်းခရီးတွင် ရေပေါ်သွားမီးသင်္ဘော၊ ရေအောက်ငုပ်သင်္ဘော၊ ကောင်းကင်ခရီးတွင် လေယာဉ်ပျံတို့ကို ငါတို့အလွယ်တကူသုံးစွဲနိုင်ကြပြီ။ ထိုစကားသည် မှန်၏။ ငြင်းဘွယ်မရှိ"ဟု ရေးသားခဲ့သည်။

လယ်ယာ၌ ရိုးရာနည်းဖြင့် နွားချေးချခြင်းကို ယခုတိုင် သုံးစွဲလျက်ရှိသေးသည်။ အထက်ပါဆောင်းပါးတွင် ဆရာသခင်ဘသောင်းက နွားချေးကို ဓာတ်ခွဲအသုံးပြုပုံ။ အပင်အတွက် လိုအပ်ဓာတ်များကို ယမ်းဓာတ်၊ အရိုးများတွင် ပါဝင်သော မီးစုန်းဓာတ်၊ ပြာဆားနှင့် ထုံးဓာတ်ဟုဖော်ပြသည်။ စပါးစိုက်ရန် အသင့်ဖော်စပ်ပြီး အသင့်ဝယ်သုံးနိုင်ပြီဟုလည်းဆိုပါသည်။ စပါးအထွက်တိုးရန် မြေဩဇာကျွေးခြင်းဆိုင်ရာ ငွေကြေးကုန်ကျမှုကိုလည်း တွက်ချက်ပြထားသေးသည်။ ဆရာ၏ ဆောင်းပါးအဆုံးသတ်တွင် "ထို့ကြောင့် ငါတို့တိုက်တွန်းလိုသည်မှာ ရှေးထုံးတွင် ပယ်သင့်သည့် နေရာတွင်ပယ်၍ ဝိဇ္ဇာပညာကိုထမ်းပိုးတပ်သောအားဖြင့် လယ်ယာစိုက်ပျိုးရေးတွင် ပစ္စုပ္ပန်ခေတ်ပေါ် ဓာတ်မြေဩဇာတို့ကို အသုံးပြုကြပါကုန်ဟူ၍ဖြစ်သည်။ ဓာတ်မြေဩဇာတို့နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ထပ်မံသိရှိလိုပါက ငါတို့ထံတွင် စုံစမ်းအပ်၏။"ဟု ရေးသားထားသည်။ ဆရာသခင်ဘသောင်းကို လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် တို့ဗမာအစည်းအရုံးကို စတင်တည်ထောင်သူဟု လူသိများသည်။ စာပေလက်ရာ အများအပြားကို ပြုစုခဲ့ရာတွင် ခေတ်ပေါ်ပြဇာတ်စာပေ၏အစအဦးဟုဆိုနိုင်သော "ဆရာဝန်ပါဘဲ"ဘာသာပြန်ပြဇာတ်ဖြင့် စာပေမျက်စိနားပွင့်စေခဲ့သည်။ အမျိုးဝတ္ထုဖြစ်သော "ပန်းသာမစာအုံ"ဝတ္ထုကလည်း မြန်မာဝတ္ထုအညွန့်တွင် အခိုင်အမာ နေရာရလျက်ရှိနေပါသည်။ လူသိနည်းသော လယ်ယာအရေးဆိုင်ရာ သခင်ဘသောင်း၏စိတ်စေတနာ တစ်စိတ်တစ်ဒေသကို ဖော်ပြလိုရင်းဖြစ်ပါသည်။

**ကိုးကား**

**၁။ ကျေးလက်တောရွာတေးကဗျာ(ဦးသော်ဇင်)**

**၂။ ပင်ရင်းစကားပြေလက်ရွေးစင်**

# မိုးရာသီနှင့် ဆေးဖက်ဝင်အပင်များ


ပေါက်ပေါက်

**ဆေးဖက်ဝင် ဂုံမင်းပင်**

တစ်နှစ်တစ်ကြိမ် မိုးရာသီရောက်မှသာ တွေ့ရသည့် ဂုံမင်းပင်ကို လူသိနည်းသည်။ သို့သော် ဂုံမင်းကို စားဖူးသူများက မိုးရာသီရောက်တိုင်း ဈေးထဲမှာ ဂုံမင်းကို ရှာကြသည်။ ချို၍ အနည်းငယ်ပူသော ဂုံမင်းသည် မဆိုသလောက် စူးရှရှရနံ့လေးရှိသည်။ ထိုရနံ့နှင့် အရသာပူပူက ဂုံမင်း၏ ဂုဏ်သတ္တိဖြစ်သောကြောင့် ဂုံမင်းကို နှစ်သက်နေကြခြင်းဖြစ်ရာ၊ မိုးရာသီရောက်တိုင်း ဂုံမင်းကို မျှော်ကြသည်။ ရုက္ခဗေဒအမည်အရ ဂုံမင်းကို **Amomun Corynostachyum** ဟု ခေါ်သည်။ **Zingiberaceae** မျိုးရင်းဖြစ်ပြီး ပဒဲကောကြီး၊ ပဒဲကောလေး၊ နနွင်း၊ ဖာလာ၊ ငွေပန်းပင်၊ ကွမ်းစားဂမုန်း၊ မိဿလင်၊ ချင်းတို့နှင့် မျိုးရင်းဆင်တူသည်။

ထမင်းမစားနိုင်သော သက်ကြီးရွယ်အိုများအတွက် ဂုံမင်း၏ အနံ့အရသာက နှုတ်မြိန်စေသည်။ ဂုံမင်းကို ဟင်းချက်စားလျှင် အပေါ်ယံအခွံတို့ကို အထပ်ထပ်ခွာပြီး အတွင်းထဲက ဝါးစားလို့ရနိုင်သည့် နုနုလေးကိုသာ ချက်ရမည်။ ဂုံမင်းကို ပြုတ်ကာ ငပိရည်အတို့အမြှုပ်အဖြစ် ချဉ်ပတ်စိမ်စား၍ လည်းကောင်း၊ ဟင်းရည်ချက်၍ လည်းကောင်း စားကြသည်။ ဂုံမင်းပင်အမြစ်ကိုပြုတ်ပြီး မျှစ်ကဲ့သို့ ထွင်၍ သား၊ ငါး၊ ပုစွန်တို့ဖြင့်လည်း ကြော်ချက်စားကြသည်။

ဂုံမင်းစားခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများစွာရရှိနိုင်သည်။ ကိုဗစ်-၁၉ ရောဂါကို ဖြစ်စေသည့် ကိုရိုနာဗိုင်းရပ်စ်က အဆုတ်ဆဲလ်တွေထဲရှိ DNA ကို ပြောင်းလဲဖျက်ဆီးပစ်သည်။ ဂုံမင်း၏ ဓာတ်က အသက်ရှုလမ်းကြောင်းတစ်လျှောက်နှင့် အဆုတ်ကို သန့်စေနိုင်စွမ်းရှိသည်။ ခံတွင်းပျက်၍ စားမကောင်း၊ သောက်မကောင်းဖြစ်ခြင်းအတွက် ဂုံမင်းပင်၏အမြစ်ကို ဆားနှင့်သွေးပြီး လျှာရင်းထိ နှိုက်၍ ပွတ်လိမ်းပေးခြင်းဖြင့် ခံတွင်းလိုက်လာပြီး ပြန်လည်၍ စားသောက်လာစေသည်။ ဂုံမင်းသီးကို သနပ်ခါးနှင့်ရောသွေး၍ လိမ်းပေးခြင်းဖြင့် မျက်နှာပေါ်က ဝက်ခြံများကို ပျောက်ကင်းစေသည်။ အရေပြား ပြုတ်ထခြင်းနှင့် အသားအရေကြမ်းခြင်းတို့အတွက်လည်း ဤနည်းအတိုင်း လိမ်းပေးခြင်းဖြင့် သက်သာပျောက်ကင်းစေသည်။ ဂုံမင်းသီးနှင့် တောင်နံကြီးကို သွေး၍ ရင်ဘတ်ကိုလိမ်းပေးပါက အဆုတ်ရောင်ရောဂါသက်သာစေသည်။ ဂုံမင်းပင်၏ အမြစ်ရင့်ရင့် ၂၅ ကျပ်သားကိုထောင်း၍ ဆန်ဆေးရည် တစ်ပိဿာဖြင့် အိုးသစ်တစ်လုံးတွင်စိမ်ပြီး ထန်းလျက် ၁၀ ကျပ်သားကို ထုခြေထည့်ပါ။ စမုန်မျိုးငါးပါးလေးပဲသားစီကို အဝတ်ဖြင့်ထုတ်၍ ၎င်းစိမ်ရည်အိုးထဲသို့ ထည့်ပါ။ ပြီးနောက် ၎င်းစိမ်ရည်အိုးကို လုံအောင်ပိတ်ပြီး မြေကြီးမှာ ကျင်းတူး၍ သုံးရက်မြှုပ်ထားပါ။ သုံးရက်ကျော်ရင် အိုးပြန်ဖော်ပါ။ ရရှိလာသောဆေးစိမ်ရည်ကို လက်ဖက်ရည်ကြမ်းပန်းကန်လုံးနှင့် တစ်ခါသောက်လျှင် တစ်လုံး၊ နံနက်အိပ်ယာထလျှင် တစ်ခါ၊ ညအိပ်ရာဝင်လျှင် တစ်ခါသောက်ပါ။ ထိုသို့ သောက်ပေးခြင်းဖြင့် မီးယပ်သွေးဆုံးရောဂါ၊ တုပ်ကွေးရောဂါ၊ ကိုယ်ဝန်ဆောင်များ ကိုယ်ဝန်ရှိစတွင် ခံစားရလေ့ရှိသော အော့အန်ခြင်း၊ တံတွေးတပျစ်ပျစ်ထွေးရခြင်းတို့ကို ပျောက်ကင်းစေနိုင်သည်။ ဝဲ၊ နှင်းခူ၊ ရေယုန်၊ ပွေး၊ ညှင်း၊ တင်းတိပ်များအတွက် ဂုံမင်းသီးနှင့် နန်းလုံးကြိုင်တို့ကို အလေးချိန်ဆတူရောစပ်၍ မီးကျွမ်းအောင်ဖုတ်ပြီး နှမ်းဆီစစ်စစ်ဖြင့် သမအောင်နယ်ပါ။ ရလာသောဆေးကို ကော်ဖီဇွန်း နှစ်ဇွန်းခန့် ဖျော်၍ အရေပြားပေါ် လိမ်းပေးခြင်းဖြင့် ဝေဒနာများ သက်သာပျောက်ကင်းစေနိုင်သည်။



ဆေးဖက်ဝင် ဖလံတောင်ဝှေးပင်ကို တွေ့ရစဉ်။

**ဆေးဖက်ဝင် ဖလံတောင်ဝှေးပင်**

ဖလံတောင်ဝှေးကို မြန်မာပြည်၏ အချို့ဒေသများတွင် ကလန်တောင်ဝှေးဟု ခေါ်ကြသည်။ **Costaceae** မျိုးရင်းဖြစ်ပြီး၊ ရုက္ခဗေဒအရ **Costusspeciosus Smith** ဟု ခေါ်သည်။ **Zingiberaceae** မျိုးနွယ်ဖြစ်ကာ၊ **Spiral** ချင်းအုပ်စုပင်ဖြစ်သည်။ **Spiral Ginger** ဟုလည်း ခေါ်သည်။ အရှေ့တောင်အာရှနိုင်ငံများ၏ မိုးရာသီတွင် များစွာဖြစ်ထွန်းပေါက်ရောက်သည်။ တရုတ်၊ သီရိလင်္ကာ၊ အိန္ဒိယ၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိဂျီကျွန်းစု၊ ဟာဝိုင်အီကျွန်းစုနှင့် နီကိုဘာကျွန်းစုတို့တွင် အနှံ့အပြားပေါက်ရောက်သည်။ ဂုဏ်သတ္တဝါတို့မှ စားသုံးသယ်ဆောင်ခြင်းကြောင့် ကမ္ဘာ့အပူပိုင်းဒေသအနှံ့အပြားတွင် ပေါက်ရောက်လာခြင်းဖြစ်သည်။

ယခုလို မိုးတွင်းကာလများတွင်သာ တွေ့ရသော ရာသီစာ ဖလံတောင်ဝှေးနုနုများကို ငရုတ်ကျည်ပွေ့နဲ့ထု၊ ဓားနှင့် သင့်ရုံပိုင်းဖြတ်ပြီး ကြက်သွန်ဖြူဆီသတ်ကာ ကြော်စားကြသည်။ ဖလံတောင်ဝှေးကို သန့်ချည်းသက်သက်ကြော်၍ လည်းကောင်း၊ ပုစွန်ထည့်၍ လည်းကောင်း၊ အချဉ်ကြိုက်တတ်သူများက ကင်ပွန်းချဉ်ရွက် လက်တစ်ဆုပ်ခန့်ရော၍ အရသာရှိရှိ ကြော်၍လည်းကောင်း စားကြသည်။

ဖလံတောင်ဝှေးတွင် **Antidiabetic** နှင့် **Antilipidemic** ဓာတ် ပြည့်ဝစွာ ပါဝင်သည့်အတွက် ဖလံတောင်ဝှေးဥကို အခြောက်ခံအမှုန့်ပြုလုပ်၍ နေ့စဉ်ပုံမှန်သောက်သုံးပါက ဆီးချိုရောဂါပျောက်ကင်းစေပြီး ခန္ဓာကိုယ်အတွင်းမှ မလိုလားအပ်သောအဆီများကိုလည်း ချေဖျက်နိုင်သည်။ မြန်မာ့ကျမ်းအဆိုအရ ပန်းနာရင်ကျပ်ရောဂါပျောက်ကင်းစေကြောင်း၊ ယားနာ၊ လည်ချောင်းနာနှင့် အူလမ်းကြောင်းအတွင်းမှ သံကောင်နှင့် တုတ်ကောင်များကို သေစေနိုင်ပြီး ကာမအားကို တိုးစေနိုင်သည်။ ဖလံတောင်ဝှေးသည် ပင်ကိုယ်သဘာဝက ဆေးစွမ်းထက်သဖြင့် နားပြည်ယိုခြင်းနှင့် နားကိုက်ခြင်းတို့အတွက် အသုံးဝင်သည်။ ဖလံတောင်ဝှေးအပင်၏ အပေါ်ယံအခွံကို ခွာပြီး ခပ်နွမ်းနွမ်းဖြစ်သွားအောင် မီးကင်၍ အအေးခံပြီး အရည်ညှစ်ယူထားပါ။ ရလာသော ထိုဖလံတောင်ဝှေးအရည်လေးစက်ခန့်ကို နားထဲသို့ တစ်နေ့ငါးကြိမ်ခန့် ထည့်ပေးခြင်းဖြင့် နားပြည်ယိုခြင်းနှင့် နားကိုက်ခြင်းတို့ကို သက်သာပျောက်ကင်းစေသည်။ ဖလံတောင်ဝှေးအမြစ်ကိုထောင်းထု၍ နှာစေး၊ ချောင်းဆိုး၊ အဖျား၊ အစာမကြေ၊ လေနာ၊ အရေပြားရောဂါ၊ မြွေကိုက်ခြင်းတို့အတွက် ဆေးမြီးတိုအဖြစ် ကုသပျောက်ကင်းလေ့ရှိကြသည်။ အမျိုးသမီးရောဂါများဖြစ်ကြသော သားအိမ်လျှော၊ သားအိမ်ကျ၊ သားအိမ်အောင့်ခြင်းနှင့် အမျိုးသားရောဂါများဖြစ်ကြသော အူကျရောဂါအတွက် ဖလံတောင်ဝှေးပင်ကို အခြောက်လှန်း၊ အမှုန့်ပြုလုပ်၍ အုန်းဆီနှင့် ရောဖျော်ပြီး စအိုနှင့် ဆီးစပ်ပေါ် လိမ်းထားခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။ ထို့ပြင် အမျိုးသမီးတွေမှာ အဖြစ်များသော ရင်သားအကျိတ်အတွက် ဖလံတောင်ဝှေးတစ်ပင်လုံးကိုထုခြေ၍ အကျိတ်ပေါ် အုံပေးပြီး အဝတ်စည်းပေးခြင်းဖြင့် အကျိတ်ကြေစေသည်။ အမျှင်ဓာတ်ကြွယ်ဝသော ဖလံတောင်ဝှေးကို မကြာခဏချက်စားပေးခြင်းဖြင့် ဝမ်းချုပ်ခြင်းကို မဖြစ်စေတော့ပေ။ အမျိုးသားများ ဒူလာရောဂါအတွက် လက်တစ်ဆုပ်စာပမာဏရှိသော ဖလံတောင်ဝှေးအပင်နှင့် အမြစ်တို့ကို သုံးခွက်တစ်ခွက်တင် ကျိုချက်သောက်၍ လည်းကောင်း၊ ဖလံတောင်ဝှေးအမြစ်ကို ချင်း၊ သကြားနှင့် ရောစပ်ကျိုချက်၍ လည်းကောင်း တစ်နေ့ နှစ်ကြိမ် သောက်ပေးသင့်သည်။ အထိုင်များ၍ ခါးနာတတ်သူများနှင့် ဆီးချိုရောဂါကြောင့် ကျောက်ကပ်ပျက်စီးသူများအတွက် ဖလံတောင်ဝှေး ပဥ္စငါးပါးတို့ကို ငရုတ်ကောင်းနှစ်စေ့ထည့်၍ ဆူပွက်နေအောင် ကျိုချက်ပြုတ်ကာ သောက်သုံးနိုင်သည်။ နာလန်ထစ လူနာများအတွက် ဖလံတောင်ဝှေးပင်ကို အခြောက်မှုန့်ပြု၍ ပျားရည်၊ ထောပတ်နှင့်တွေ့၍ ညအိပ်ရာဝင်ခါနီး လက်ဖက်ရည်ဇွန်းတစ်ဇွန်း မှန်မှန်စားသုံးပေးခြင်းခြင့် ရက်သတ္တပတ်အနည်းငယ်အတွင်းမှာပင် သိသိသာသာ ခွန်အားပြည့်လာစေသည်။ နို့တိုက်မိခင်များ နို့မထွက်ခြင်း၊ နို့ပူခြင်း၊ ယားယံခြင်း၊ နို့အနာပေါက်ခြင်း၊ နို့ချောင်းပိတ်ခြင်း၊ သကျည်းကိုက်ခြင်း စသည့် ပြဿနာများအတွက် ဖလံတောင်ဝှေးကို မကြာခဏ ဟင်းခါးချက်သောက်ပေးပါ။ နှမ်းဆီစစ်စစ်ဖြင့် ကြော်စားပေးခြင်းက ချောင်းဆိုးရောဂါနှင့် နှလုံးအားနည်း၍ နှလုံးတုန်ရောဂါတို့ကို သက်သာစေသည်။ ငါးခူနှင့် ရောချက်စားခြင်းဖြင့် ကာမအားကို တိုးပွားစေသည်။ ငါးသိုင်း သို့မဟုတ် ပုစွန်နှင့် ရောချက်စားပေးခြင်းက သွေးဝမ်းရောဂါပျောက်စေသည်။ အမဲသားနှင့်ချက်စားပါက ဆီးရွှင်၍ ကျောက်ကပ်ကို ကျန်းမာစေသည်။ ပုစွန်စုတ်ဖွား(ပုစွန်စိပ်)နှင့် ကြော်စားပါက လိပ်ခေါင်းသွေးကျခြင်းကို သက်သာစေသည်။ ကင်ပွန်းချဉ်ရွက်ဖြင့် ကြော်စားခြင်းဖြင့် ဆံပင်ဖြူခြင်းနှင့် သွေးဆုံးကိုင်ဝေဒနာကို သက်သာစေသည်။

**ဆေးဖက်ဝင် ကနဖော့ပင်**

ကနဖော့ပင်များသည် အလေ့ကျပေါက်ပင်များဖြစ်ကြပြီး အလွန်အေးသော အရပ်ဒေသများမှအပ မြန်မာနိုင်ငံအနှံ့အပြားရှိ ရေချိုပိုင်းရေစပ်ရွှံ့စပ်များ၊ ရေမြောင်းနှုတ်ခမ်းများပေါ်တွင် ပေါက်ရောက်လေ့ရှိသည်။

ကနဖော့ပင်သည် နေကြာမျိုးရင်းဝင်ဖြစ်ပြီး မျိုးရင်းအမည် **Compositae**၊ ရုက္ခဗေဒအမည် **Enhydra fluctuansLour** ဟု ခေါ်သည်။ ကန်စွန်းကဲ့သို့ အခေါင်းပါသော အရိုးပွပင်မျိုးဖြစ်သည်။ ရေအလွန်ကြိုက်သောအပင်မျိုးဖြစ် ၍ ကျွန်းများတွင် တစ်နှစ်ပတ်လုံးလိုလို များစွာပေါက်ရောက်ရှင်သန်ကြသည်။ ကနဖော့ပင်၏ ထူးခြားချက်မှာ ရေဝဝမသောက်ရ၍ ပင်စည်၊ အရိုးအကိုင်းများ လုံးဝခြောက်သွေ့နေစေကာမူ မိုးသည်းထန်စွာရွာသွန်း၍ ဖြစ်စေ၊ မြစ်ရေ၊ ချောင်းရေတက်လာ၍ ရေဝဝလင်လင်သောက်သုံးရပါက ခြောက်သွေ့နေသောပင်စည်များက အရွက်များထွက်ကာ ပြန်လည်စိမ်းလန်းစိုပြည်လာသည်။ ကြက်၊ ဘဲ၊ ဝက်တို့ လွန်စွာ ကြိုက်နှစ်သက်သော အပင်ဖြစ်သည်။

ကနဖော့ပင်ကို ရေစင်စင်ဆေး၊ ရေနွေးဖြော၍ ခပ်ပါးပါးလှီးပြီး ကြက်သွန်နီဆီချက်၊ နှမ်းလှော်၊ ပုစွန်ခြောက်၊ မန်ကျည်းသီးမှည့်၊ ငံပြာရည်တို့ဖြင့် သုပ်စားလေ့ရှိသည်။ ချဉ်ရည်ဟင်းအဖြစ်လည်း ချက်စားကြသည်။ ရောဂါရှိသူများအတွက် သာမက လူအတွက်လည်း ကျန်းမာစေသောဟင်းတစ်ခွက်ဖြစ်သည်။

ပဥ္စငါးပါးဆေးဖက်ဝင်ပြီး အများအားဖြင့် အရွက်ကို အသုံးပြုကြသည်။ မြန်မာ့ဆေးကျမ်းအရ ကနဖော့သည် ခါးသက်သက်အရသာ ရှိ၏။ မဆိုသလောက် ငန်၏။ အေးသောသတ္တိရှိ၏။ ကြေညက်သွားသောအခါ ဝိပါကတွင် စပ်၏။ အနည်းငယ် ဝမ်းသက်စေ၏။ သည်းခြေနှင့် သလိပ်တို့ကိုနိုင်၏။ ကနဖော့ရွက်ကိုကြိတ်ပြီး ခေါင်းမှာ အုံပေးခြင်းဖြင့် ဦးနှောက်ပူခြင်းကို အေးမြစေသည်။ ခေါင်းကိုက်ပျောက်စေသဖြင့် စာကျက်များ၍ ဦးနှောက်ပင်ပန်းသောအခါ ခေါင်းကိုက်ခြင်း၊ ခေါင်းခဲခြင်းကို သက်သာစေရန် ထိုနည်းအတိုင်း ကုသပေးသင့်သည်။ နူနာရောဂါ၊ အရေပြားနှင့် အကြောရောဂါများအတွက် ကနဖော့ရွက်ကိုကြိတ်၍ ဝေဒနာပေါ် အုံပေးနိုင်သည်။ ကနဖော့ရွက်အရည်ကို နွားနို့ သို့မဟုတ် ဆိတ်နို့ဖြင့် ရောစပ်သောက်ပေးပါက ဆီးပူညောင်းကျရောဂါပျောက်စေသည်။ ဖောရောင်ခြင်းအတွက် ကနဖော့ကို ပြုတ်ပြီးစားပါ သို့မဟုတ် ကနဖော့ပြုတ်ရည်နှင့် ချွေးအောင်းပါ။ ကျောက်ဖြူပေါက်သောရောဂါ၊ ကိုယ်အရေပြားရောဂါအမျိုးမျိုးတို့အတွက် ကနဖော့ပဥ္စငါးပါးရည်ကို တစ်ပဲသားခန့် သောက်ပါ။ ရိုးတွင်းခြင်ဆီခမ်းသူများအနေဖြင့် ကနဖော့ပဥ္စငါးပါးရည်ကို နည်းနည်းစီ နေ့စဉ် မှန်မှန်သောက်ပေးခြင်းဖြင့် ခြင်ဆီအားများ ပြန်လည်ပြည့်လာစေသည်။ ကနဖော့ရည်ကို ပျားရည်ဖြင့်ရောသောက်ပါက ကျောက်ရောဂါပျောက်ကင်းနိုင်သည်။ ကနဖော့တစ်ပင်လုံးကို အမြစ်ပါမကျန်နှုတ်ယူ၍ ရေစင်စင်ဆေးပြီးနောက် ဆန်ဆေးရည်ဖြင့်ပြုတ်ပါ။ ထို့နောက် မုန်ညင်းဆီနှင့် ဆားအနည်းငယ်ထည့်သောက်ပေးခြင်းဖြင့် အသည်းအားနည်းရောဂါပျောက်ကင်းစေသည်။

အချုပ်ဆိုသော် အထက်ဖော်ပြပါ ဆေးဖက်ဝင်အပင်လေးများက ဘေးထွက်ဆိုးကျိုးမရှိ ကောင်းကျိုးပြုသည်။ သို့ပါ၍ မိုးရာသီရောက်မှသာ တစ်နှစ်တစ်ခါတွေ့ရသည့် ဆေးဖက်ဝင်အပင်ကလေးများကို လက်လွှတ်မခံသင့်ပါကြောင်း ရေးသားအကြံပြုလိုက်ရပါသည်။

# တရုတ်နိုင်ငံ ဟူဘေးပြည်နယ်ရှိ ရေဘေးသင့်ဒေသများသို့ အစိုးရက ပံ့ပိုးပစ္စည်းများပေးပို့



**ပေကျင်း ဇွန် ၃၀**

တရုတ်နိုင်ငံ ဟူဘေးပြည်နယ်တွင် ဇွန် ၂၁ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး လူဦးရေ လေးသိန်းကျော် ရေဘေးသင့်ခဲ့သဖြင့် အရေးပေါ် စီမံခန့်ခွဲရေးဝန်ကြီးဌာနက ပံ့ပိုးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

တရုတ်နိုင်ငံအနေဖြင့် နိုင်ငံအတွင်း ရေလွှမ်းမိုးမှုထိန်းချုပ်ရေးနှင့် သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဟူဘေးပြည်နယ်ရေလွှမ်းမိုးမှုဖြစ်ပွားရာဒေသများသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၇ သန်းခန့်တန်ဖိုးရှိ ပံ့ပိုးပစ္စည်းများကို ပေးပို့ခဲ့ကြောင်း သိရသည်။

ရေဘေးကယ်ဆယ်ရေးပစ္စည်းများကို ပြည်နယ်ရေကြီးမှုထိန်းချုပ်ရေးနှင့် မိုးခေါင်ရေရှားကယ်ဆယ်ရေးဌာနချုပ်နှင့် အမျိုးသားစားနပ်ရိက္ခာနှင့်မဟာဗျူဟာ အရန်စီမံအုပ်ချုပ်ရေးအဖွဲ့တို့မှတစ်ဆင့် ပြည်သူများသို့ ပံ့ပိုးပေးသွားမည်ဖြစ်ပြီး အဆိုပါပံ့ပိုးပစ္စည်းများတွင် ပစ္စည်းထည့်အိတ်များ၊ ရော်ဘာလှေများ၊ ရေစုပ်စက်များနှင့် လျှပ်စစ်မီးစက်များ ပါဝင်ကြောင်း အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဟူဘေးပြည်နယ် ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့သောဒေသများတွင် အခြေအနေ ပြန်လည်တည်ငြိမ်လာခြင်းကြောင့် ပြည်နယ်ရေလွှမ်းမိုးမှုထိန်းချုပ်ရေးနှင့် မိုးခေါင်ရေရှားကယ်ဆယ်ရေးရုံးမှ အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်များကို ဇွန် ၂၈ ရက်တွင် အဆင့်လေးမှအဆင့်သုံးသို့ လျှော့ချခဲ့ပြီး ရေဘေးသင့်ပြည်သူများ ပံ့ပိုးရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

# Borneo Elephant ဆင်မျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မည့်အရေးဖြင့် ရင်ဆိုင်နေရ

**ဘန်း ဇွန် ၃၀**

အာရှတောင်ဘက်ပိုင်း ကျွန်းဆွယ်များတွင် ကျင်လည်ကျက်စားသည့် Borneo Elephant ဆင်မျိုးစိတ်များသည် လူသားတို့၏ လုပ်ဆောင်ချက်များကြောင့် မျိုးသုဉ်း ပျောက်ကွယ်မည့်အရေးဖြင့် ရင်ဆိုင်နေရကြောင်း ဆွစ်ဇာလန်နိုင်ငံအခြေစိုက် International Union for Conservation of Nature (IUCN)မှ သုတေသီများက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုမိုင်းတွင်းကဏ္ဍ၊ သစ်ထုတ်လုပ်ရေးကဏ္ဍများမှ လူသားတို့၏လုပ်ဆောင်ချက်များကြောင့် စားကျက်ရှားပါးလာပြီး ရှားပါးမျိုးစိတ်ဖြစ်သည့် Borneo Elephant ဆင်မျိုးစိတ်များသည် မျိုးသုဉ်းမည့်အရေးဖြင့် ရင်ဆိုင်နေရခြင်းလည်းဖြစ်ကြောင်း၊ လက်ရှိသုတေသီများ၏ စစ်တမ်းများအရ Borneo Elephant ဆင်မျိုးစိတ် အကောင်ရေ ၁၀၀၀ ခန့်သာကျန်ရှိတော့ပြီး မျိုးသုဉ်းမည့်အရေးမှ ကာကွယ်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားသင့်ကြောင်း သုတေသီများက သတိပေးခဲ့သည်။

"Borneo Elephant ဆင်မျိုးစိတ်တွေဟာ မူလကတည်းက အကောင်ရေနည်းပါးတဲ့ မျိုးစိတ်ဖြစ်ပါတယ်။ တကယ်လို့ မျိုးသုဉ်းမဲ့အရေးကိုကာကွယ်ပေးနိုင်မဲ့ အစီအစဉ်တွေ အချိန်မီမဆောင်ရွက်ပေးနိုင်ရင်တော့ မကြာခင်မှာ မျိုးသုဉ်းသွားနိုင်တယ်"ဟု IUCN မှ ပြောရေးဆိုခွင့်ရှိသူ ဟီလ်တန်တေလာက ပြောကြားခဲ့သည်။

တောရိုင်းတိရစ္ဆာန်များတွင် မျိုးသုဉ်းပျောက်ကွယ်မည့်အရေးဖြင့် ရင်ဆိုင်နေရသည့် မျိုးစိတ်ပေါင်းများစွာရှိနေပြီး Borneo Elephant ဆင်မျိုးစိတ်များအပါအဝင် တိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်မည့်အရေးမှ ကာကွယ်ပေးနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားသင့်ကြောင်း၊ တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းမည့်အရေးဖြင့် ရင်ဆိုင်နေရခြင်းသည် ရာသီဥတုဖောက်ပြန်မှုများကြောင့် စားကျက်များရှားပါးလာခြင်းကြောင့်လည်းကောင်း၊ ပူပြင်းခြောက်သွေ့သည့် ရာသီဥတုများကြောင့်လည်းကောင်း၊ တောမီးလောင်ကျွမ်းမှုများကြောင့်လည်းကောင်း သေဆုံးမှုနှုန်းမြင့်မားလာသလို မျိုးပွားမှုနှုန်းလျော့ကျလာခြင်း ဖြစ်ကြောင်း သိရသည်။



**Ref : Sputnik News**
**Trs : Sai Sat**

# ဂျာမနီ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအက်ဥပဒေပါအချက်တချို့ကို ပြင်ဆင်ပေးရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများက တရားစွဲဆိုရန်ပြင်ဆင်နေ

**ဘာလင် ဇွန် ၃၀**

ဂျာမနီနိုင်ငံက ပြင်ဆင်ထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအက်ဥပဒေပါ မူဝါဒအချက်သုံးချက်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များအတွက် ထိရောက်မှုမရှိသောကြောင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးသွားရန်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများအဖွဲ့ ငါးဖွဲ့က တရားစွဲဆိုသွားရန် ပြင်ဆင်နေကြောင်း BUND အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အစိုးရ၏မူဝါဒများကို BUND အဖွဲ့အစည်းနှင့် Deutsche Umwelthilfe (DUH) အဖွဲ့အစည်းတို့အပါအဝင် အဖွဲ့ငါးဖွဲ့က တရားရုံးချုပ်တွင် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအက်ဥပဒေများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသော်လည်း ဂျာမနီနိုင်ငံအနေဖြင့်ရည်မှန်းချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အခက်အခဲများရှိနေကြောင်း ဂျာမနီသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သုတေသီတချို့က ဝေဖန်ထောက်ပြထားသည်။

"နိုင်ငံရဲ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအက်ဥပဒေပါ မူဝါဒသုံးချက်ကို ပြင်ဆင်မှုတွေပြုလုပ်ထားတယ်။ ပြင်ဆင်မှုတွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ကိုက်ညီမှုမရှိပါဘူး။ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းဆိုတာ လူ့အခွင့်အရေးကိုကာကွယ်ပေးတဲ့ လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ ဒါပေမဲ့ အစိုးရအနေနဲ့ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းတွေကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်တာမရှိပါဘူး။ ဒါကို လူ့အခွင့်အရေးချိုးဖောက်တယ်လို့လဲ သတ်မှတ်နိုင်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေအတွက် ထိရောက်မှုမရှိတဲ့အက်ဥပဒေပါ မူဝါဒအချက်တချို့ကို ပြန်လည်ပြင်ဆင်ပေးဖို့လိုအပ်ပါတယ်။ အနာဂတ်မျိုးဆက်သစ်တွေအတွက် မဖြစ်မနေဆောင်ရွက်သွားသင့်တဲ့ ကိစ္စလဲဖြစ်ပါတယ်"ဟု BUND အဖွဲ့အစည်းမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာရှေ့နေ ရီဒါဗာဟီယန်က ပြောကြားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# နမီးဘီးယားနိုင်ငံ၌ ဆားငန်ရေမှ သောက်သုံးရေအဖြစ် ပြောင်းလဲပေးနိုင်ရန် ၂၀၂၅ ခုနှစ်တွင် စက်ရုံများတည်ဆောက်သွားမည်

**ဝင်းဟုတ် ဇွန် ၃၀**

နမီးဘီးယားနိုင်ငံတွင် မိုးခေါင်ရေရှားပါးမှုကြောင့် သောက်သုံးရေရှားပါးမှုဖြင့် ရင်ဆိုင်နေရသဖြင့် ပင်လယ်ရေများကို စုပ်ယူကာ သောက်သုံးရေဖြန့်ဝေပေးနိုင်ရေးအတွက် ဆားငန်ရေကို သောက်သုံးရေအဖြစ် ပြောင်းလဲပေးနိုင်ရေးစက်ရုံများ ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း နမီးဘီးယားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးခေါင်ရေရှားပါးမှုကြောင့် နမီးဘီးယားနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည်လည်း အခက်တွေ့နေပြီး နိုင်ငံ၏စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆားငန်ရေမှ သောက်သုံးရေအဖြစ် ပြောင်းလဲပေးနိုင်ရေးစက်ရုံကို အမြန်ဆုံး တည်ဆောက်သွားမည်ဖြစ်ကြောင်း နမီးဘီးယားနိုင်ငံ စိုက်ပျိုးရေးဝန်ကြီး ရှုလက်ဝိန်က ပြောကြားခဲ့သည်။

အဆိုပါစီမံကိန်းကို ဆောင်ရွက်ရန်အတွက် နမီးဘီးယားအာဏာပိုင်အဖွဲ့အစည်းက ၁၉၉၈ ခုနှစ်ကတည်းကဆောင်ရွက်ရန် ပြင်ဆင်ခဲ့ဖူးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိကြောင်း သိရသည်။

နမီးဘီးယားသည် ကမ္ဘာ့နိုင်ငံများအနက် ယူရေနီယံသတ္တုတတိယမြောက် အများဆုံး ထုတ်လုပ်နိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ဘဏ္ဍာရေးကဏ္ဍအတွက် ယူရေနီယံသတ္တုကို အားထားနိုင်သော်လည်း သောက်သုံးရေ မလုံလောက်သည့်ပြဿနာဖြင့်ရင်ဆိုင်နေရပြီး ယူရေနီယံသတ္တုတူးဖော်ရေးအတွက်လည်း သောက်သုံးရေလိုအပ်ချက် မြင့်မားလာကြောင်း၊ နမီးဘီးယားသည် သတ္တုမိုင်းတွင်း တူးဖော်ရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်နေသည့် နိုင်ငံဖြစ်သည့်အတွက်ကြောင့် ရေထုအရင်းအမြစ်ပျက်စီးယိုယွင်းလာခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ဇင်ဘာဘွေတွင် မိုးခေါင်ရေရှားမှု၏သက်ရောက်မှုကြောင့် စီးပွားရေး နှစ်ရာခိုင်နှုန်း ကျဆင်းနိုင်

**ဟာရာရီ ဇွန် ၃၀**

ဇင်ဘာဘွေနိုင်ငံတွင် အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပွားသော မိုးခေါင်ရေရှားမှု၏ သက်ရောက်မှုကြောင့် စီးပွားရေးတိုးတက်မှုရာခိုင်နှုန်းသည် ယခုနှစ်အတွင်း နှစ်ရာခိုင်နှုန်းထိ ကျဆင်းဖွယ်ရှိကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)က ထုတ်ပြန်ခဲ့သည်ဟု ဇွန် ၂၉ ရက် သတင်းများအရ သိရသည်။

ဇင်ဘာဘွေနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ပြီးခဲ့သည့်နှစ်က ၅ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ယခုနှစ်တွင်လည်း အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပွားသော မိုးခေါင်ရေရှားမှုကြောင့် နှစ်ရာခိုင်နှုန်း ဆက်လက်ကျဆင်းဖွယ်ရှိကြောင်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ခန့်မှန်းထားကြောင်း သိရသည်။

သို့သော် ဇင်ဘာဘွေအစိုးရ၏ ရာသီဥတုမြင့်တင်ရေး၊ စီးပွားရေးအုပ်ချုပ်မှုလုပ်ငန်းများ အားကောင်းစေရေးနှင့် အဂတိလိုက်စားမှုလျှော့ချရေးအစီအစဉ်များကြောင့် လာမည့် ၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးရေးကဏ္ဍ ပြန်လည်ထူထောင်ရေးနှင့် အရင်းအနှီးစီမံကိန်းများကို ပံ့ပိုးပေးနိုင်ပြီး တိုးတက်မှု ခြောက်ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိလာနိုင်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

ဇင်ဘာဘွေနိုင်ငံသည် မိုးခေါင်ရေရှားမှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက် စိုက်ပျိုးသီးနှံထုတ်လုပ်မှု ၇၇ ရာခိုင်နှုန်း ပြတ်တောက်ခဲ့ပြီး ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက် ပြည်ပမှ စပါးအမြောက်အမြား တင်သွင်းခဲ့ရာ သွင်းကုန်တန်ဖိုးမြင့်တက်မှုများ ကြုံတွေ့လျက်ရှိကြောင်း သိရသည်။

ဇင်ဘာဘွေနိုင်ငံ၏ ယခုနှစ်ဧပြီလတွင် စတင်အသုံးပြုခဲ့သော ငွေကြေးစနစ်အသစ်ကြောင့် ယခုနှစ် ပထမသုံးလပတ်တွင် စီးပွားရေးမတည်ငြိမ်မှုများကို ထိန်းချုပ်နိုင်ခဲ့ပြီး အဆိုပါအခြေအနေကို ဆက်လက်ထိန်းထားနိုင်ပါက လာမည့်နှစ်အတွင်း ငွေကြေးဖောင်းပွမှုကိုလည်း ခုနစ်ရာခိုင်နှုန်းထိ ထိန်းထားနိုင်မည်ဖြစ်ရာ စီးပွားရေးအရ တိုးတက်မှုများ ရှိလာနိုင်သော်လည်း ငွေကြေးနှင့် ဈေးနှုန်းတည်ငြိမ်မှုရှိစေရန် မူဝါဒဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ထပ်မံပြုလုပ်ရန် လိုအပ်ကြောင်း IMF က အကြံပြုထားသည်။

**Ref : Russia Today**
**Trs : AZH**

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

# 'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၃၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၀၄၇၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

The Best Quality Tyre

အရည်အသွေးမြင့်မား တာယာ မှာ

# TRISTAR







**TBB,TBR,PCR** တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၅၄

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ဝန်ထမ်းအလိုရှိသည်

**My Home ခြင်လုံလိုက်ကာဆိုင်**

*** စက်ချုပ်မော်တာကျွမ်းကျင် မ (၄)ဦး**

- နေ့ချင်းပြန် (သို့) နေ့စားငြိမ်း

*** အိမ်တွင်းတပ်ဆင် ကျား (၂) ဦး**

- နေ့ချင်းပြန်

လိပ်စာ- လမ်း 60 × 110 ထောင့်

ဖုန်းနံပါတ်- 09-973409212

## ပျောက်ဆုံးကြောင်း

လှိုင်ကော်မြို့၊ ရွှေတောင်ရပ်ကွက်နေ မောင်သာကျော်ဝင်း(ဘ) ဦးထွန်းကျော် (၂/လကန(နိုင်)၀၇၁၇၆၃)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၁၄၄၅၄

## မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်) ၂၀၂၅-၂၀၂၇ အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ရန်အတွက် အဆိုပြုလွှာများဖိတ်ခေါ်ခြင်း

၁။ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)၏ ၂၀၂၅-၂၀၂၇ ခုနှစ်အတွက် အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်၏ကြီးကြပ်မှုဖြင့် (၂၈-၇-၂၀၂၄)ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရွေးချယ်တင်မြှောက်ပွဲသို့ တက်ရောက်လာကြသည့် အသင်းဝင်များ၏ ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်) ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်လိုသော မန္တလေးတိုင်းဒေသကြီးအတွင်း နေထိုင်လျက်ရှိသည့် ဟိုတယ်ပိုင်ရှင် (သို့) စာဖြင့် တရားဝင်ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ အသင်းဝင်၊ အသင်းသားများသည် အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံနိုင်ရန် မိမိတို့ဆန္ဒအလျောက် အဆိုပြုလွှာများ တင်သွင်းနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

၃။ အလုပ်အမှုဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခံနိုင်ရန် သတ်မှတ်အရည်အချင်းများအား အဆိုပြုလွှာနှင့်အတူ ပူးတွဲထုတ်ပေးမည်ဖြစ်ပါသည်။

**အဆိုပြုလွှာထုတ်ယူ/ တင်သွင်းရမည့်နေရာ** - မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)
၃၆ လမ်း၊ ၇၇-၇၈ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း ၀၉-၄၂၂၈၅၄၁၅၊ ၀၉-၂၆၅၉၅၀၇၈၂

**အဆိုပြုလွှာတင်သွင်းရန်နောက်ဆုံးရက်** - ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၂၀)ရက်

**ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်**
**မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)**

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

အရက်သောက်ခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါ အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဆေးလိပ်သောက်ခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါ အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

❖ ခေါင်းဆောင်ဆိုသည်မှာ အကျင့်စာရိတ္တကောင်းရမည်၊ သမာသမတ်ရှိရမည်၊ လက်အောက်အပေါ် စိတ်ကောင်းစေတနာကောင်းရှိရမည့်အပြင် ကိုယ်ချင်းစာစိတ်နှင့် ကွပ်ကဲအုပ်ချုပ်သွားကြရမည်ဖြစ်...

❖ အကျင့်စာရိတ္တ ကောင်းမွန်မှသာ လုပ်ဆောင်ပြုမူ ပြောဆိုချက်များ အောင်မြင်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**


(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ရန်ကုန်မြို့မှ မုံရွာမြို့သို့ မောင်းနှင်ထွက်ခွာလာသည့် ခရီးသည်တင်ယာဉ်များကို ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာအနီး၌ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်၊ ခရီးသွားပြည်သူတစ်ဦး သေဆုံး၊ သံဃာတော်တစ်ပါးအပါအဝင် ၂၄ ဦး ထိခိုက်ဒဏ်ရာရရှိ

ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာအနီး PDF အမည်ခံအကြမ်းဖက်သမားများက ခရီးသည်တင်ယာဉ်များကို မိုင်းဆွဲ၊ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။




**နေပြည်တော် ဇွန် ၃၀**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့မှ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ မောင်းနှင်ထွက်ခွာလာသည့် ခရီးသည်တင်ယာဉ်များကို ယနေ့နံနက်ပိုင်းတွင် ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာအနီး၌ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် ခရီးသွားပြည်သူအချို့ သေဆုံးခဲ့ရပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မုံရွာ ပြေးဆွဲလျက်ရှိသည့် ရွှေစင်စကြာခရီးသည်တင်ယာဉ်၊ စိန်ဌေးလှိုင်ခရီးသည်တင်ယာဉ်၊ နယူးစွမ်းခရီးသည်တင်ယာဉ်၊ FAMOUS ခရီးသည်တင်ယာဉ်သုံးစီး၊ ရွှေမန္တလာခရီးသည်တင်ယာဉ်နှင့် ရွှေသလ္လာခရီးသည်တင်ယာဉ် စုစုပေါင်းခရီးသည်တင်ယာဉ် ရှစ်စီးတို့သည် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ကြပြီး ယနေ့နံနက် ၈ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာအနီးဖြတ်ကျော်စဉ် ကျေးရွာ၏အရှေ့ဘက်ထိပ်အရောက်၌ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းသိရသည်။ **စာမျက်နှာ ၂၄ ကော်လံ ၁☆**

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257